မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ နန်းတော်ပြတိုက်များကြည့်ရှုလေ့လာခဲ့

ရန်ကုန် မေ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့်ဇနီးဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မေ ၅ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိနန်းတော်ပြတိုက်များကိုကြည့်ရှုလေ့လာကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ❐

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စိန့်ပီတာစဘတ်မြို့၏ **Pushkinn City** ရှိ **Ekaterinsky Palace** ပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်း အညွှန်း

❐ **လွတ်လပ်ရေးဆိုတာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်မရှိဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါက မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဆုံးရှုံးသွားနိုင်ပြီး ဆုံးရှုံးသွားတဲ့လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ဆောင်ရွက်ရာမှာတော့ နှစ်ပေါင်း ၁၀၀ ကျော် အသက်သွေး ချွေး မြောက်မြားစွာ ပေးဆပ်ပြီးမှ ရရှိခဲ့တာဖြစ်ကြောင်း မြန်မာ့သမိုင်း သင်ခန်းစာကို ရှုမြင်ဆင်ခြင်ကာ ပြည်သူတစ်ရပ်လုံး အမျိုးသားရေးသတိရှိနေကြရမှာဖြစ်။**

သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)၌ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် (သတင်းအကျယ်-ကျောဖုံး၊ ၅၊ ၆၊ ၇၊ ၈၊ ၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်မြင့်မား

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရာတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို စွဲမြဲစွာ လိုက်နာကျင့်သုံးလျက်ရှိသည်။

မိတ်ဆွေနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးကိုလည်း အစဉ်အားထုတ်နေသည်။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစ၍ ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ခဲ့သည်။

မြန်မာ-ရုရှား နှစ်နိုင်ငံ အစိုးရအဖွဲ့များအကြား၌လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြား၌လည်းကောင်း၊ တပ်မတော်နှစ်ခုအကြား၌လည်းကောင်း တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် နှစ်နိုင်ငံဆက်ဆံရေး ကဏ္ဍသစ် ဖွင့်လှစ်သည့်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ဧပြီလ၂ရက်နေ့မှ ၇ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး General, Y.N.Baluevsky တို့သည် ဧပြီလ၄ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr.Lobko တို့သည် ဧပြီလ ၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ရုရှားနိုင်ငံသည် အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသတို့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိသည်။

နှစ်နိုင်ငံအနေဖြင့် ဒေသတွင်းအခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို လေ့လာသုံးသပ်ကြရာတွင် တူညီသော သဘောထားအမြင်များ ရှိခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရုံသာမက ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားပေးဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၌ ဆန်စပါးအပြင် စိုက်ပျိုးရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍနှင့် သဘာဝသယံဇာတပစ္စည်း တူးဖော်ထုတ်လုပ်ရေးကဏ္ဍများတွင် အခွင့်အလမ်းကောင်းများစွာ ရှိသည့်အတွက် ရုရှားစီးပွားရေးလုပ်ငန်းရှင်များအား လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်သည် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် မြင့်မားလာစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ခါသကြံန်အဆိုအကများ
၇း၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၅။ ခါသကြံန်အဆိုအကများ
၄း၂၅ ၆။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၅၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၁၀။ ခါသကြံန်အဆိုအကများ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသ သတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၂၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင် သိုင်းလုလင်"** (အပိုင်း-၃၀)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် မြရတနာမြို့သစ် အောင်စည်းခံ့ဘုရားလမ်း အမှတ် ၉၇၀ နေ ဦးသိန်းထွန်း-ဒေါ်စမ်းကြည် မိသားစုတို့က အထွေထွေပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်စဉ်။ (က-ပ)

တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း အခွန်လွတ်ဈေးများ တိုးချဲ့ဖွင့်လှစ်ရေး မြေနေရာများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းအတွင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ရောင်းချရန် လျာထားသတ်မှတ်ထားသည့် မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းနာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်းမကြီးနှင့် ညောင်းတုန်းလမ်းမကြီး လမ်းဆုံအနီးသို့ရောက်ရှိလာပြီး အဆိုပါလမ်းဆုံအနီး၌ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးဖွင့်လှစ်ရန် လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး ဖွင့်လှစ်ရန်လျာထားသည့် မြေနေရာများဖြစ်သော လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် ထီးလှိုင်ရှင် အိမ်ရာအနီးရှိမြေနေရာကို လည်းကောင်း **(အပေါ်ပုံ)** ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းဘေးမြေနေရာကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၈) ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ရာဇာဓိရာဇ်လမ်းထောင့်အနီးရှိ မြေနေရာကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ပြည်ထောင်စုလမ်းသွယ်ထောင့်ရှိ မြေနေရာကိုလည်းကောင်း၊ ရန်ကုန်တောင်ပိုင်း ခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဘောဂလမ်းနှင့် ဘောဂလမ်းသွယ်ထောင့်ရှိ မြေနေရာကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ Palovsky City ရှိ Palovsky Palace ပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

ကြိုဆို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် စိန့်ပီတာစဘတ်မြို့၏ Pushkinn City ရှိ Ekaterinsky Palace သို့ ရောက်ရှိကြရာ ပြတိုက်ညွှန်ကြားရေးမှူး Mr. Ivan Petrovich Sautov နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဇာဘုရင်၏ နန်းဆက်ဖြစ်သည့် ကက်သရင်းဘုရင်မ၏ ဆောင်းရာသီနန်းတော်ဖြစ်သော Ekaterinsky Palace ပြတိုက်ကို ကြည့်ရှုလေ့လာကြရာ ပြတိုက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြတိုက်၏ ကဏ္ဍအလိုက်ကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Palovsky City ရှိ Palovsky Palace သို့ ရောက်ရှိကြရာ ပြတိုက် ဒုတိယညွှန်ကြားရေးမှူး Mr. Rozov I.Victor နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဇာဘုရင်၏ နန်းမွေကိုဆက်ခံသည့် ပထမမြောက် ပါဗယ် (Pavel) ဘုရင်၏ နွေရာသီစံနန်းတော်ဖြစ်သော Palovsky Palace ပြတိုက်ကို ကြည့်ရှု လေ့လာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြတိုက်၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ခေတ္တတည်းခိုသည့် Hotel Astoria သို့ ပြန်လည်ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၄–၂၀၀၆
(တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၉:၃၅	တိုးတက်ဖွေ့ရာ ဇီဝလောင်စာ
၇:၀၅	ပန်းချီထဲမှ အလှတစ်ပါး ကျောက်စီပန်းချီကား	၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၁၅	ကျော်ကြားထင်ရှား အနုပညာ ပုလဲပန်းများ (စန္ဒရားချစ်ဆွေ)	၉:၅၀	ခါသကြိန်အဆိုအက
၇:၂၅	ခါသကြိန်အဆိုအက	၉:၅၅	ကာယဗလလေ့ကျင့်မှု အကျိုးနှင့်အခြေခံကာယဗလ လေ့ကျင့်နည်းများ
၈:၀၀	နိုင်ငံတကာသတင်းအကျဉ်း	၁၀:၁၅	ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံအဆင့်ဆင့်
၈:၀၅	သွေးတိုးရောဂါနှင့်တိုင်းရင်း ဆေးနည်းပညာ	၁၀:၂၅	ခါသကြိန်အဆိုအက
၈:၁၅	ခါသကြိန်အဆိုအက	၁၀:၃၀	ပြည်တွင်း သတင်းအကျဉ်း
၈:၂၀	မိုးလေဝသခန့်မှန်းချက်	၁၀:၄၀	ပြည်ပသို့ထွက်ခွာခွင့်ပုံစံ (ဃ) (D Form) အကြောင်း သိကောင်းစရာ
၈:၂၅	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနကျောက်ကျော၊ လိမ္မော်ပင်ပွားကျောက်ကျော)	၁၀:၅၀	ခါသကြိန်အဆိုအက
၈:၄၀	ခါသကြိန်အဆိုအက	၁၀:၅၅	Celebrity Profile (သန်းမြတ်စိုး)
၈:၄၅	ပြည်တွင်း သတင်းအကျဉ်း	၁၁:၃၅	စံပြမှုကြိုသင်ယူလေ့ကျင့်မှု အစီအစဉ်
၈:၅၅	**တို့ခြံထဲမှာ ခုတော့ဖြင့်ပျော်စရာ** (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို)	၁၁:၄၅	ခါသကြိန်အဆိုအက
၉:၃၀	ခါသကြိန်အဆိုအက	၁၁:၅၀	ထပ်ဆင့်အောင်ပွဲဧရာဝတီ တံတား(ဒေးဒရဲ)
		၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်း၊ ပြည်ပသတင်းဌာနများနှင့် စာနယ်ဇင်းများမှ သတင်းတာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အကြမ်းဖက်အဖျက်သမား (Terrorist) များ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပြီး နိုင်ငံတော်နှင့် ပြည်သူအပေါ် ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်များ ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်း ပြောကြားချက်ကို သီးခြား ဖော်ပြထားပါသည်။)

ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ပြည်တွင်း ပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့က လည်းကောင်း၊ သတင်းစာဆရာကြီးများကိုယ်တိုင်ကိုယ်ကျ မေးမြန်းသိရှိနိုင်ရန် သတင်းစာရှင်းလင်းပွဲသို့ ခေါ်ယူထားသည့် FTUB ပြည်သစ်ညွှန့်ဝေနှင့် NDD သိန်းဝင်းတို့၏ အမာခံအဖြစ် ဆက်သွယ်ဆောင်ရွက်ခဲ့ကြသော ဆရာရဲ (ခေါ်)ဦးသန်းဦး၊ ဒေါ်ခိုင်မာစိုး၊ ဦးခင်မောင်ဝင်း၊ ဦးအောင်သိန်းနှင့် ယူနွတ် (ခေါ်) အောင်ချိုဦးတို့ကလည်းကောင်း ပြန်လည် ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)ကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များသည် သတင်းစာရှင်းလင်းပွဲ၌ ပြသထားသော တောင်ငူမြို့တွင်း နှစ်နေရာ ဗုံးပေါက်ကွဲမှုအား လုပ်ဆောင်ခဲ့သူနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံများ၊ တောင်ငူမြို့တွင် ဖြစ်ပွားခဲ့သော ဗုံးနှစ်လုံး ပေါက်ကွဲမှုနှင့် ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံများ၊ ရန်ကုန်– မန္တလေး မီးရထားလမ်းတစ်လျှောက် မီးရထားစီး အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန်ရည်ရွယ်၍ မိုင်းထောင်မှုနှင့် ဖော်ထုတ်ရရှိမှုမှတ်တမ်းဓာတ်ပုံများ၊ လိပ်သိုတာဝါတိုင်နှင့် တောင်ငူဘူတာဗုံးပေါက်ကွဲမှုမှတ်တမ်းဓာတ်ပုံများ၊ ပဲနွယ်ကုန်းမြို့၊ ပဲခူးမြို့နှင့် ဖြူးမြို့တို့တွင် ဗုံးပေါက်ကွဲမှုနှင့် ဖော်ထုတ်ရရှိမှုမှတ်တမ်းဓာတ်ပုံများ၊ SSA နှင့် KNU တို့၏ ပြည်သူတို့အပေါ် အကြမ်းဖက်လုပ်ရပ်များ၊ NCUB၊ FTUB၊ NDD၊ NLD-LA အဖွဲ့တို့မှ ပြည်တွင်းဆူပူအုံကြွမှုဖြစ်စေရန် ဆက်သွယ်ကြိုးပမ်းဆောင်ရွက်မှုများ၊ NCUB၊ DAB၊ NDF၊ NLD-LA၊ MPU နှင့် ABSDF တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)

သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ သတင်းစာရှင်းလင်းပွဲ၌ ပြသထားသော တောင်ငူ၊ ပဲနွယ်ကုန်း၊ ပဲခူး၊ ဖြူးမြို့တို့တွင် ဗုံးပေါက်ကွဲမှုနှင့် ဖော်ထုတ်ရရှိမှုမှတ်တမ်းဓာတ်ပုံများ၊ SSA နှင့် KNU တို့၏ ပြည်သူတို့အပေါ် အကြမ်းဖက်လုပ်ရပ်များ၊NCUB၊ FTUB၊ NDD၊ NLD-LA အဖွဲ့တို့မှ ပြည်တွင်းဆူပူအုံကြွမှု ဖြစ်စေရန် ဆက်သွယ်ကြိုးပမ်းဆောင်ရွက်မှုများ၊ NCUB၊ DAB၊ NDF၊ NLD-LA၊ MPU နှင့် ABSDF တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

KNU ၏ အကြမ်းဖက်လုပ်ရပ်များ တိုးမြင့်လာသည့်အတွက် သတင်းစာရှင်းလင်းပွဲမှာ ပြည်သူများသိအောင်ရှင်းလင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ သဘောထားမပြောင်းလဲ၊ ငြိမ်းချမ်းရေးတံခါးဖွင့်ထားလျက်ရှိ ပြည်သူများအတွက် ကာကွယ်ပေးနိုင်ဖို့ ဆက်စပ်ပတ်သက်သည့်နေရာများမှာလုံခြုံရေးအစီအမံများပြုလုပ်ရ

NTV သတင်းဌာနမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။ (သတင်းစဉ်)

နီဟွန်ကေဇိုင်းရှင်ဘွန်း သတင်းစာမှ ဦးလှထွေး မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ဦးအုန်းမောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဂျီဂျီ သတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

အဆာဟိရှင်ဘွန်းမှ ဦးတင်မောင်အေး မေးမြန်းစဉ်။ (သတင်းစဉ်)

ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆန်ကေးရှင်ဘွန်းသတင်းစာမှ ဒေါက်တာဇော်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာတိုင်းမ် ဂျာနယ်မှ ဦးသက်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

မျိုးမြန်မာဂျာနယ်မှ ဒေါ်အိအိမြတ် မေးမြန်းစဉ်။ (သတင်းစဉ်)

မှုခင်းသတင်းဂျာနယ်မှ ဦးယဉ်ကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် မှ ဦးမြင့်သူရ မေးမြန်းစဉ်။ (သတင်းစဉ်)

မှုခင်းရှုထောင့် ဂျာနယ်မှ ဦးငြိမ်းသူ မေးမြန်းစဉ်။ (သတင်းစဉ်)

ယူမီယူရီရှင်ဘွန်း သတင်းစာမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာတိုင်းမ် ဂျာနယ်မှ ဒေါ်နွယ်နွယ်အေး မေးမြန်းစဉ်။ (သတင်းစဉ်)



ကြီးပွားရေး လမ်းညွှန်ဂျာနယ်မှ ဦးမျိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

Living Color မဂ္ဂဇင်းမှ ဦးမင်းဇင် မေးမြန်းစဉ်။ (သတင်းစဉ်)

ယူနွတ်(ခေါ်) အောင်ချိုဦး မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ဦးခင်မောင်ဝင်း မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ဆရာရဲ (ခေါ်) ဦးသန်းဦး မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ဦးအောင်သိန်း မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ဒေါ်ခိုင်မာစိုး မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀–၄–၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကျောင်းသာရေလှောင်တမံ
- ၈:၂၀ ၈။ ခါသကြီးန်အဆိုအကများ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၄၅ ၄။ ခါသကြီးန်အဆိုအကများ
- ၁၇:၀၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ မြန်မာ့ရိုးရာတောဝလေ့ကျေးလက်တေးသံများ
- ၁၇:၄၀ ၈။ **"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဇေဒါ (ဒါရိုက်တာ–သက်တင်)
- ၁၇:၄၅ ၉။ ခါသကြီးန်အဆိုအကများ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ "စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ပါ မြန်မာ့ရိုးရာမဟာသကြီန်မှာ"
- ၁၈:၅၅ ၁၃။ ခါသကြီးန်အဆိုအကများ
- ၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း–၃)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း–၅)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

Lisenced to Rape ဆိုတာကို လက်တွေ့ကျူးလွန်သူများက KNU၊ SSA-S နှင့် အပေါင်းပါ အကြမ်းဖက်အဖျက်သမားများသာဖြစ်

✳ ကျော်ဖုံးမှ

ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် ဂျာနယ်မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများခင်ဗျား–

ယနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ NCUB၊ NCGUB၊ KNU၊ FTUB၊ ABSDF၊ NLD(LA)၊ NDD၊ DPNS၊ SSA-S၊ VBSW စတဲ့ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအဖွဲ့တွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ဆုံးရှုံး ပျက်စီးအောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေကို လက်ရဲဇက်ရဲ ကျူးလွန်နေခြင်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အလုပ်သမားရေးရာကို ဗန်းပြခုတုံးလုပ်ပြီး အဲဒီအကြမ်းဖက်အဖျက်လုပ်ရပ်တွေကို နောက်ကွယ်က ကြိုးကိုင်စီစဉ်နေတဲ့ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (Federation of Trade Union of Burma) FTUB ရဲ့ အတွင်းရေးမှူး မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေနဲ့ အပေါင်းပါတွေကို ILO စင်မြင့်မှာ ပွဲထုတ်ပြီး နိုင်ငံရေးအရ တိုက်ကွက်ဆင်နေပုံတွေကိုပါ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

ကြိုးကိုင်စေခိုင်း

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း ယခင်ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ ကျွန်တော့်အနေနဲ့ ပြည်ပဆရာကြီးများနဲ့ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမား (Terrorist) များက နိုင်ငံတော်အား သုံးဖက်သုံးတန်ညှပ်တိုက်ရန် စီမံစိုင်းပြင်းနေပုံများ၊ နိုင်ငံတော်က ၎င်းတို့ရဲ့ မြေပေါ်တိုက်ခိုက်ရေး အကြံအစည်ကို အချိန်မီဖော်ထုတ်တားဆီး ကာကွယ်နိုင်ခဲ့တဲ့အတွက် ပြည်ပြေးတိုက်ခိုက်ရေးအစီအမံနဲ့ မြေအောက်တိုက်ခိုက်ရေးအစီအမံများကို အချိန်ကိုက်လုပ်ဆောင်လာပုံများ၊ ထိုလုပ်ရပ်များကို တစ်နိုင်ငံလုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချ ကန့်ကွက်နေတာကြောင့် အကြမ်းဖက်အဖျက်သမားအဖွဲ့တွေ ကြိတ်မနိုင်ခဲမရဖြစ်ကာ မြေအောက်တိုက်ခိုက်ရေးအစီအမံအရ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်လာပုံများ၊ ၇–၅–၂၀၀၅ ရက်နေ့က ရန်ကုန်မြို့မှာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှုကို NCGUB စိန်ဝင်းနှင့် FTUB ပြည်သစ်ညွန့်ဝေတို့က ပြည်ပငွေကြေးအထောက်အပံ့များဖြင့် ABSDF၊ NLD(LA)၊ NDD၊ VBSW အကြမ်းဖက်အဖွဲ့တွေကို ကြိုးကိုင်စေခိုင်းခဲ့ပုံများကို လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားများနဲ့တကွ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီတိုင်းဆူပြည်ဖျက်လုပ်ရပ်တွေနဲ့ နိုင်ငံနဲ့ပြည်သူကို ခေတ်သစ်ကိုလိုနီနယ်ချဲ့လက်ထဲ ဝကွက်အပ်ဖို့ ကြိုးပမ်းနေတဲ့ အဲဒီအကြမ်းဖက်အဖျက်သမားတွေဟာ အခု ၂၀၀၆ခုနှစ် နှစ်ဦးပိုင်းကစပြီး အများပြည်သူများရောင်းဝယ်ဖောက်ကားကူးသန်းသွားလာတဲ့ လူစည်ကားရာနေရာတွေ၊ စာသင်ကျောင်းနေရာ အနီးတွေမှာ ရက်ရက်စက်စက် ဖောက်ခွဲဖျက်ဆီးဖို့ ကြံစည်လုပ်ဆောင်နေတဲ့သတင်းတွေကို စုံစမ်းရရှိခဲ့လို့ ကြိုတင်ကာကွယ်ဖော်ထုတ်တားဆီးမှုတွေ စီမံဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို ကြိုတင်ကာကွယ် တားဆီးနိုင်ခဲ့တာတွေရှိသလို အချို့သော ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ်တွေလဲ ဖြစ်ပွားခဲ့ပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲ့ဒီဖြစ်စဉ်ဖြစ်ရပ်တွေကို ဆက်စပ်ဖော်ပြရမယ်ဆိုရင် ၂၀၀၅ခုနှစ် ဒီဇင်ဘာလအတွင်း ရရှိခဲ့တဲ့ သတင်းအရ အမေရိကန်နိုင်ငံရှိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရလို့ခေါ်တဲ့ NCGUB မှ ပြည်ပြေးစိန်ဝင်း၊ ပြည်ပြေးပုဆိန်ရိုး အောင်လင်းထွဋ်နဲ့ ဩစတြေးလျနိုင်ငံရောက် ABSDF စစ်ရေးအကြံပေးအရာရှိ အေးမြင့်တို့ဟာ ၎င်းတို့ကြိုးကိုင်ထားတဲ့ ဖောက်ခွဲရေးအဖွဲ့တွေကို အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်း၊ ပြည်တွင်းရှိ လေယာဉ်ကွင်းများနဲ့ လေယာဉ်များ၊ ရန်ကုန်မြို့နဲ့ ပျဉ်းမနားမြို့တို့မှာ ဖောက်ခွဲမှုတွေပြုလုပ်ဖို့ ညွှန်ကြားထားကြောင်း၊ ဖောက်ခွဲရေးသမားတွေဟာ ပြည်တွင်းသို့ အသွင်အမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိကြောင်း၊ လုပ်ငန်းအောင်မြင်ပါက ဆုကြေးများစွာပေးမည့်အပြင် ဖောက်ခွဲရေးသမားများ၏ မိသားစုကိုပါ အပြည့်အဝထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်း မအောင်မြင်ဘဲ ပြည်ပသို့ပြန်ထွက်လာပါက အသတ်ခံရမည်ဖြစ်ပြီး ၎င်းတို့၏မိသားစုကိုပါ ချုပ်ကိုင်ထားကြောင်း၊ လုံခြုံရေးတင်းကျပ်မှုကြောင့် သတ်မှတ်နေရာများ၌ ဖောက်ခွဲ၍မရပါက စာသင်ကျောင်းများ၊ လူစည်ကားရာနေရာများ၌ ဖောက်ခွဲရန်ညွှန်ကြားထားကြောင်း သိရှိရပါတယ်။

ထပ်မံရရှိတဲ့ သတင်းတွေအရ NCGUB မှ ပြည်ပြေးစိန်ဝင်း ဦးဆောင်ပြီး အကြမ်းဖက်အဖျက်သမားအဖွဲ့တွေပူးပေါင်းကာ နိုင်ငံတော်အစိုးရအား မီဒီယာနည်းလမ်းများဖြင့် လုပ်ကြံထိုးနှက်ဖို့ ကြံစည်နေကြောင်း၊ ရန်ကုန်–မန္တလေးနှင့် ပျဉ်းမနားမြို့တွေမှာ ပြည်သူများထိတ်လန့်ချောက်ချားစေရန်နှင့် အစိုးရအပေါ် ယုံကြည်မှုအားနည်းလာစေရန် ဖောက်ခွဲမှုများကို နယ်မြေကျွမ်းသည့် ABSDF၊ ဖောက်ခွဲမှုကျွမ်းသည့် KNU တို့နှင့် ပူးပေါင်းလုပ်ဆောင်သွားရန် အစီအစဉ်များချမှတ်ထားကြောင်း သတင်းရရှိခဲ့ပါတယ်။

တိုးမြှင့်လုပ်ဆောင်

တစ်ဆက်တည်းမှာပဲ KNU တပ်မဟာ(၃)မှ သဲဖိုး၊ တပ်မဟာ(၄)မှ မိုက်ကယ်၊ ABSDF တွဲဖက်အတွင်းရေးမှူး ဆန်နီ၊ ဗဟိုကော်မတီဝင် စိုးထွဋ်၊ မောင်မောင်တိတ်တို့ အစည်းအဝေးပြုလုပ်ပြီး KNU နဲ့ ABSDF ပူးပေါင်းကာ ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ဖို့ ဆွေးနွေးခဲ့ကြကြောင်း၊ ABSDF ဖောက်ခွဲရေးသမား အောင်ကိုနိုင်ဟာ ၃၀–၅–၂၀၀၅ ရက်နေ့မှာ ပြည်တွင်းသို့ ဝင်ရောက်လှုပ်ရှားခဲ့ပြီး ၆–၁–၂၀၀၆ ရက်နေ့မှာ နယ်စပ်ရှိ ဝါလေးခီးစခန်းသို့ ပြန်ရောက်လာကြောင်း၊ ပြည်တွင်းမှာ ဖောက်ခွဲရေးလုပ်ရန်အတွက် အောင်ကိုနိုင်က လူရွေးပြီး ဖေဖော်ဝါရီလ ပထမပတ်အတွင်း စေလွှတ်သွားမှာ ဖြစ်ကြောင်း သတင်းရရှိခဲ့ပါတယ်။

ဆက်စပ်ရရှိတဲ့ သတင်းကတော့ KNU ဗဟိုကော်မတီရဲ့ ဆုံးဖြတ်ချက်အရ KNU တပ်မဟာ(၃)၊ (၄)နဲ့ (၇)တို့ဟာ ၂၀၀၆ ခုနှစ်မှာ စစ်ရေးနဲ့ ဖောက်ခွဲဖျက်ဆီးရေးကို အဓိကလုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ ရန်ကုန်–ပဲခူးစတဲ့ မြို့ကြီးများမှာ ဖောက်ခွဲရန်အတွက် ABSDF၊ NLD(LA)၊ DPNS တို့နှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

လက်နက်ပြခြိမ်းခြောက်

၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ ပဲခွယ်ကုန်းဈေးအတွင်း ဗုံးဖောက်ခွဲမှုကို ကြည့်ရင် KNU တပ်မဟာ(၃)နဲ့ ABSDF အဖွဲ့ရဲ့ စေခိုင်းချက်အရ KNU အဖွဲ့ဝင်သုံးဦးက ဖောက်ခွဲခဲ့တာဖြစ်ကြောင်းကို ၎င်းဖောက်ခွဲမှုမှာ ပါဝင်လို့ အဖမ်းခံရတဲ့ ကျောက်ကြီးမြို့နယ်၊ ကွဲခြံရွာဇာတိ KNU တပ်သား စောတင်ဝင်း(ခေါ်) ဝါးလေး(၃၆)နှစ်က ဝန်ခံထွက်ဆိုထားပါတယ်။ စောတင်ဝင်းနဲ့တကွ ပတ်သက်နေသူတွေရဲ့ ထွက်ချက်အရ ၂၀၀၃ ခုနှစ် မတ်လ ၂၉ရက်က တောကျွဲအင်းအနောက်ဘက် လျှပ်စစ်ဓာတ်အားတာဝါတိုင် ဗုံးခွဲမှုနဲ့ ၂၀၀၃ ခုနှစ် မေလ ၁၅ ရက်နေ့ ဖြူးမြို့ ရုပ်ရှင်ရုံဗုံးခွဲမှုတွေဟာ KNU နဲ့ အပေါင်းပါ အဖျက်သမားတွေရဲ့ လက်ချက်ဖြစ်ကြောင်း သိခဲ့ရပါတယ်။ ဒါ့အပြင် KNU စောတင်ဝင်း(ခေါ်)ဝါးလေးဟာ လက်နက်ပြခြိမ်းခြောက်ကာ မိန်းမလိုက်စားပြီး ကျေးရွာအချို့မှ အမျိုးသမီးငယ်များအား မတရားပြုကျင့်သူဖြစ်ကြောင်းကိုလည်း ကာယကံရှင်တွေက ဖွင့်ဟပြောကြား ထွက်ဆိုခဲ့ကြပါတယ်။

အကြောင်းမဲ့ပစ်ခတ်

ဒီလိုမိန်းမပျိုလေးတွေကို မတော်မတရားပြုကျင့်တဲ့ အခြားသာဓကတွေလည်း အမြောက်အမြားရှိနေပါတယ်။ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)မှာ SSA-S ရွက်ဆစ်အဖွဲ့က နမ့်စန်မြို့နယ် မီးသွေးကုန်းကျေးရွာကို မီးတင်ရှို့ပြီး ကလေးလူကြီး ၁၃ ယောက်ကို ပစ်ခတ်သတ်ဖြတ်ရုံမက ကျေးရွာသူအမျိုးသမီးများကို အဓမ္မပြုကျင့်ခဲ့ကြောင်း၊ အလားတူ ကွန်ဟိန်း–ကျိုင်းတုံကားလမ်းမှာ ခရီးသည်တင်ယာဉ် ၃၀ ကို တားဆီး ဆက်ကြေးကောက်ပြီး ခရီးသည်အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့ရုံမက အကြောင်းမဲ့ပစ်ခတ်လို့ ခရီးသည် ၂၅ဦးသေဆုံးခဲ့ရကြောင်း ဖြစ်ရပ်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲ့ဒီသတင်းစာရှင်းလင်းပွဲမှာပဲ သတင်းစာဆရာကြီးများရဲ့ မေးမြန်းချက်ကို SSA-S တပ်မဟာ (၂၄၁)မှ အလင်းဝင်တပ်ကြပ်ကြီး စိုင်းထွန်းကျော်က ဖြေကြားသွားရာမှာ ရွက်ဆစ်မှာ တရားဝင်မိန်းမနှစ်ယောက်ရှိပြီး တရားမဝင်တဲ့ မိန်းမတွေလည်းရှိကြောင်း၊ ရွက်ဆစ်ဟာ မိန်းမလိုက်စားသူဖြစ်ပြီး အခြားမိန်းမပျိုတွေကိုလည်း ငွေနဲ့ပေါက်ကာ ဖျက်ဆီးနေကြောင်း၊ SSA-S (၇၅၈) တပ်မဟာမှူး မိန်စစ်က မိန်းမအယောက် ၄၀ ယူထားပြီး (၇၅၆)တပ်မဟာမှူး ခွတ်လောင်က မိန်းမအယောက် ၂၀ ခန့် ယူထားတယ်လို့ ထုတ်ဖော်ပြောကြားသွားတာကို အားလုံးကြားသိခဲ့ကြပြီးဖြစ်ပါတယ်။

ပေါ်လွင်ထင်ရှား

ဒါကြောင့် ပြည်ပဆရာကြီးတွေ၊ ၎င်းတို့ရဲ့ လက်ဝေခံတပည့်၊ ပြည်ပြေးတွေ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူတွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့



သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)တွင် ပြသထားသည့် SSA နှင့် KNU တို့၏ ပြည်သူတို့အပေါ် အကြမ်းဖက်လုပ်ရပ် မှတ်တမ်းဓာတ်ပုံများ။ (သတင်းစဉ်)

၂၄–၁၂–၂၀၀၄ ရက်နေ့က ဘားအံမြို့တွင် ဗုံးခွဲမှုဖြစ်ပွားခဲ့သော မျောက်မင်းအားကစားပစ္စည်းဆိုင်၏ အပြင်ဘက်အား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နဲ့ ပြည်သူအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို အကြိမ်ကြိမ်အထပ်ထပ် ကျူးလွန်လုပ်ဆောင်နေသူတွေဟာ ပြည်ပြေးအုပ်စုတွေနဲ့ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအဖွဲ့တွေဖြစ်ကြောင်း အထင်အရှားတွေ့ရှိနိုင်။

စာမျက်နှာ ၅ မှ

တပ်မတော်အပေါ် မီဒီယာတိုက်ကွက်တစ်ခုအဖြစ် လက်ညှိုးထိုးစွပ်စွဲနေတဲ့ Lisenced to Rape ဆိုတာကို အမှန်တကယ် လက်တွေ့ကျူးလွန်နေသူတွေဟာ KNU၊ SSA-S နဲ့ အပေါင်းပါအကြမ်းဖက် အဖျက်သမားတွေသာ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါတယ်။

အဲ့ဒီလုပ်ရပ်တွေနဲ့ အလားတူပဲ ယခုတလော ၎င်းတို့ကျူးလွန်နေတဲ့ အကြမ်းဖက်မှုတွေကတော့ ၃-၁-၂၀၀၆ ရက်နေ့ ည၇နာရီခန့်မှာ ပဲခူးမြို့ အထက(၁)ကျောင်းဝင်းတံခါး ဘယ်ဘက် ပေ ၅၀ခန့်အကွာ ရွှေမော်ဓောဘုရားကားလမ်းဘေးမှာ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ည ၈နာရီသာသာမှာ ရွှေမော်ဓောဘုရားလမ်း အထက(၁)ကျောင်းအုပ်ဆရာမကြီးရဲ့ နေအိမ်ရှေ့ ပလက်ဖောင်းနဲ့ ကပ်လျက်နေရာမှာ ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ပါတယ်။ ဒုတိယပေါက်ကွဲမှုဖြစ်တဲ့နေရာရဲ့ ဘယ်ဘက် ပေ ၂၀ခန့်အကွာ ပလက်ဖောင်းရေထွက်ပေါက်အတွင်းမှာလည်း ပဲရစ်ဆပ်ပြာအခွံနဲ့ထုပ်ထားတဲ့ ပဲရစ်ဆပ်ပြာခဲအရွယ် ယမ်းထုပ်တစ်ထုပ်ကို ဒီတိုနေတာဖြူးစ်တစ်ချောင်းနဲ့အတူ ရှာဖွေတွေ့ရှိခဲ့ပါတယ်။

၁၂-၁-၂၀၀၆ရက်နေ့ နံနက်၄နာရီခန့်မှာ မဟာဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အားတာဝါတိုင် အမှတ်(၂၅၄)ကို KNU သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့လို့ တာဝါတိုင်အောက်ခြေလေးဖက်စလုံး ပြုတ်ထွက်သွားပြီး တာဝါတိုင် ဒေါင်လိုက်ပြုတ်ကျခဲ့ပါတယ်။ ၁၄-၁-၂၀၀၆ ရက်နေ့မှာ အဲ့ဒီဓာတ်အားလိုင်းတာဝါတိုင်ကို ပြုပြင်ပြီးလို့ အလုပ်သမားတွေအပြန် စီးလာတဲ့ တီအီးယာဉ်ကို လိပ်သို-ယာဒိုလမ်းမှာ KNU သောင်းကျန်းသူတွေက မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

ထပ်မံသိမ်းဆည်းရမိ

၁၅-၁-၂၀၀၆ရက်နေ့ နံနက်၄နာရီခွဲမှာတော့ တောင်ငူဘူတာ မြောက်ဘက် ကိုက် ၂၀၀ခန့် အကွာ မီးရထားသံလမ်းအောက်မှာ မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့လို့ သံလမ်းအောက်ပိုင်း သံပြား ၁၁လက်မခန့် ပဲ့ထွက်ပြီး တစ်ပေခွဲ

ဆင်းပွဲသို့ FTUB မှ ပြည်သစ်ညွန့်ဝေနှင့်အဖွဲ့၊ ABSDF ဥက္ကဋ္ဌ သံခဲနှင့်အဖွဲ့၊ NLD(LA) မှ သန်းအေးနှင့်အဖွဲ့၊ DPNS မှ ခင်မောင်တင့်နှင့်အဖွဲ့၊ NDD မှ သိန်းဝင်းနှင့်အဖွဲ့၊ Burma Woman Organization (BWO) မှ မိဆူးပွင့်နှင့်အဖွဲ့၊ KNU မှ နိုင်ငံခြားရေးတာဝန်ခံ ဖဒိုဒေးဗစ်ထောနှင့်အဖွဲ့၊ အမေရိကန်နှင့် သြစတြေးလျ NGO အဖွဲ့မှ ကိုးဦး၊ VBSW မှ ခုနစ်ဦး ပေါင်း ၁၅၁ ဦးခန့် တက်ရောက်ခဲ့ကြောင်း၊ သင်တန်းသားများမှာ ABSDF၊ DPNS၊ NDD၊ KNU၊ NLD(LA) အဖွဲ့တို့မှ တပ်စုမှူးအဆင့်ရှိသူ စုစုပေါင်း၃၈ဦးဖြစ်ပြီး သင်တန်းနည်းပြများမှာ ABSDF ဥက္ကဋ္ဌသံခဲ၊ မျိုးဝင်း၊ လွမ်းထီး၊ ဇော်မင်း၊ NDD မှ ဌေးအောင်၊ မောင်မောင်ကြီး၊ သိန်းဝင်း၊ NLD(LA) မှ သန်းအေးတို့ဖြစ်ပြီး သင်တန်းကို ဇန်နဝါရီလ၂ရက်မှ ၁၁ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

ရောင်ပြန်စစ်ဆင်ရေး

ဒီလိုပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေကို တစိုက်မတ်မတ်ကြံစည် အားထုတ်လုပ်ဆောင်နေတဲ့ KNU၊ ABSDF၊ NLD(LA) နဲ့ DPNS စတဲ့အဖွဲ့တွေဟာ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှာ တစ်ဖက်နိုင်ငံ ချင်းမိုင်ခရိုင်မြောက်ပိုင်းမှာ SSA-S အဖွဲ့နဲ့တွေ့ဆုံပြီး မော်လမြိုင်၊ ဘားအံ၊ မုဒုံမြို့တွေမှာ ဖောက်ခွဲမှုတွေပြုလုပ်ဖို့နဲ့ တပ်မတော်နေ့ ဝန်းကျင်မှာ ဖောက်ခွဲမှုတွေလုပ်ဖို့ တိုင်ပင်ခဲ့ကြကြောင်း၊ ပြည်တွင်းတချို့နေရာတွေမှာ နှစ်လုံးခွဲတစ်လုံးမိနည်းဖြင့် ယောင်ပြဖောက်ခွဲမှုပြုလုပ်ပြီး "ရောင်ပြန်စစ်ဆင်ရေး"လို့ အမည်ပေးဖောက်ခွဲ ဖျက်ဆီးသွားမှာဖြစ်ကြောင်း သတင်းရရှိခဲ့ပါတယ်။

ပြည်တွင်းဖောက်ခွဲရေး အထူးစီမံချက် ရောင်ပြန်စစ်ဆင်ရေးလုပ်ဖို့ DPNS၊ FTUB၊ ABSDF၊ VBSW အဖွဲ့လေးဖွဲ့ပေါင်းပြီး PP-21 အဖွဲ့ရဲ့ ယူဂျီတွေကို အသုံးပြုလျက်ရှိကြောင်း၊ PP-21 ယူဂျီများကို ပြည်တွင်းမှာ မြှုပ်နှံထားပြီးဖြစ်ကြောင်း သတင်းရရှိခဲ့ပါတယ်။

ဇန်နဝါရီလအတွင်းမှာ ဆက်စပ်ရရှိတဲ့ သတင်းကတော့ KNU နဲ့ ABSDF မှ အမျိုးသား ကိုးဦး၊ အမျိုးသမီးသုံးဦး ပါဝင်တဲ့အဖွဲ့ဟာ ပစ်မှတ်နေရာတွေကို ဖောက်ခွဲဖို့ အခွင့်မသာတဲ့အတွက် တောင်ငူဘူတာမှာ ဖောက်ခွဲခဲ့ပြီး ချိန်ကိုက်ဗုံး ပါတဲ့အထုပ်ကို ချသွားခဲ့သူ မင်းဦး (၁၃နှစ်)ကို သက်ဆိုင်ရာက ပြည်သူတွေရဲ့ ပူးပေါင်းကူညီမှုနဲ့ ချက်ချင်းရှာဖွေတွေ့ရှိခဲ့ပါတယ်။

မင်းဦးရဲ့ပြောပြချက်အရ ဖြူးမြို့နယ် လေးအိမ်စုကျေးရွာနေ ဇော်မျိုး (၃၁နှစ်)နဲ့ ပေါက်ကုန်းကျေးရွာနေ ဆန်းညွန့်စိုး(၃၆နှစ်)တို့ကို ဖော်ထုတ်စစ်ဆေးခဲ့ပါတယ်။ ၎င်းတို့ရဲ့ ဝန်ခံထွက်ဆိုချက်အရ ဇော်မျိုးဟာ ကညွတ်ကွင်းမြို့ကြောင်ပြာရွာအနီး တောစပ်မှာ မီးသွေးဖုတ်လုပ်ငန်းလုပ်နေစဉ် KNU နယ်မြေတာဝန်ခံ အယ်ထောက ဖြူးမြို့ဈေးအတွင်း ဗုံးထောင်ဖောက်ခွဲပေးရန် ခြိမ်းခြောက်သိမ်းသွင်းခဲ့ကြောင်း၊ ဇော်မျိုးက မီးသွေးသယ်ပို့ပေးနေတဲ့ ဆန်းညွန့်ဦးအား ထပ်ဆင့်သိမ်းသွင်းပြီး ငွေကျပ်နှစ်သောင်းခွဲပေးကာ ဖောက်ခွဲစေခဲ့ခြင်းဖြစ်ကြောင်း၊ ဆန်းညွန့်ဦးက ဇော်မျိုးပေးသော ချိန်ကိုက်ဗုံးအထုပ်ကို ၎င်း၏သားဖြစ်သူ မင်းဦးအား ဖြူးမြို့ဈေးအတွင်းချထားရန် စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ပေါက်ကွဲမီးလောင်

၁-၂-၂၀၀၆ ရက်နေ့ညမှာလည်း KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့လို့ မုဒုံမြို့နယ် ကွမ်လျာကျေးရွာအနီး မြိုင်ကလေး ဘိလပ်မြေစက်ရုံကို သွယ်တန်းထားတဲ့ ဓာတ်ငွေ့ပိုက်လိုင်း တစ်နေရာမှာ ပေါက်ကွဲမီးလောင်ခဲ့ပြန်ပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဆက်လက်ရရှိတဲ့သတင်းတွေအရ ဇန်နဝါရီလကုန်ပိုင်းမှာ NDD သိန်းဝင်းက ABSDF မှ ကပ္ပလီ၊ မြင့်ဝင်းနဲ့ ယူနွတ်တို့ကို ပြည်တွင်း၌ ဖောက်ခွဲမှုပြုလုပ်ဖို့ စေလွှတ်ထားကြောင်း၊ အလားတူပဲ FTUB အတွင်းရေးမှူး ပြည်သစ်ညွန့်ဝေ၊ DPNS ဥက္ကဋ္ဌ အောင်မိုးဇော်၊ NDD သိန်းဝင်းနဲ့ မောင်မောင်ကြီးတို့ရဲ့ အစီအစဉ်နဲ့ DPNS မှ မြတ်ကျော်၊ VBSW မှ အောင်ရဲသွေးနဲ့ စန်းဝေတို့ကို ဌာနဆိုင်ရာ ရုံးနှင့်အိမ်များ၊ ကားဂိတ်များမှာ ဖောက်ခွဲရေးလုပ်ဖို့ ထပ်မံစေလွှတ်လိုက်ကြောင်း သိရပါတယ်။

ဒါ့အပြင် ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမား အောင်နိုင် ဦးစီးတဲ့ ၁၅ဦးပါအဖွဲ့ဟာ ထိုင်း-မြန်မာနယ်စပ်ရှိ ဝေါလေရွာအနီးမှာ အစည်းအဝေး

နိုင်ငံတော်နှင့်ပြည်သူအပေါ် အကြမ်းဖက်လုပ်ရပ်များ အကြိမ်ကြိမ်ကျူးလွန်သူများဟာ ပြည်ပြေးအုပ်စုများနှင့် အဖျက်သမားသောင်းကျန်းသူ အဖွဲ့များသာဖြစ်

သတင်းစာရှင်းလင်းပွဲ ၃/၂၀၀၆ ၌ ပြသထားသည့် တောင်ငူမြို့တွင် ဖြစ်ပွားခဲ့သော ဗုံးနှစ်လုံးပေါက်ကွဲမှုနှင့်စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများ။ (သတင်းစဉ်)

ပတ်လည်ရှိ မြေကျင်းဖြစ်သွားပါတယ်။ ရထားလမ်းတစ်လျှောက် ဆက်လက်ရှင်းလင်းတဲ့အခါမှာတော့ ဘူတာရဲ့တောင်ဘက် ကိုက် ၃၀၀ခန့်အကွာ ရထားသံလမ်းအောက်မှာထောင်ထားတဲ့ မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။

ဇန်နဝါရီ ဒုတိယအပတ်မှာ ရရှိတဲ့သတင်းအရ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းက နယ်စပ်ဒေသရှိ ဒေါင်းခွင်စခန်းမှာ နိုင်ငံရေးနဲ့ မြေအောက်ယူဂျီလှုပ်ရှားမှု နည်းပရိယာယ်သင်တန်းဆင်းပွဲ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းသင်တန်း

အလစ်အငိုက်ရရှိမယ့်နေရာတွေမှာ ဆက်လက်ဖောက်ခွဲဖျက်ဆီးဖို့ ကြံစည်လှုပ်ရှားနေကြောင်း သိရှိရပါတယ်။

ချက်ချင်းရှာဖွေတွေ့ရှိ

အဲဒီသတင်းတွေနဲ့ တစ်ဆက်တည်းမှာပဲ ၎င်းတို့ထပ်မံကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုတွေကတော့ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ဖြူးမြို့စည်ပင်သာယာဈေးကြီးအတွင်း ငါးပိ၊ ငါးခြောက်ရောင်းတဲ့ ဆိုင်တစ်ဆိုင်ရဲ့ ငါးခြောက်ပုံအတွင်းမှာချထားတဲ့ ချိန်ကိုက်ဗုံး တစ်လုံးကို တာဝန်သိပြည်သူတွေရဲ့ သတင်းပေးပို့ချက်အရ သက်ဆိုင်ရာက သိမ်းဆည်းရမိခဲ့ပါတယ်။ ဒီချိန်ကိုက်ဗုံးကို သဲအိတ်၊ ဆန်အိတ်တွေနဲ့ ကာရံထားတဲ့နေရာကို အမြန်ပြောင်းရွှေ့ထားနိုင်လို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပေမယ့် ထိခိုက်မှုမရှိခဲ့ပါဘူး။

ပြုလုပ်ပြီး ဖေဖော်ဝါရီ ၇ရက်က ပြည်တွင်းမှာ ဖောက်ခွဲရေးလုပ်ဖို့ အဖွဲ့နှစ်ဖွဲ့ကို စေလွှတ်လိုက်ကြောင်း၊ ၎င်းတို့ စေလွှတ်လိုက်တဲ့တစ်ဖွဲ့မှာ သက်ထွန်း၊ အောင်သီဟ၊ မအေးမိုး၊ မသူဇာ၊ နန်းသီတာဦးတို့ပါဝင်ပြီး ကျန်တစ်ဖွဲ့မှာ အောင်ကိုနိုင်၊ အောင်ဇော်မိုး၊ စိုင်းထွန်းထွန်း၊ ညီညီနိုင်နဲ့ ဇင်မျိုးကိုတို့ပါဝင်ကြောင်း သတင်းရရှိခဲ့ပါတယ်။

ပြည်တွင်းသို့စေလွှတ်

ဖေဖော်ဝါရီလဆန်းမှာရရှိတဲ့ အခြားသတင်းတစ်ရပ်အရ နယ်စပ်ဒေသ မယ်ပကျေးရွာရှိ DPNS ရုံးမှာ ဒုဥက္ကဋ္ဌ ယဉ်ထွေး၊ နေလင်းနဲ့ အောင်မြင့်သိန်းတို့ တိုင်ပင်ပြီး NCGUB၊ ABSDF၊ NDD၊ FTUB နဲ့ DPNS အဖွဲ့ရဲ့ ပူးပေါင်းအစီအစဉ်အရ ရဲသွေး၊ ကိုစိုး၊ သန်းမြင့်နဲ့ မေသဇင်တို့ကို အဖျက်အမှောင့်လုပ်ငန်းတွေလုပ်ဖို့ ပြည်တွင်းသို့စေလွှတ်လိုက်ကြောင်း သိရပါတယ်။

အဲဒီလို အကြမ်းဖက်အဖျက်သမားတွေရဲ့ ဗုံးထောင်ဖောက်ခွဲ ဖျက်ဆီးမှုလုပ်ရပ်တွေကို လုံခြုံရေးအစီအမံတွေနဲ့အညီ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

တရားခံ တပ်သားစောဂေသေမူ (၂၄)နှစ် (ဘ) ဦးကြိုဒေါ တမဟ(၅) ဌာနခနှင့် ၎င်းနေထိုင်ခဲ့သည့်နေအိမ်။ (သတင်းစဉ်)

ပြည်သူတွေဟာ ယနေ့ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းတွေကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အကြမ်းဖက်အဖျက်သမားတွေရဲ့ လုပ်ရပ်တွေကို လုံးဝလက်မခံဘူး။ တပ်မတော်နဲ့ လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အဖျက်သမားတွေကို အမြစ်ဖြတ် ရှင်းလင်းချေမှုန်းဖို့ အသင့်ရှိနေတယ်ဆိုတာ ပေါ်လွင်ထင်ရှားနေ။

စာမျက်နှာ ၆ မှ

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၇ရက်နေ့ နံနက် ၂နာရီခန့်မှာ ဖြူးမြို့နယ် ကညွတ်ကွင်းနဲ့ တောကျွဲအင်းဘူတာအကြား ရန်ကုန်–မန္တလေးရထားလမ်း မိုင်တိုင်အမှတ်(၁၂၀/၁၂)နဲ့ (၁၂၁/၁၃)အကြားမှာ ထောင်ထားတဲ့ မိုင်းနှစ်လုံးကို ဖော်ထုတ်တွေ့ရှိ ဖယ်ရှားနိုင်ခဲ့ပါတယ်။ စစ်ဆေးချက်အရ အဲဒီမိုင်းနှစ်လုံးမှာ TNT ယမ်းတောင့်နဲ့ ယမ်းမှုန့် ခုနစ်ပေါင်ခွဲခန့် ပါဝင်ကြောင်း၊ လုံခြုံရေးအားနည်းလို့ အဲဒီမိုင်းသာပေါက်ကွဲခဲ့ရင် ရထားသံလမ်းများ ပြတ်တောက်ပြီး အရှိန်နဲ့ခုတ်မောင်းလာတဲ့ ရထားတွဲတွေ လမ်းချော်တိမ်းမှောက်စေပြီး ခရီးသည်ပြည်သူအများအပြား သေကျေထိခိုက်နိုင်တဲ့အထိ အန္တရာယ်ကြီးမားကြောင်း သိရပါတယ်။

အချိန်မီဖယ်ရှား

အဲ့ဒီမိုင်းထောင်ထားတဲ့ နေရာတစ်ဝိုက်ကို ပိုက်စိပ်တိုက် ရှင်းလင်းရာမှာ ၎င်းနေရာမှ ရထားလမ်းအရှေ့ဘက် ကိုက် ၄၀၀ ခန့်အကွာ လယ်ကွင်းထဲရှိ ဖက်သန်းပင်နံဘေးမှာ ရထားလမ်းကို အသင့်ချိန်ရွယ်တပ်ဆင်ထားတဲ့ ၃ဒသမ ၅လက်မ ဒုံးသီးတစ်လုံးကို ထပ်မံရှာဖွေ သိမ်းဆည်းရရှိခဲ့ပြန်ပါတယ်။ ဒါဟာ အကြမ်းဖက်အဖျက်သမားတွေက ရထားစီးခရီးသွားပြည်သူတွေ သေကျေဒဏ်ရာရအောင် တစ်ဖက်က မိုင်းခွဲပြီး တစ်ပြိုင်နက် ပစ်ခတ်တိုက်ခိုက်ဖို့ ရက်ရက်စက်စက် ကြံစည်ခဲ့တာဖြစ်ပြီး အချိန်မီဖယ်ရှား ရှင်းလင်းနိုင်လို့သာ ကြေကွဲဖွယ် ဖြစ်ရပ်ဆိုးနဲ့ မတိုးခဲ့ရတာဖြစ်ပါတယ်။

အဲ့ဒီဖြစ်စဉ်ဖြစ်ရပ်တွေကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်နဲ့ပြည်သူအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို အကြိမ်ကြိမ်အထပ်ထပ် ကျူးလွန်လုပ်ဆောင်နေသူတွေဟာ ပြည်ပြေးအုပ်စုတွေနဲ့ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအဖွဲ့တွေဖြစ်ကြောင်း အထင်အရှားတွေ့ရှိနိုင်ပါတယ်။

ကြိုတင်ပို့ဆောင်

ဆက်လက်ရရှိတဲ့ သတင်းတွေကတော့ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့က FTUB ပြည်သစ်ညွန့်ဝေဟာ မဲဆောက်မြို့မှာ ဖောက်ခွဲရေးသမားကျောက်ခဲ(ခ)မောင်ဝင်းနဲ့ နိုင်မျိုးဆွေ(ခ)ကျော်ကျော်တို့ကိုတွေ့ဆုံပြီး အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအနီး ဖောက်ခွဲရေးဆောင်ရွက်ရန်အတွက် တစ်ဦးလျှင် ဘတ်ရှစ်သောင်းပေး၍စေခိုင်းမှု မအောင်မြင်သဖြင့် အပြစ်တင်ပြောဆိုခဲ့ကြောင်း၊ ၎င်းဖောက်ခွဲရေးအဖွဲ့မှ ခိုင်ရွှေမြင့်ဆိုသူဟာ ပြည်တွင်းမှာပင်ကျန်ရှိနေကြောင်း၊ ပြည်သစ်ညွန့်ဝေဟာ ငွေကြေးမက်လုံးပေး ထောက်ပံ့ပြီး ဖောက်ခွဲရေးအဖွဲ့တွေ ထပ်မံစေလွှတ်ဖို့ စီစဉ်လျက်ရှိကြောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဖောက်ခွဲမှုငါးကြိမ်ပြုလုပ်ရန်အတွက် KNU၊ ABSDF၊ DPNS အဖွဲ့များမှ ဖောက်ခွဲရေးအဖွဲ့တွေကို စေလွှတ်မည်ဖြစ်ပြီး ပြည်သစ်ညွန့်ဝေနဲ့ NDD သိန်းဝင်းတို့ရဲ့ အစီအစဉ်နဲ့ ဖောက်ခွဲရေးပစ္စည်းတွေကို ပြည်တွင်းသို့ ကြိုတင်ပို့ဆောင်ထားကြောင်း သတင်းတွေပဲဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သစ်ညွန့်ဝေဟာ ပြည်ထောင်စုနေ့အခမ်းအနား အပါအဝင် မော်လမြိုင်ရှိ သံလွင်တံတားနဲ့ အတ္တရံတံတားကို ဖောက်ခွဲဖျက်ဆီးဖို့အတွက် DPNS မှ မြတ်ကျော်(ခေါ်)တောက်ထိန်၊ VBSW မှ ရဲသွေး(ခေါ်) သန်းမြင့်အောင်(ခေါ်) အောင်ရဲသွေးနဲ့ အောင်ဗလ(ခေါ်)စန်းဝေတို့ သုံးဦးကို ပြည်တွင်းသို့ စေလွှတ်ခဲ့ကြောင်း၊ ၎င်းတို့သုံးဦးဟာ ဖေဖော်ဝါရီလ၁၁ရက်နေ့မှာ ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ရွာတစ်ဝိုက်သို့ ရောက်ရှိခဲ့သော်လည်း လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်ထားခြင်းကြောင့် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိဘဲ ပြန်လည်ဆုတ်ခွာခဲ့ရကြောင်း၊ ပြည်သစ်ညွန့်ဝေရဲ့ ခိုင်းစေချက်အရ ကျောက်ခဲနဲ့ နိုင်မျိုးဆွေတို့နှစ်ဦးဟာ ဖေဖော်ဝါရီ၁၄ရက်နေ့က မြဝတီမြို့မှာ အသံဗုံးတစ်လုံးကို ၎င်းတို့၏အမာခံများအား ငွေပေးပြီး ဖောက်ခွဲစေခဲ့တာဖြစ်ကြောင်း သတင်းရရှိခဲ့ပါတယ်။

ရှာဖွေတွေ့ရှိ

ဖေဖော်ဝါရီလ ၁၆ရက်နေ့ နံနက်မှာတော့ ရန်ကုန်–မန္တလေး အစုန်ရထားလမ်း ရေတာရှည်ဘူတာနဲ့ ကျွန်းကုန်းဘူတာအကြား ကြေးနန်းမိုင်တိုင်အမှတ်(၁၇၆/၂၁)အနီး သံလမ်းအောက်မှာ အကြမ်းဖက်အဖျက်သမားတွေ မြှုပ်နှံထားတဲ့ ပေါက်ကွဲအားပြင်း နင်းမိုင်းတစ်လုံးကို တာဝန်သိပြည်သူ့စွမ်းအားရှင်တွေက ရှာဖွေတွေ့ရှိ သတင်းပို့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အချိန်မီရှင်းလင်းဖယ်ရှားခဲ့ရပြန်ပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

မတ်လ ၁၄ ရက်နေ့မှာရရှိတဲ့ သတင်းအရ မြန်မာ–ထိုင်းနယ်စပ်မှာ အခြေပြု လှုပ်ရှားနေတဲ့ NLD(LA) မှ အတွင်းရေးမှူးမြင့်သိန်းနဲ့ KNU တပ်မဟာ(၇)တို့ ပူးပေါင်းစီစဉ်မှုနဲ့ စန်ကြီးဦးစီးတဲ့ ငါးဦးပါ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့ဟာ တစ်ဖက်နိုင်ငံ မယ်ဟောင်ဆောင်ဘက်ကနေပြီး ပြည်တွင်းကို ဝင်ရောက်လာကြောင်း၊ အဲဒီအဖွဲ့ဟာ ကညွတ်ကွင်း–တောင်ငူလမ်းကြောင်းမှ တစ်ဆင့် ပျဉ်းမနားကိုဝင်ရောက်ပြီး သုံးလအတွင်းမှာ ဖောက်ခွဲရေးလုပ်ငန်းတွေ ပြုလုပ်ဖို့ အစီအစဉ်ရှိကြောင်း သိရှိခဲ့ရပါတယ်။

အခြားသတင်းတစ်ရပ်ကတော့ KNU၊ ABSDF နဲ့ အကြမ်းဖက်အဖွဲ့အချို့ပူးပေါင်းပြီး ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ရာမှာ အချင်း လေးလက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ဓာတ်ဘူးပုံသဏ္ဌာန် ဖောက်ခွဲရေးပစ္စည်းကို သုံးမည်ဖြစ်ကြောင်း၊ ၎င်းပစ္စည်းကို မြစ်ချောင်းရေကန်များအတွင်း ရေမြှုပ်ဗုံးအဖြစ်ထောင်ပြီး ဖောက်ခွဲဖျက်ဆီးနိုင်ကြောင်း သိရပါတယ်။ အဲ့ဒီသတင်းနဲ့ဆက်စပ်နေတဲ့ သတင်းကတော့ မတ်လပထမပတ်မှာ မဲဆောက်ရှိ ABSDF အောင်ကိုဦး၊ DPNS အောင်နိုင်ဦးနဲ့ NDD သိန်းဝင်းတို့ထံ လူနှစ်ယောက်လာရောက်တွေ့ဆုံစဉ် တယ်လီဖုန်းဝင်လာပြီး စကားဝှက်ဖြင့် နို့ဘူးနှစ်ဘူးပေးလိုက်ရန်ပြောသဖြင့် သိန်းဝင်းတို့က ပေးလိုက်ကြောင်း၊ ယင်းနို့ဘူးဆိုသည့်ပစ္စည်းမှာ ဖောက်ခွဲအားပြင်းထန်ဖွယ်ရှိကြောင်း သိရပါတယ်။

တစ်ပြိုင်တည်းပြုလုပ်ရန်ဆွေးနွေး

အခြားသတင်းတစ်ရပ်အရ KNU မှ ဗိုလ်မှူးချုပ်အဆင့်ရှိ အိုင်းဇက်၊ ဖောက်ခွဲရေးတာဝန်ခံ မိုးဖြူ၊ ABSDF ဥက္ကဋ္ဌ သံခဲ၊ NDD သိန်းဝင်းတို့ဟာ ၂၀၀၆ ခုနှစ် မတ်လ ၁ရက်နေ့မှစပြီး ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများကို တစိုက်မတ်မတ် ပြုလုပ်မည်ဖြစ်ကြောင်း၊ NDD သိန်းဝင်းအဖွဲ့က ဖောက်ခွဲရေးနည်းပညာနဲ့ ပစ္စည်းများရရှိရေးဆောင်ရွက်ပြီး ABSDF ဥက္ကဋ္ဌ သံခဲနှင့် အဖွဲ့က ဖောက်ခွဲရေးအဖွဲ့များ၏ အဝင်အထွက်လမ်းကြောင်းကို ပြည်တွင်းယူဂျီများနဲ့ ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့မှာလည်း မဲလမတ်မြို့ အရှေ့ဘက် KNU ဘားအံခရိုင်ဥက္ကဋ္ဌ ဖဒိုအားတိုရဲ့ ဥယျာဉ်ခြံမှာ KNU စစ်ဦးစီးချုပ် မူတူး၊ အိုင်းဇက်၊ ABSDF ဥက္ကဋ္ဌသံခဲတို့ လျှို့ဝှက်အစည်းအဝေးလုပ်ပြီး မတ်လမှစတင်၍ စစ်ရေး၊ ဖောက်ခွဲရေးနှင့် နိုင်ငံရေးတိုက်ကွက်တွေကို တစ်ပြိုင်တည်းပြုလုပ်ရန်ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

အဲဒီနောက်ပိုင်း ထပ်မံဖြစ်ပွားခဲ့တဲ့ အဖျက်လုပ်ရပ်တွေကတော့ ၂၀၀၆ ခုနှစ် မတ်လ၂ရက်နေ့ နံနက်ပိုင်းမှာ တောင်ငူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အုတ်တံတိုင်းရှေ့ ရှစ်ပေခန့်အကွာမှာ ဗုံးတစ်လုံးပေါက်ကွဲခဲ့ပါတယ်။ အဲဒီနောက်နှစ်နာရီခန့်အကြာမှာပဲ တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက် မြို့ကြီးလမ်းနဲ့ စက်ရှင်လမ်းထောင့်ရှိ ပန်းရိုးမ အမျိုးသမီးဘော်ဒါဆောင်အနီးက ထရန်စဖော်မာမှာ ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ပါတယ်။ အဲဒီပေါက်ကွဲမှုကြောင့် ထရန်စဖော်မာကို ကာရံထားတဲ့အုတ်နံရံ သုံးပေခန့်ပြိုကျသွားခဲ့ပါတယ်။

ပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ချင်းပဲ မြို့ခံလူထုရဲ့ ပူးပေါင်းကူညီမှုနဲ့ KNU တပ်မဟာ(၅)မှ ဖောက်ခွဲဖျက်ဆီးရေးသမား စောဂေသေးမူ(ခေါ်)နေလ (၂၇နှစ်)နဲ့အတူ ပါဝင်ပတ်သက်နေသူတွေကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ စောဂေသေးမူဟာ KNU ၇၀ ကျော်နဲ့အတူ ထီးလေးကွီးဒေသမှာဖွင့်တဲ့ ဖောက်ခွဲရေးသင်တန်းကို တက်ရောက်ခဲ့ကြောင်း၊ KNU တပ်မဟာ(၅)တပ်မဟာမှူး စောဘောကျော်ဟဲက ၎င်းအားတောင်ငူ၊ ပျဉ်းမနား၊ သာစည်၊ မိတ္ထီလာတစ်ဝိုက်တွင်လည်းကောင်း၊ စောတဝါးဆိုသူအား ဖြူး၊ ညောင်လေးပင်၊ ပဲခူး၊ ရန်ကုန်တစ်ဝိုက်တွင်လည်းကောင်း၊ စောကေဖိုးဆိုသူအား ဖာပွန်တစ်ဝိုက်တွင် လည်းကောင်း ဖောက်ခွဲဖျက်ဆီးရန်တာဝန်ပေးစေခိုင်းထားကြောင်း ထွက်ဆိုခဲ့ပါတယ်။

ထပ်မံဖော်ထုတ်သိမ်းဆည်းရမိ

၎င်းနဲ့ ၎င်းရဲ့ဦးလေးဖြစ်သူ တောင်ငူမြို့ စနေကုန်းရပ်နေ စောဆေးကလယ်ဟဲတို့ရဲ့ လိုက်လံပြသမှုအရ ၎င်းတို့ဝှက်ထားတဲ့ ယမ်းလေးတောင့်၊ ဒီတိုနေတာနှစ်ခု၊ လက်ပစ်ဗုံးတစ်လုံးနဲ့ စားပွဲတင် နာရီလေးလုံးတို့ကို ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။ စောဂေသေးမူရဲ့ ထွက်ဆိုချက်အရ အခုလိုအဖမ်းမခံရရင် မိတ္ထီလာမြို့ အဝေးပြေးကားစခန်းနဲ့သာစည်ဘူတာရုံ တစ်ဝိုက်မှာ ဖောက်ခွဲဖျက်ဆီးမှုတွေဆက်လုပ်ဖို့ အစီအစဉ်ရှိကြောင်း သိခဲ့ရပါတယ်။

ဒါ့အပြင် KNU တပ်မဟာ(၇)ရဲ့ ညွှန်ကြားချက်အရ ပါကော်ထူးနဲ့ ဇော်တင်ဝင်းတို့နှစ်ဦးဟာ ရန်ကုန်မှာရှိတဲ့ ABSDF ဖောက်ခွဲရေးသမား ရဲဝင်းနဲ့ တွေ့ဆုံပူးပေါင်းပြီး ပျဉ်းမနားသို့ သွားရောက်ဖောက်ခွဲဖို့ အစီအစဉ်ရှိကြောင်း သတင်းရရှိခဲ့ပါတယ်။

အခြားသတင်းတစ်ရပ်အရ မတ်လအတွင်းမှာ KNU တပ်မဟာ(၄)ဟာ နယ်စပ်ဒေသ ထီးနော့ခီးမှာ ဖောက်ခွဲရေးသင်တန်းတစ်ခုကို ပြည်ပမှကူညီထောက်ပံ့မှုနဲ့ ဖွင့်လှစ်ခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံသားတစ်ဦးက ချိန်ကိုက်မိုင်းစနစ်ကိုလည်းကောင်း၊ ဩစတြေးလျနိုင်ငံသားတစ်ဦးက အဝေးထိန်း ဖောက်ခွဲရေးစနစ်ကိုလည်းကောင်း သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း သိရပါတယ်။

ကိုယ်လွတ်ရုန်းထွက်ပြေး

၂၀၀၆ ခုနှစ် မတ်လ၁၉ရက်နေ့မှာတော့ တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးပို့မှုကြောင့် ရေတာရှည်နဲ့ ကျွန်းကုန်းဘူတာအကြား ရထားသံလမ်း အနောက်ဘက် ကိုက်၈၀ခန့်အကွာမှာ ရှေ့ထွက်မိုင်းတစ်လုံးကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။ KNU တွေ အသုံးပြုနေကျဖြစ်တဲ့ KNU ရှေ့ထွက်မိုင်းဖြစ်ပါတယ်။ ရထားဖြတ်သန်းချိန်မှာ ဆွဲမိုင်းအဖြစ် ဖောက်ခွဲဖို့စီစဉ်နေချိန်မှာ အခွင့်မသာလို့ ဖောက်ခွဲရေးသမားတွေ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးရာက ကျန်ရစ်ခဲ့တာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အခုလို အကြမ်းဖက်အဖျက်သမားတွေရဲ့ အတောမသတ်နိုင်တဲ့ မိုင်းထောင်ဖောက်ခွဲမှုတွေကို အချိန်မီဖော်ထုတ်တားဆီးပြီး ပြည်သူလူထုအပေါ် ကြီးမားတဲ့အန္တရာယ်တွေ မကျရောက်အောင် ကြိုတင်ကာကွယ်နိုင်ခဲ့တဲ့ ဖြစ်ရပ်အားလုံးကို ဆန်းစစ်ကြည့်ရင် တာဝန်သိပြည်သူတွေရဲ့ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လုံခြုံရေးသတိရှိစွာဖြင့် စူးစမ်းရှာဖွေဖော်ထုတ်သတင်းပေးမှုဆိုတဲ့ အမျိုးသားရေးပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းတွေကြောင့်ဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူတွေဟာ ယနေ့ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းတွေကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အကြမ်းဖက်အဖျက်သမားတွေရဲ့ လုပ်ရပ်တွေကို လုံးဝလက်မခံဘူး။ တပ်မတော်နဲ့ လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အဖျက်သမားတွေကို အမြစ်ဖြတ်ရှင်းလင်းချေမှုန်းဖို့ အသင့်ရှိနေတယ်ဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား–

ကျွန်တော် အခုရှင်းလင်းပြောကြားခဲ့တဲ့ ဖောက်ခွဲရေးသတင်းတွေ၊ ဖောက်ခွဲရေး သင်တန်းတွေ၊ ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ်တွေ ကွင်းဆက်ပမာ ဆက်စပ်ဖြစ်ပေါ်နေတာကို ခြုံငုံသုံးသပ်ကြည့်ရင် NCGUB ပြည်ပြေးစိန်ဝင်း၊ FTUB အတွင်းရေးမှူး ပြည်သစ်ညွန့်ဝေ၊ NDD သိန်းဝင်းတို့နဲ့ KNU ၊ SSA-S ၊ABSDF ၊NLD(LA) ၊DPNS၊ VBSW စတဲ့ အဖျက်သမားအဖွဲ့တွေနဲ့ ၎င်းတို့ရဲ့ ပြည်ပဆရာကြီးတွေ၊ ခေါင်းချင်းဆိုင်၊ လက်ဝါးချင်းရိုက်ပြီး တိုင်းဆူပြည်ဖျက် အကြမ်းဖက်တိုက်ကွက်တွေကို ဆက်တိုက်ပြုလုပ်ဖို့ ကြံစည်အားထုတ်နေတာဖြစ်ကြောင်း သတိပြုရှုမြင်နိုင်ပါတယ်။

အဲဒီအဖွဲ့တွေဟာ ဆရာတူတပည့်တွေဖြစ်တဲ့အတွက် မသူတော် အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြဖို့ တပ်ပေါင်းစု၊ မဟာမိတ်အဖွဲ့၊ အမျိုးသားကောင်စီဆိုတဲ့ အမည်နာမတွေနဲ့ အုပ်စုဖွဲ့ထားကြောင်း တွေ့ရမှာဖြစ်ပါတယ်။

အကြမ်းဖက်အဖွဲ့

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(National Democractic Front) လို့ခေါ်တဲ့ NDF မှာဆိုရင် KNU ၊KNPP ၊SDU ၊SSA-S ၊CNF ၊ALP စတဲ့ အကြမ်းဖက်အဖွဲ့တွေ ပါဝင်ပါတယ်။ NDF ရုံးကို တစ်ဖက်နိုင်ငံမှာ ဖွင့်လှစ်ထားပြီး ဥက္ကဋ္ဌအဖြစ် KNU မှ ဖဒိုဘသင်စိန်က ဆောင်ရွက်နေပါတယ်။

အလားတူ အဖွဲ့တစ်ဖွဲ့ကတော့ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (Democratic Alliance of Burma)လို့ခေါ်တဲ့ DAB အဖွဲ့ပဲဖြစ်ပါတယ်။ အဲဒီအဖွဲ့မှာ KNU၊ ABSDF၊ DPNS၊ ALP၊ NDD၊ KNPP စတဲ့ အကြမ်းဖက်အဖွဲ့တွေပါဝင်ပြီး ဥက္ကဋ္ဌအဖြစ် KNU မှ တာမလာဘောက ဆောင်ရွက်နေပါတယ်။

နောက်ပိုင်းမှာ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB ဟာ NDF၊ DAB၊ NLD(LA)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)တို့နဲ့ ပူးပေါင်းပြီး NCUB လို့ခေါ်တဲ့ မြန်မာနိုင်ငံအမျိုးသားကောင်စီ (National Council of The Union of Burma)ကို ထပ်ဆင့်ဖွဲ့စည်းခဲ့ကြပြန်ပါတယ်။ အဲဒီအဖွဲ့ဟာ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ငွေကြေးမက်လုံးပေးပြီး ကြိုးကိုင်ခိုင်းစေနိုင်ဖို့အတွက် ပြည်ပမှ နိုင်ငံရေးအရေခြုံအထောက်အပံ့တွေ ရရှိအောင် ဖွဲ့ထားတဲ့ အဖွဲ့ပဲဖြစ်ပါတယ်။ NCUB ရဲ့ ဥက္ကဋ္ဌကတော့ ထုံးစံအတိုင်း KNU မှ တာမလာဘောဖြစ်ပြီး အတွင်းရေးမှူးကတော့ FTUB မှ ပြည်သစ်ညွန့်ဝေပဲ ဖြစ်ပါတယ်။

တစ်ပြိုင်တည်းလုပ်ဆောင်

အခုအခါမှာ အဲဒီအဖွဲ့တွေအားလုံးဟာ မြေအောက်တိုက်ကွက်ဖြစ်တဲ့ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုတွေကို အုံနဲ့ကျင်းနဲ့ တစ်ပြိုင်တည်းလုပ်ဆောင်လာကြတာ တွေ့နေရပါတယ်။

NCUB နဲ့ NCGUB တို့က ၃၀–၁၁–၂၀၀၃ ရက်နေ့မှာ Joint Policy Declaration ဆိုပြီးထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ NCUB နဲ့ NCGUB တို့ဟာ မြန်မာနိုင်ငံရဲ့အနာဂတ် နိုင်ငံရေးနဲ့ကံကြမ္မာကို ခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် FTUB နဲ့ NCUB အတွင်းရေးမှူးဖြစ်တဲ့ ပြည်သစ်ညွန့်ဝေနဲ့ NCGUB ပြည်ပြေးစိန်ဝင်းတို့ဟာ နှစ်ကိုယ့်တစ်စိတ် ချိတ်ဆက်လုပ်ဆောင်နေကြတာဖြစ်ကြောင်း ပေါ်လွင်နေပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁

အကြမ်းဖက်အဖျက်သမား တရားခံပြေး ပြည်သစ်ညွန့်ဝေကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ (ILC)ရဲ့ စံနှုန်းများကော်မတီ (CAS) အစည်းအဝေးများသို့ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ်(ICFTU)လက်အောက်မှ အလုပ်သမားကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ပြုနေခြင်းဟာ အကြမ်းဖက်အဖျက်သမား (Terrorist)ကို နိုင်ငံရေးစင်မြင့်ထက်တင်ပြီး အားပေးအားမြှောက်ပြုနေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ILO ဟာ အကြမ်းဖက်သမားတွေကို အသိအမှတ်ပြုပေးနေသလားလို့ ထင်စရာဖြစ်လာပါတယ်။

စာမျက်နှာ ၇ မှ

ပြည်ပြေးစိန်ဝင်းနဲ့ ပြည်သစ်ညွန့်ဝေတို့ဟာ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်တွေပြုလုပ်ဖို့ ဖောက်ခွဲရေးသမားတွေကို ငွေကြေးမက်လုံးပေးပြီး နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းနေသူတွေဖြစ်ကြောင်း၊ အကြမ်းဖက်ရာဇဝတ်မှုကို အထပ်ထပ်မရပ်မနား ကျူးလွန်နေသူတွေဖြစ်ကြောင်းကို ယခင်သတင်းစာရှင်းလင်းပွဲအဆက်ဆက်မှာ ကျွန်တော်တို့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ကမ္ဘာကအထိ သိရှိအောင် ရှင်းလင်းပြောကြားထားပြီး ဖြစ်ပါတယ်။ ထို့အတူပဲ လူသက်သေ၊ ပစ္စည်းသက်သေတွေနဲ့တကွ အဖမ်းခံထားရတဲ့ ၎င်းတို့ရဲ့ ကြေးစားအဖျက်သမားတွေကလည်း တရားရုံးတွေရှေ့မှောက်မှာ ဥပဒေနှင့်အညီ လူသိရှင်ကြား ဝန်ခံထွက်ဆိုထားကြတာတွေကိုလည်း သတင်းစာတွေထဲမှာ သတင်းဓာတ်ပုံတွေနဲ့တကွ မှတ်တမ်းတင်ဖော်ပြထားပြီး ဖြစ်ပါတယ်။

မတရားအသင်း

မြန်မာနိုင်ငံပါဝင်ထားတဲ့ အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ၁၁ ခု ရှိပါတယ်။ အဲဒီအထဲမှာ International Convention for The Suppression of Terrorist Bombing နဲ့ International Convention for The Suppression of The Financing of Terrorism တို့လည်း ပါဝင်ပါတယ်။ အဲဒီ Convention နှစ်ခုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ Terrorist Bombing နဲ့ Financing of Terrorism ဆိုတဲ့ အကြမ်းဖက်မှုတွေကို NCGUB ပြည်ပြေးစိန်ဝင်းနဲ့ FTUB ပြည်သစ်ညွန့်ဝေတို့က ဒီမိုကရေစီရေး၊ အလုပ်သမားအရေးတွေနဲ့ ဖုံးကွယ်လှည့်စားပြီး ကျူးလွန်နေကြတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။ ဒါ့ကြောင့်မို့ နိုင်ငံတော်အစိုးရက NCGUB နဲ့ FTUB ကို မတရားအသင်းများအဖြစ် ၂၈–၈–၂၀၀၅ ရက်နေ့မှာ ကြေညာခဲ့ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။

NCGUB ပြည်ပြေးစိန်ဝင်း၊ FTUB ပြည်သစ်ညွန့်ဝေနဲ့ အပေါင်းပါတွေရဲ့ အဲဒီအကြမ်းဖက် အဖျက်လုပ်ရပ်တွေကို တပည့်လိမ္မာ ဆရာအာပတ်လွတ်ဆိုသလို ပြည်ပမှဆရာကြီးတွေက မသိကျိုးကျွန်ပြု ဖုံးကွယ်ထားကြပေမယ့် ပြည်သစ်ညွန့်ဝေ ငွေပေးပြီးခိုင်းထားတဲ့ NDD သိန်းဝင်းရဲ့ ပြည်တွင်းယူဂျီတွေကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိတဲ့အခါတိုင်းမှာ FTUB ပြည်သစ်ညွန့်ဝေနဲ့ NDD သိန်းဝင်းတို့ရဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် အကြမ်းဖက်လုပ်ရပ်တွေ ဘူးပေါ်သလိုပေါ်ခဲ့တာချည်းပဲ ဖြစ်ပါတယ်။ ပဲခူးမြို့မှာ ဖမ်းမိတဲ့ NDD သိန်းဝင်းရဲ့ အမာခံယူဂျီ ခြောက်ဦးစလုံးက တစ်ဖက်နိုင်ငံမှာရှိတဲ့ ပြည်သစ်ညွန့်ဝေရဲ့ရုံးခန်းမှာ နိုင်ငံတော်တည်ဆောက်ရေး စီမံကိန်းနေရာပြ မြေပုံကြီးချိတ်ဆွဲပြီး ဖောက်ခွဲဖျက်ဆီးရေးစီမံချက်ရေးဆွဲထားတာကို တွေ့မြင်ခဲ့ရပုံ၊ သိန်းဝင်းမှတစ်ဆင့် ပြည်တွင်း ယူဂျီတွေကို ငွေကြေးထောက်ပံ့နေပုံ၊ ABSDF အဖွဲ့ဝင်ဟောင်း၊ PP-21 အကြမ်းဖက်အဖွဲ့ ဖောက်ခွဲရေးသမား သိန်းဝင်းရဲ့ မဲဆောက်မြို့နေအိမ်မှာ ရန်ကုန်ဘူတာကြီးတစ်ဝိုက်ဖောက်ခွဲမှုတွေပြုလုပ်ခဲ့တဲ့ တင်မိုးကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေနဲ့အတူ လက်သပ်မွေးထားပုံ၊ သိန်းဝင်းအိမ်ကို PP-21 အဖွဲ့ဝင် KNU မန်းငြိမ်းမောင် ဝင်ထွက်သွားလာနေပုံတွေကို ဖွင့်ဟထွက်ဆိုထားကြောင်း သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)မှာ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ကြိုးကိုင်စေခိုင်း

ဒါ့အပြင် ၇–၅–၂၀၀၅ ရက်နေ့က ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာမှာ ဖောက်ခွဲဖျက်ဆီးမှုကို NCGUB စိန်ဝင်းနဲ့ FTUB ပြည်သစ်ညွန့်ဝေတို့ရဲ့ ကြိုးကိုင်စေခိုင်းမှုအရ NDD သိန်းဝင်းရဲ့ အမာခံယူဂျီတွေက ဝိုင်းရံကူညီပြီး ABSDF၊ NLD(LA) နဲ့ VBSW အကြမ်းဖက် အဖျက်သမားတွေက လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း အထောက်အထားအချက်အလက်များနဲ့တကွ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် NDD သိန်းဝင်းရဲ့ အမာခံယူနွတ်ကလည်း သိန်းဝင်းက ၎င်းကို ရန်ကုန်မြို့ရဲ့ အဲဒီလူစည်ကားရာနေရာတွေမှာလုံခြုံရေးတင်းကျပ်မှုရှိမရှိ၊ စုံစမ်းသတင်းပေးပို့ခိုင်းပြီး နောက်မကြာခင်မှာ ဖောက်ခွဲမှုတွေဖြစ်ပွားခဲ့တာဖြစ်ကြောင်း ပြီးခဲ့တဲ့သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၆)မှာ ယူနွတ်ကိုယ်တိုင် ဖွင့်ဟပြောကြားခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။

FTUB ပြည်သစ်ညွန့်ဝေနှင့် NDD သိန်းဝင်းတို့၏ အမာခံအဖြစ် ဆက်သွယ်ဆောင်ရွက်ခဲ့ကြသည့် ဆရာရဲ (ခ) ဦးသန်းဦး၊ ဒေါ်ခိုင်မာစိုး၊ ဦးခင်မောင်ဝင်း၊ ဦးအောင်သိန်းနှင့် ယူနွတ်(ခ) အောင်ချိုဦးတို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

၂၄–၃–၂၀၀၆ရက်နေ့က ထပ်မံဖမ်းဆီးရမိတဲ့ NDD သိန်းဝင်းရဲ့ အမာခံယူဂျီ ဖြူးမြို့မှ ဆရာရဲ(ခ)သန်းဦး(၅၃)နှစ်ကလည်း NDD သိန်းဝင်းရဲ့ ငွေပေးပြီး စေခိုင်းချက်အရ ရန်ကုန်မြို့ သုံးနေရာမှာ လူတစ်ဦးစ၊ နှစ်ဦးစ ဆန္ဒပြမှုမျိုးဖြစ်အောင် စီစဉ်ခဲ့ရကြောင်း၊ မြို့တော်ခန်းမရှေ့၌ သီလရှင်နှစ်ပါးကိုလည်းကောင်း၊ နိုင်ငံခြားသံရုံးတစ်ရုံးရှေ့၌ နိုင်လင်းနှင့် နိုင်ဝင်းတို့အားလည်းကောင်း၊ ရွှေဂုံတိုင်လမ်း၌ ကျော်ကျော်ဆိုသူအားလည်းကောင်း ဆန္ဒပြရန် ငွေပေးပြီး အနီးကပ်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ NDD သိန်းဝင်းပေးပို့သော ဂြိုဟ်တုဖုန်းသုံးလုံးကို လက်ခံပြီး ယူဂျီများထံဖြန့်ဝေပေးခဲ့ကြောင်း၊ မဲဆောက်ရောက် NLD(LA) အတွင်းရေးမှူး ဒေါ်စန်းစန်းပေးခိုင်း၍ သာကေတမြို့နယ်နေ ၎င်းတို့၏ ယူဂျီဦးအောင်သိန်းထံ ဂြိုဟ်တုဖုန်းတစ်လုံး ပေးပို့ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ် ဇူလိုင်လအတွင်း တစ်ဖက်နိုင်ငံ ဘတ်၂၀၀ဈေးအနီးရှိ သိန်းဝင်းအိမ်သို့ရောက်ရှိစဉ် သိန်းဝင်းက ဖောက်ခွဲရေးသမား သက်ခိုင်အားချိန်ကိုက်ဗုံး တပ်ဆင်ဖောက်ခွဲပုံနည်းစနစ် သင်ကြားပြသနေသည်ကို ၎င်းကိုယ်တိုင် တွေ့မြင်ခဲ့ရကြောင်း၊ သိန်းဝင်းက ၎င်း၏အိမ်အနောက်ဘက်ဘဲရေအိုင်ငယ်မြေအောက်၌ လက်နက်အချို့ မြှုပ်နှံထားသည်ဟု ပြောပြခဲ့ကြောင်း၊ ၂၀၀၄ခုနှစ် ဩဂုတ်လ၌ တစ်ဖက်နိုင်ငံရှိ သိန်းဝင်းထံ ရောက်ရှိစဉ် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ သင်္ဘောအား လောင်ချာဖြင့်ပစ်ခတ်မှုသည် ပြည်သစ်ညွန့်ဝေနှင့် နောက်လိုက်များ၏ လက်ချက်ဖြစ်သည်ဟု သိန်းဝင်းက ၎င်းအား ပြောပြခဲ့ကြောင်း၊ NDD သိန်းဝင်းသည် ပြည်တွင်းဖောက်ခွဲရေးလုပ်ရာ၌ ဖောက်ခွဲရေးသမားတင်မိုးကို အဓိကထားခိုင်းစေပြီး တင်မိုးဟာ ကိုနိုင်(ပဲခူး)၊ ဝင်းမင်း(စစ်ကိုင်း)တို့နဲ့ ပူးပေါင်းပြီး ဖောက်ခွဲမှုပြုလုပ်လေ့ရှိကြောင်း၊ ရန်ကုန်မြို့ သုံးနေရာ ဖောက်ခွဲမှုဟာ NDD သိန်းဝင်း၏ လက်ချက်ဖြစ်သည်ဟု သိန်းဝင်း၏ အနီးကပ်လူယုံတစ်ဦးက ၎င်းအားပြောပြခဲ့ကြောင်း ထွက်ဆိုထားပါတယ်။

သတင်းများပေးပို့

အလားတူပဲ ၂၅–၃–၂၀၀၆ရက်နေ့မှာ ထပ်မံဖမ်းမိခဲ့တဲ့ NDD သိန်းဝင်းရဲ့ အမာခံယူဂျီ သာကေတမြို့နယ်နေ ဦးအောင်သိန်းကလည်း အရေးအခင်းမတိုင်မီ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတွင် ဒေါ်စန်းစန်း (ယခင်က NLD ဆိပ်ကမ်းမြို့နယ် အရွေးချယ်ခံ ကိုယ်စားလှယ်ဖြစ်ပြီး ယခုအခါ ပြည်ပြေး NLD(LA) အတွင်းရေးမှူးလုပ်နေသူ)နဲ့အတူ တစ်ဌာနတည်း အလုပ်လုပ်ခဲ့ဖူးကြောင်း၊ အရေးအခင်းအပြီးတွင် NLD ပါတီသို့ဝင်ရောက်ပြီး စည်းရုံးရေးကော်မတီဝင်၊ ဗဟိုလူမှုအထောက်အကူပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဒေါ်စန်းစန်းဟာ မဲဆောက်တွင် NDD သိန်းဝင်းနေအိမ်၌နေထိုင်ခဲ့ပြီး ၎င်းနှင့် ဒေါ်စန်းစန်းတို့ ဖုန်းအဆက်အသွယ်ရှိကြောင်း၊ ၂၀၀၄ခုနှစ် ဇွန်လတွင် ဒေါ်စန်းစန်းက ဆရာရဲနဲ့အတူ ငွေကျပ်သုံးသိန်းနှင့် ဂြိုဟ်တုဖုန်းတစ်လုံးပေးပို့ပြီး ပြည်တွင်းမှ ၎င်းတို့အဆက်အနွယ်ပါတီနှင့် အဖွဲ့အချို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုသတင်းများကို ပေးပို့ခိုင်း၍ (၁၃)ကြိမ်ခန့် ပေးပို့ခဲ့ကြောင်း၊ ၎င်းသတင်းများကို ဒေါ်စန်းစန်းက NCGUB စိန်ဝင်း၊ NLD(LA) ဝင်းခက်နဲ့ MPU အဖွဲ့သို့ ထပ်ဆင့်ပေးပို့ခဲ့ကြောင်း၊ NDD သိန်းဝင်းနဲ့ NLD(LA) ဒေါ်စန်းစန်းတို့ ပို့ပေးခဲ့သော စုစုပေါင်းငွေကျပ် လေးသိန်းခွဲကို NLD ပါတီဝင်များရဲ့ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် ၎င်း၏စရိတ်စကများအဖြစ် အသုံးပြုခဲ့ကြောင်း ထွက်ဆိုထားပါတယ်။

၂၆–၃–၂၀၀၆ ရက်နေ့မှာ ထပ်မံဖမ်းမိခဲ့တဲ့ NDD သိန်းဝင်းရဲ့ အမာခံယူဂျီ ဖြူးမြို့ဇာတိ ခိုင်မာစိုးကလည်း တစ်ဖက်နိုင်ငံသို့ တရားမဝင်အလုပ်သွားလုပ်ရာမှ NDD သိန်းဝင်းက သိမ်းသွင်းပြီး ပြည်တွင်းသို့ ငွေနှင့်ပစ္စည်းများ ပေးပို့သည့်အလုပ်ကို လုပ်ခိုင်းခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်တွင် သင်္ကန်းညီနောင်၌ အဖမ်းခံရပြီး ထောင်လေးနှစ် ကျခဲ့ကြောင်း၊ ၁–၆–၂၀၀၅ ရက်နေ့၌ ထောင်မှလွတ်ပြီး မဲဆောက်ရှိ သိန်းဝင်းနဲ့ ပြန်လည်ဆက်သွယ်ခဲ့ရာ သိန်းဝင်းက ငွေကျပ်လေးသိန်းခန့် ထောက်ပံ့ခဲ့ကြောင်း၊ NDD သိန်းဝင်းရဲ့ စေခိုင်းမှုအရ ပြည်တွင်းရှိ ၎င်း၏ အမာခံယူဂျီအချို့ထံ ထောက်ပံ့ငွေများပေးပို့ခဲ့ရကြောင်း၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် သိန်းဝင်းနေအိမ်၌ သိန်းဝင်း၏ စီစဉ်ပေးမှုအရ ပြည်ပအသံလွှင့်ဌာနတစ်ခုနဲ့ ဂြိုဟ်တုဖုန်းဖြင့် အမေးအဖြေပြုလုပ်ပြီး မြန်မာနိုင်ငံ၌ နွေစပါးစိုက်ပျိုးမှုကိစ္စများကို မဟုတ်မမှန် လုပ်ကြံပြောဆိုခဲ့ရကြောင်း ထွက်ဆိုထားပါတယ်။

ပတ်သက်ဆက်စပ်

ဒါ့အပြင် အုတ်တွင်းမြို့နယ် NLD ပါတီဒုဥက္ကဋ္ဌ (ယခင်အုတ်တွင်းမြို့နယ် NLD ပါတီဥက္ကဋ္ဌ) ဦးခင်မောင်ဝင်းရဲ့ ၃၁–၃–၂၀၀၆ ရက်နေ့မှာ ဝန်ခံထွက်ဆိုချက်တွေအရ အကြမ်းဖက်အဖျက်သမား NDD သိန်းဝင်းနဲ့ ပတ်သက်ဆက်စပ်နေမှုတွေကို အခုလို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ဦးခင်မောင်ဝင်းက ၎င်းဟာ အရေးအခင်းအပြီးမှာ မြို့နယ် NLD ဥက္ကဋ္ဌဖြစ်လာပြီး ၁၉၉၀ ရွေးကောက်ပွဲ၌ အုတ်တွင်းမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မြေ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာကြောင်း၊ ၁၉၉၁ ခုနှစ်၌ အရေးပေါ် ၅(ည)နှင့် လောင်းကစားအက်ဥပဒေ ၁၅(က)အရ ထောင်(၁၅)နှစ်ကျခဲ့ကြောင်း၊ တောင်ငူထောင်၌ သိန်းဝင်းနှင့်တွေ့ဆုံခဲ့ဖူးကြောင်း၊ ၃၀–၇–၂၀၀၁ရက်နေ့၌ ပြန်လွတ်လာပြီး အုတ်တွင်းမြို့နယ် NLD ပါတီ ဒုဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ကျွဲပွဲမြို့၌နေထိုင်စဉ် ၂၀၀၅ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလ၌ ခိုင်မာစိုး နှစ်ကြိမ်လာရောက်ပြီး တစ်ဖက်နိုင်ငံ၌ သိန်းဝင်းရှိနေကြောင်း၊ သိန်းဝင်းက သတင်းမေးလိုက်ကြောင်းပြောပြီး ငွေကျပ်ငါးသောင်း ပေးသွားကြောင်း၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ၌ ခိုင်မာစိုး တတိယအကြိမ်ရောက်လာပြီး မြို့နယ်အတွင်းရှိ လယ်သမားများအနေဖြင့် ဆန်စပါးကြိုက်ဈေးမရသဖြင့် တိုင်စာတက်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရန် သိန်းဝင်းက မှာကြားလိုက်သည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းက လယ်သမားများ ဆန်စပါးဈေးကောင်းရနေပြီး မတ်ပဲလည်းအထွက်ကောင်း၊ ဈေးကောင်းရနေ၍ တိုင်စာတက်ရန် မဖြစ်နိုင်ကြောင်းပြန်ပြောရာ ကြိုးစားလုပ်ပေးပါဟုပြောပြီး ခိုင်မာစိုးက ငွေကျပ်ငါးသောင်း ပေးသွားကြောင်း၊ မတ်လဆန်းတွင် ခိုင်မာစိုးထပ်ရောက်လာပြီး ထိုကိစ္စကိုမေးရာ ၎င်းက မလုပ်ဖြစ်ကြောင်း၊ တိုင်ကြားမည့်သူလည်း မရှိကြောင်းပြောသဖြင့် ခိုင်မာစိုးက ထပ်ကြိုးစားပါဦးဟု ပြောသွားကြောင်း ထွက်ဆိုထားပါတယ်။

တွေ့ဆုံဆွေးနွေးခဲ့

ထို့အတူပဲ ၂၈–၃–၂၀၀၆ ရက်နေ့က ထပ်မံဖမ်းမိခဲ့တဲ့ NDD သိန်းဝင်းရဲ့ အမာခံယူဂျီ ဦးအောင်မိုး (၇၇)နှစ်ကလည်း သိန်းဝင်းရဲ့ စီစဉ်ပေးမှုအရ မဲဆောက်မြို့ Patik ဟိုတယ်တွင် ပြည်သစ်ညွန့်ဝေနှင့်တွေ့ဆုံပြီး အမေရိကန်နိုင်ငံသားတစ်ဦးပို့ချတဲ့ အလုပ်သမားဆိုင်ရာသင်တန်း၌ ဘာသာပြန်ဆိုပေးကာ ပြန်ဆိုခအဖြစ် ငွေကြေးများရယူခဲ့ကြောင်း၊ ပြည်တွင်းမှ လုပ်ကြံသတင်းများကိုလည်း ဖန်တီးပေးပို့ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ၌ မဲဆောက်ရှိ သိန်းဝင်းအိမ်သို့ သွားရောက်နေထိုင်စဉ် NCGUB ပြည်ပြေးစိန်ဝင်း၊ FTUB ပြည်သစ်ညွန့်ဝေ၊ KNU မှ ဖဒိုမန်းရှာတို့နှင့်တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ အခပေးခိုင်းစေမှုအရ မြန်မာနိုင်ငံ၏ ငွေကြေးသုံးစွဲမှု အခြေအနေစာတမ်းကို ရေးသားပေးခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် မတ်လတွင် သိန်းဝင်းထံ သွားရောက်ခဲ့ရာ သခင်သိန်းဖေ၊ လူထုဒေါ်အမာ၊ ဒဂုန်တာရာ၊ ဦးဘဆွေတို့နှင့်တွေ့ဆုံရန် သိန်းဝင်းက စေခိုင်းပြီး ငွေကျပ်လေးသိန်းပေးလိုက်ကြောင်း၊ သခင်သိန်းဖေ၊ ဦးဘဆွေတို့နှင့်တွေ့ဆုံခဲ့ပြီး သခင်သိန်းဖေအား ငွေကျပ်ငါးသောင်း၊ လူထုဒေါ်အမာထံ ငွေကျပ်တစ်သိန်းပေးအပ်ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် စက်တင်ဘာလ၌ သိန်းဝင်းထံ ထပ်မံသွားရောက်၍ KNU မှ ဖဒိုမန်းရှာ၊ မန်းငြိမ်းမောင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဒီဇင်ဘာလ၌ နောက်ထပ်သွားရောက်စဉ် သိန်းဝင်းအိမ်၌ KNU စစ်ဦးစီးချုပ်မှုတူးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ထွက်ဆိုထားပါတယ်။



၃–၁–၂၀၀၆နေ့က ပဲခူးမြို့ အထက(၁)အနီး ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံများ။ (သတင်းစဉ်)

ဖော်ပြပါ ထွက်ဆိုချက်တွေကိုကြည့်ရင် ပြည်တွင်းမှ "NLD"ပါတီဝင်တွေ၊ ဝါရင့်ပုဂ္ဂိုလ်ဆိုသူတွေနဲ့ ပြည်ပရောက် အကြမ်းဖက်အဖျက်သမားပြည်ပြေးတွေ ပတ်သက်ဆက်နွှယ်မှုတွေရှိနေကြောင်း ဖော်ထုတ်တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို ပြည်တွင်းပြည်ပ ပတ်သက်ဆက်ဆံနေမှုတွေနဲ့တကွ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB၊ ပြည်သစ်ညွန့်ဝေရဲ့ FTUB နဲ့ KNU တို့အပါအဝင် NCUB အဖွဲ့ဝင် အားလုံးဟာ အကြမ်းဖက်အဖျက်သမား (Terrorist)တွေသာဖြစ်ကြောင်း သတင်းစာဆရာကြီးများ ကိုယ်တိုင်ကိုယ်ကျ မေးမြန်းကြားသိနိုင်ကြဖို့အတွက် ၎င်းတို့ရဲ့ အမာခံယူဂျီတွေကို ဒီခန်းမထဲမှာ ခေါ်ယူထားပါကြောင်း အသိပေးပြောကြားလိုပါတယ်။

ကြိုးပမ်းခဲ့

ပြည်တွင်းတိုက်ကွက်၊ မြေအောက်တိုက်ကွက်များနဲ့အညီ လတ်တလောပြုလုပ်လိုက်တဲ့ ပြည်ပရဲ့ တိုက်ကွက်တစ်ခုကတော့ ၃၀–၃–၂၀၀၆ရက်နေ့က ဂျီနီဗာမှာကျင်းပတဲ့ (၂၉၅)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးမှာ အလုပ်သမားကိုယ်စားလှယ်ခေါင်းဆောင် Sir Leroy Trotman ဆိုသူက ပြည်သစ်ညွန့်ဝေရဲ့ FTUB ကို အကြမ်းဖက်အဖွဲ့အစည်း အဖြစ်သတ်မှတ်ပြီး မတရားအသင်းအဖြစ်ကြေညာခြင်းကို လက်မခံကြောင်း၊ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေးခိုင်းစေမှုကိစ္စ ပြုပြင်ပြောင်းလဲရေးလုပ်ရာမှာ တိုးတက်မှုမရှိကြောင်း စွပ်စွဲပြီး လာမယ့်ဇွန်လ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံမှာ မြန်မာနိုင်ငံကိစ္စကို တင်သွင်းဆွေးနွေးနိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

အဲ့ဒီလို မြန်မာနိုင်ငံအပေါ် စွပ်စွဲပြီး ပြည်ပမှ တိုက်ကွက်ဆင်နိုင်အောင် ပြည်သစ် ညွှန့်ဝေနဲ့ ပြည်ပြေးလေးငါးယောက်ကို FTUB တံဆိပ်တပ်ပေးပြီး မြန်မာနိုင်ငံအတွင်းမှ လုပ်ကြံသတင်းတွေကို တစ်ဖက်လှည့်နဲ့ ပေးပို့ခိုင်းနေတာ ဖြစ်ပါတယ်။

တကယ်တော့ အကြမ်းဖက်အဖျက်သမား တရားခံပြေး ပြည်သစ်ညွှန့်ဝေကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ(ILC)ရဲ့ စံနှုန်းများကော်မတီ(CAS)အစည်းအဝေးများသို့ အပြည်ပြည်ဆိုင်ရာလွတ်လပ်သော အလုပ်သမားများသမဂ္ဂအဖွဲ့ချုပ် (ICFTU) လက်အောက်မှ အလုပ်သမားကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ပြုနေခြင်းဟာ အကြမ်းဖက်အဖျက်သမား (Terrorist) ကို နိုင်ငံရေးစင်မြင့်ထက်တင်ပြီး အားပေးအားမြှောက်ပြုနေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ILO ဟာ အကြမ်းဖက်သမားတွေကို အသိအမှတ်ပြုပေးနေသလားလို့ ထင်စရာဖြစ်လာပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဒါတွေဟာ နိုင်ငံတော်အစိုးရကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေးသုံးဖက်သုံးတန် ညှပ်တိုက်နေတဲ့ အစီအမံအရ မြေပေါ်တိုက်ကွက်ကို ဆက်လက်ပြီး အရှိန်မြှင့်ပေးလိုက်တဲ့ ပြည်ပတိုက်ကွက်တစ်ခုဖြစ်ပါတယ်။

ထို့အတူပဲ ပြည်ပဆရာကြီးများနဲ့ ၎င်းတို့ရဲ့ လက်ပါးစေ၊ လက်ဝေခံအဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေးခိုင်းစေနေတယ်၊ ကလေးစစ်သားတွေ အသုံးပြုနေတယ်၊ Lisenced to Rape လုပ်နေတယ်၊ Ethnic Cleansing လုပ်နေတယ်၊ ကျေးရွာတွေကို အတင်းအကျပ် ရွှေ့ပြောင်းခိုင်းနေတယ်စတဲ့ စွပ်စွဲချက်တွေနဲ့လည်း ထိုးနှက်တိုက်ခိုက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ Ethnic Cleansing လုပ်ပြီး အစုလိုက်အပြုံလိုက် သေကျေပျက်စီးအောင် အမှန်တကယ်လုပ်ဆောင်နေသူကတော့ ရွာလုံးကျွတ် မီးရှို့သတ်ဖြတ်မှု၊ လူစည်ကားရာနေရာတွေမှာ ဗုံးခွဲသတ်ဖြတ်မှု၊ ရထားလမ်းတွေမှာ ဗုံးခွဲသတ်ဖြတ်မှုစတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်ကျင့်သုံးနေကြတဲ့ NCUBအဖွဲ့ဝင် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူတွေနဲ့ ပြည်ပြေးအုပ်စုတွေပဲ ဖြစ်ပါတယ်။

တွန်းတွန်းတိုက်တိုက်လုပ်ဆောင်

ဒါတွေကို မျက်ကွယ်ပြုပြီး အမေရိကန်နဲ့ ဥရောပနိုင်ငံအချို့ကဆိုရင် ပြည်ပတိုက်ကွက် နည်းဗျူဟာတစ်ရပ်အဖြစ် မြန်မာနိုင်ငံအပေါ်မှာ စီးပွားရေးဟန့်တားပိတ်ဆို့မှု Sanctions တွေချမှတ်ပြီး ဆောင်ရွက်ရုံသာမက တရုတ်၊ အိန္ဒိယ၊ အာဆီယံစတဲ့ ဒေသတွင်း နိုင်ငံတွေကိုပါ မြန်မာနိုင်ငံအပေါ် ဝိုင်းပြီး ဖိအားပေးဖို့ တွန်းတွန်းတိုက်တိုက် လုပ်ဆောင်လာကြတာ တွေ့နေရပါတယ်။

ဒါတင်မကသေးဘဲ မြန်မာ့အရေးကို ဒေသအရေးဖြစ်သယောင် အကြောင်း အမျိုးမျိုးရှာ၊ ပုံကြီးချဲ့၊ လိုရာဆွဲ ကောက်ချက်ချပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့အထိ ကြိုးပမ်းနေဆဲဖြစ်ပါတယ်။ ၂၉–၃–၂၀၀၆ရက်နေ့က အမေရိကန်အထက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ကြားနာပွဲဆိုတာကိုပြုလုပ်ပြီး အမေရိကန်ရဲ့ Sanctions ကို ပြည်တွင်းမှာ ထိန်းသိမ်းထားတဲ့ ၎င်းတို့ရဲ့ပုဆိန်ရိုးတွေ မလွှတ်မချင်း ဆက်လက်ချမှတ်သွားရေး၊ မြန်မာနိုင်ငံအရေးကို အမေရိကန်သမ္မတနဲ့အစိုးရက အခြားနိုင်ငံများနှင့် လက်တွဲဆောင်ရွက်ရေး၊ မြန်မာ့အရေးကိစ္စဟာ ဒေသတွင်းနိုင်ငံတွေကို ခြိမ်းခြောက်လာလို့ အမေရိကန် အစိုးရအနေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ထပ်မံဆွေးနွေးသွားဖို့ ဆောင်ရွက်ရေးဆိုတာတွေကို အသားလိုလို့ အရိုးတောင်းတဲ့ နည်းလမ်းအတိုင်း ဖောင်းပေးဆွေးနွေးသွားကြောင်း တွေ့ရပါတယ်။

အံ့သြဖွယ်ကြားသိ

ထို့အတူ NCUB မှာပါဝင်တဲ့ NLD ပြည်ပြေး ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များအဖွဲ့(MPU)နဲ့ ဘားမားကင်မ်ပိန်း(အိန္ဒိယ)ဆိုတဲ့အဖွဲ့တို့ ပူးပေါင်းပြီး ၃၁–၃–၂၀၀၆ ရက်နေ့က အိန္ဒိယနိုင်ငံမှာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီမှာ ဘာဆွေးနွေးခဲ့သလဲဆိုရင် "မြန်မာပြည်အရေးပြဿနာဟာ မြန်မာပြည်ရဲ့ နယ်နိမိတ်ထဲမှာ မဟုတ်ဘဲ နယ်နိမိတ်ရဲ့အပြင်ကို ထွက်ပြီးတော့ ဒေသတွင်းမတည်ငြိမ်မှုကို ဖြစ်စေတယ်ဆိုတဲ့ ဟာကို ကျွန်တော်တို့ ဆွဲယူပြီးသကာလ ဘယ်လိုပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ နည်းလမ်းရှာနေတာ ဖြစ်ပါတယ်"လို့ NLD ပြည်ပြေးတင့်ဆွေက ရှင်းပြသွားကြောင်း အံ့သြဖွယ်ကြားသိလိုက်ရပါတယ်။

အလားတူပဲ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ ၃၁–၃–၂၀၀၆ရက်နေ့က မြန်မာ့အရေး ဆွေးနွေးပွဲဆိုတာကို ပြုလုပ်ခဲ့ပြန်ပါတယ်။ ဥရောပ(၁၃)နိုင်ငံမှ မြန်မာ့ ဒီမိုကရေစီအုပ်စုဆိုတာတွေရဲ့ ကိုယ်စားလှယ်တွေ၊ ဥရောပအခြေစိုက် NGO အဖွဲ့တွေနဲ့အတူ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB၊ ပြည်သစ်ညွှန့်ဝေရဲ့ NCUB တို့မှ ကိုယ်စားလှယ်တွေ တက်ရောက်ကြကြောင်း၊ မြန်မာ့အရေးကို လုံခြုံရေးကောင်စီက တာဝန်ယူဖြေရှင်းပေးဖို့ ဥရောပအနေနဲ့ ပိုမိုဖိအားပေးရန်တောင်းဆိုခဲ့ကြောင်း၊ မြန်မာအစိုးရကို ဖိအားပေးဖို့ လူ့အခွင့်အရေးချိုးဖောက်တယ်ဆိုတဲ့ အချက်အလက်တွေကို ရှာဖွေစုဆောင်းတင်ပြကြမှာ ဖြစ်ကြောင်း၊ NLD ရဲ့ ပြည်ထောင်စုနေ့ အထူးကြေညာချက်ကို အကြောင်းမပြန်ခဲ့ရင် မြန်မာအစိုးရအပေါ် ပိုမိုတင်းကျပ်တဲ့ ဖိအားပေးမှုတွေနဲ့ ဆက်ဆံဖို့ ဥရောပသမဂ္ဂ (EU)ကို တောင်းဆိုထားကြောင်း ကြားသိခဲ့ရပြန်ပါတယ်။

ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဒီဆောင်ရွက်မှုတွေနဲ့ တစ်ချိန်တည်းမှာပဲ စွမ်းအားမြှင့်မြန်မာကျောင်းသား စစ်သည်တော်အဖွဲ့(Vigorous Burmese Student Worriers-VBSW)ကလည်း ကြေညာချက်ထုတ်လာတာတွေ့ရပါတယ်။ အဲ့ဒီအဖွဲ့ရဲ့ ကြေညာချက်ထဲမှာ NLD ရဲ့ ပြည်ထောင်စုနေ့ကြေညာချက်ကို အစိုးရက အချိန်မီအကြောင်းပြန်ဖို့နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရုပ်သိမ်းဖို့တောင်းဆိုထားပါတယ်။ တကယ်လို့ အဲ့ဒီတောင်းဆိုချက်ကို မလိုက်နာရင် ပြည်ခိုင်ဖြိုး၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ အစိုးရနဲ့ပူးပေါင်းနေတဲ့ စီးပွားရေးသမားတွေကို တိုက်ခိုက်မယ်လို့ ဖော်ပြထားပါတယ်။ အဲ့ဒီ VBSW အကြမ်းဖက်အဖွဲ့ရဲ့ကြေညာချက်ကို VOAက မတ်လ၂၇ရက်ညမှာ အချိန်ကိုက်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါတွေဟာ ပြည်ပဆရာကြီးများနဲ့ လက်ဝေခံအပေါင်းပါများက ပြုလုပ်ဆင်နွှဲနေတဲ့ ပြည်ပတိုက်ကွက်၊ NLD နဲ့ အပေါင်းပါတစ်သိုက်ရဲ့ ပြည်တွင်း တိုက်ကွက်နဲ့ အကြမ်းဖက်အဖျက်သမားများရဲ့ မြေအောက်တိုက်ကွက်များပဲ ဖြစ်ပါတယ်။ ဒီလို သုံးဖက်သုံးတန် တိုက်ခိုက်မှုတွေကို နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုအားနဲ့ အောင်မြင်အောင် တားဆီးချေမှုန်းနိုင်လျက်ရှိပါတယ်။

အမျိုးသားရေးသတိ

ဒါပေမယ့် လွတ်လပ်ရေးဆိုတာ စည်းစည်းလုံးလုံး ညီညွတ်ညွတ်မရှိဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါက မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ဆုံးရှုံးသွားနိုင်ပြီး ဆုံးရှုံးသွားတဲ့လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ဆောင်ရွက်ရာမှာတော့ နှစ်ပေါင်း ၁၀၀ကျော် အသက်သွေးချွေး မြောက်မြားစွာပေးဆပ်ပြီးမှ ရရှိခဲ့တာဖြစ်ကြောင်း မြန်မာ့သမိုင်း သင်ခန်းစာကို ရှုမြင်ဆင်ခြင်ကာ ပြည်သူတစ်ရပ်လုံး အမျိုးသားရေးသတိ ရှိနေကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒို့တာဝန်အရေးသုံးပါး အစဉ်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ၊

နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါ၊

ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး နှောင့်နှေးကြန့်ကြာပျက်ပြားအောင်၊ နိုင်ငံတော်ကို ခေတ်သစ်ကျွန်နိုင်ငံဖြစ်အောင် ပြည်တွင်းပြည်ပအဖျက်သမားများရဲ့ သုံးဖက်သုံးတန်တိုက်ခိုက်မှုကို ပြည်သူ့သဘောထားလေးရပ်နဲ့အညီ ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြပါ၊

ပြည်သူလူထုနဲ့ ရောနှောအသွင်ဆောင်ပြီး ဖောက်ခွဲဖျက်ဆီးမှုတွေ လုပ်နေတဲ့ အကြမ်းဖက်အဖျက်သမားများကို ထောက်လှမ်းရေးအသိ၊ လုံခြုံရေးသတိဖြင့် အစဉ်စောင့်ကြပ်ကြည့်ရှုပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်သတင်းပေးကြပါ၊

အကြမ်းဖက်အဖျက်သမားများ မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း ချဉ်းကပ်ခြင်း၊ ဝင်ရောက်ခိုအောင်းခြင်း မပြုနိုင်အောင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ရှင်းလင်းဖယ်ရှားသွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

အမျိုးသားရေး ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်း

- အကြမ်းဖက်သမားတွေရဲ့ အတောမသတ်နိုင်တဲ့ မိုင်းထောင်ဖောက်ခွဲမှုတွေကို အချိန်မီဖော်ထုတ်တားဆီးပြီး ပြည်သူလူထုအပေါ် ကြီးမားတဲ့အန္တရာယ်တွေ မကျရောက်အောင် ကြိုတင်ကာကွယ်နိုင်ခဲ့တဲ့ဖြစ်ရပ်အားလုံးကို ဆန်းစစ်ကြည့်ရင် တာဝန်သိပြည်သူတွေရဲ့ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု လုံခြုံရေးသတိရှိစွာဖြင့် စူးစမ်းရှာဖွေဖော်ထုတ်သတင်းပေးမှုဆိုတဲ့ အမျိုးသားရေးပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းတွေကြောင့်ဖြစ်ကြောင်း တွေ့ရှိရ၊
- အမေရိကန်နဲ့ ဥရောပနိုင်ငံ အချို့ကဆိုရင် ပြည်ပတိုက်ကွက် နည်းဗျူဟာတစ်ရပ်အဖြစ် မြန်မာနိုင်ငံအပေါ်မှာ စီးပွားရေး ဟန့်တား ပိတ်ဆို့မှု Sanctions တွေချမှတ်ပြီး ဆောင်ရွက်ရုံသာမက တရုတ်၊အိန္ဒိယ၊အာဆီယံ စတဲ့ ဒေသတွင်း နိုင်ငံတွေကိုပါ မြန်မာနိုင်ငံအပေါ် ဝိုင်းပြီး ဖိအားပေးဖို့ တွန်းတွန်းတိုက်တိုက် လုပ်ဆောင်လာကြတာတွေ့နေရ၊
- မြန်မာ့အရေးကို ဒေသအရေးဖြစ်သယောင် အကြောင်းအမျိုးမျိုးရှာ ပုံကြီးချဲ့ လိုရာဆွဲကောက်ချက်ချပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့အထိ ကြိုးပမ်းနေကြဆဲဖြစ်။

KNU ၏အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများကို ဖော်ထုတ်ရရှိထားခဲ့ပြီးဖြစ် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် သဘောထားမပြောင်းလဲ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ကမ္ဘာကအသိအမှတ်ပြုရသည်အထိ ဆောင်ရွက်နိုင်ခဲ့

ရန်ကုန် ဧပြီ ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းတိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်၍ သတင်းရယူခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားသိလိုရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့၏မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းစာရှင်းလင်းပွဲသို့ ခေါ်ယူထားသည့် FTUB ပြည်သစ်ညွန့်ဝေနှင့် NDD သိန်းဝင်းတို့၏ အမာခံအဖြစ် ဆက်သွယ်ဆောင်ရွက်ခဲ့ကြသူ ငါးဦးတို့၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဦးလှထွေး

(နီယွန်ကေဖိုင်းရှင်ဘွန်းသတင်းစာ)

ကျွန်တော် ဝန်ကြီးကိုမေးခွင့်ပြုပါ။ ကျွန်တော်မေးမယ့် မေးခွန်းက ကျွန်တော် လားရှိုးသတင်းစာရှင်းလင်းပွဲမှာ မေးခဲ့တဲ့မေးခွန်းပါ။ အဲဒီမေးခွန်း

အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် သတင်းစာ ရှင်းလင်းပွဲ (၃/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားစဉ်။

(သတင်းစဉ်)

ကို ဆက်ပါမယ်၊ အဲဒီမေးခွန်းမှာ ဝန်ကြီး ပြောသွားတာက KNU နဲ့ ကျွန်တော်တို့ဟာ ထိတွေ့ဆဲပါ၊ We are still in contact with KNU ဖြစ်ပါတယ်။ နောက် ဒုတိယတစ်ချက်က ကျွန်တော်တို့ KNU ကို ငြိမ်းချမ်းရေးဆွေးနွေးဖို့အတွက် တံခါးဖွင့်ထားဆဲပါ ဆိုတဲ့စကားနှစ်ခုကို ဝန်ကြီးပြန်ဖြေခဲ့ပါတယ်။ အဲဒီအထိ ကျွန်တော်သတိထားမိတာက KNU ကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ထိန်းထိန်းသိမ်းသိမ်းပဲ ဟု သိပ်ပြီးတော့ ဖော်ထုတ်ပြီးတော့၊တိုက်ခိုက်ပြီးတော့၊ မပြောခဲ့ပါဘူး။ ဒီသတင်းစာရှင်းလင်းပွဲမှာတော့ ပထမဆုံးအကြိမ်လိုပဲ KNU ကိုပြတ်ပြတ်သားသား သူတို့ရဲ့ အဖျက်လုပ်ငန်းတွေကို ဖော်ထုတ်ပြောလာတာတွေ့ပါတယ်။ အဲဒါကြောင့် မို့လို့ ဝန်ကြီးဖြေသွားတဲ့ KNU နဲ့ ကျွန်တော်တို့ ထိတွေ့ဆဲပဲ၊ KNU အပေါ်မှာ ကျွန်တော်တို့ တံခါးဖွင့်ထားဆဲပဲဆိုတဲ့ဥစ္စာ ပျက်ပြားသွားပြီလား၊ KNU နဲ့ကျွန်တော်တို့ထိတွေ့ဆဲဟာ မရှိတော့ဘူးလား။ နောက်ဒါနဲ့

တစ်ဆက်တည်းပဲ KNU နဲ့ကျွန်တော်တို့တပ်တွေနဲ့ တိုက်ပွဲတွေဖြစ်နေတာများရှိနေလား၊ ကျွန်တော် သိပါရစေ။

နောက် ဒုတိယတစ်ချက်ကတော့ ဒီသတင်းစာရှင်းလင်းပွဲမှာ တစ်ဖက်နိုင်ငံ တစ်ဖက်နိုင်ငံလို့ တော်တော်များများ ပြန်ပြောလာပါတယ်။ နောက် မဲဆောက်ဆိုတာကော တိုက်ရိုက်ပြောပါတယ်။အဲဒီတော့ဒီလိုပြောတဲ့အတွက် ဒီမလိုလားအပ်တဲ့ သောင်းကျန်းသူခေါ်ခေါ်၊ Terrorist ခေါ်ခေါ်၊ Rebel ခေါ်ခေါ်၊ ဒီပုဂ္ဂိုလ်တွေကို၊ ဒီအုပ်စုတွေကို တစ်ဖက်နိုင်ငံမှာ အခုပြန်ပြီးတော့ သူတို့လှုပ်ရှားလို့ ရနေပြီလား၊ ပိုရနေပြီလား၊ တစ်ဖက်နိုင်ငံကကော မသိဘူးလား၊ အဲဒါလေး သိပါရစေ။

ပြန်ကြားရေးဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ်၊ ဦးလှထွေး။ ဦးလှထွေးမေးမြန်းတဲ့ ပထမမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် တကယ်တော့ ကျွန်တော်တို့ အနေနဲ့က ဒီနေ့ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲ မတိုင်ခင် အရင့်အရင် သတင်းစာရှင်းလင်းပွဲတွေ လုပ်တုန်း

ကတည်းက KNU ရဲ့အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုတွေကို ဖော်ထုတ်ရရှိသိရှိထားခဲ့ပြီးဖြစ်ပါတယ်။ဒါပေမယ့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ နှစ်ဖက် ငြိမ်းချမ်းရေး စကားပြောနေတဲ့ အခြေအနေကို အခက်အခဲမဖြစ်စေချင်တဲ့အတွက် သဘောထား ကြီးကြီးထားပြီးတော့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတုန်းက ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲတွေမှာ KNU ရဲ့ အကြမ်းဖက် လုပ်ရပ်တွေကို ကျွန်တော်တို့ ချပြရှင်းလင်းခြင်း မပြုခဲ့ပါဘူး။ ဒါပေမယ့်လဲ တစ်ဖက်ကနေပြီးတော့ အခုလို ငြိမ်းချမ်းရေး ဆွေးနွေးမှုလုပ်နေဆဲကာလတွေမှာ KNU အနေနဲ့ အခုလို ဖောက်ခွဲမှုတွေ၊ ဖျက်ဆီးမှုတွေ ပြုလုပ်တာဟာ မကောင်းဘူး၊ မသင့်ဘူးဆိုတာကိုတော့ သူတို့ဆီကို တိုက်ရိုက်ပြောဆိုအသိပေး၊ ထိန်းသိမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့်လဲ KNU အနေနဲ့က ထိန်းထိန်းသိမ်းသိမ်း မလုပ်ဘဲ သူတို့ရဲ့ အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်တွေကို တိုးမြှင့်ပြီး

ဆောင်ရွက်လာတဲ့အတွက် ဒီနေ့ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အခုလို ပြည်သူကိုသိရှိအောင် ရှင်းလင်းပြရခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့်လဲ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ရင် နိုင်ငံတော်အစိုးရရဲ့ သဘောထား မပြောင်းလဲပါဘူး။ ငြိမ်းချမ်းရေးတံခါး ဖွင့်ထားလျက်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေး ရအောင်လဲ ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင်တော့ နိုင်ငံတော်အစိုးရအနေနဲ့ ကနေ့အခါမှာသီးခြားစစ်ဆင်ရေး မလုပ်ပါဘူး။ ဒါပေမယ့်လဲ ပြည်သူတစ်ရပ်လုံးရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံအောင် ဆောင်ရွက်ပေးဖို့၊ ကာကွယ်ပေးဖို့ နိုင်ငံတော်အစိုးရမှာ တာဝန်ရှိပါတယ်။ ကျွန်တော် ရှင်းလင်းပြတဲ့အထဲမှာ ပါတဲ့ KNU ရဲ့ မီးရထားလမ်းကို မိုင်းခွဲတိုက်ခိုက်ဖို့ ဆောင်ရွက်မှုဟာ တကယ်လို့သာ လုံခြုံရေးအဖွဲ့တွေက ကြိုတင်ရှင်းလင်းဖယ်ရှားနိုင်ခြင်းမရှိခဲ့ဘူးဆိုရင် ရထားပါတိမ်းမှောက်၊ ခရီးသွားပြည်သူတွေ အများအပြားသေကျေပျက်စီးဆုံးရှုံးမယ့် အန္တရာယ်ဖြစ်လာ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ သတင်းစာ ရှင်းလင်းပွဲ(၃/၂၀၀၆) တွင် မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။

(သတင်းစဉ်)

နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံဖို့ရာအတွက်၊ အကာအကွယ် ပေးနိုင်ဖို့အတွက် အဲဒီဆက်စပ်ပတ်သက်နေတဲ့ နေရာတွေမှာ လုံခြုံရေးအစီအမံတွေ လုပ်ရပါတယ်။ အဖျက်အမှောင့်သမားတွေ ခိုအောင်းနိုင်တဲ့နေရာတွေမှာလဲ ပြည်သူ့လုံခြုံရေး ရရှိဖို့ရန်အတွက် ရှင်းလင်းမှုတွေကို ဆောင်ရွက်ရတာရှိပါတယ်။ သီးခြားစစ်ဆင်ရေးတော့ ကျွန်တော်တို့မလုပ်ပါဘူး။

တတိယမေးခွန်းနဲ့ပတ်သက်လို့ကတော့ မူလအနေအထားနဲ့ အခုအနေအထားပြောင်းလဲမှုမရှိပါဘူး၊ ပြောင်းလဲမှု မတွေ့ရပါဘူးလို့ ကျွန်တော် ဒီလိုပဲ ဖြေကြားလိုပါတယ်။

ဦးတင်မောင်အေး

(အဆာဟိရှင်ဘွန်း)

ကျွန်တော် မေးချင်တာလေးကတော့ ဆရာရဲ (ခေါ်) ကိုသန်းဦးက သိန်းဝင်းရဲ့ စေခိုင်းချက်အရ မြို့တော်

ခန်းမရှေ့မှာ သီလရှင်ဆန္ဒပြတာတွေ၊ သံရုံးရှေ့မှာ ဆန္ဒပြတာတွေမှာပါဝင်စီစဉ်တယ်ဆိုပြီး ကြားလိုက်ရပါတယ်။ အဲဒါ ဘယ်လိုများ ပါဝင်ဆောင်ရွက်ခဲ့တယ်ဆိုတာ နည်းနည်းလေးထပ်ပြီး ရှင်းပြ စေချင်ပါတယ်။ နောက်ပြီး သိန်းဝင်းရဲ့ စေခိုင်းချက်ကြောင့်ပဲ တစ်ယောက်စ နှစ်ယောက်စ ဆန္ဒပြတာတွေ၊ နောက် ယူဂျီလုပ်ငန်းတွေ လုပ်ရတာတွေမှာ ငွေကုန်ကြေးကျရှိမယ်လို့ ထင်ပါတယ်။ အဲဒီ ကုန်ကျငွေတွေ ဘယ်ကရပြီးတော့ ဘယ်လိုသုံးစွဲတယ်ဆိုတာလေး နည်းနည်းရှင်းပြပေးစေချင်ပါတယ်။

ဆရာရဲ(ခေါ်)ကိုသန်းဦး

ကျွန်တော်သန်းဦး(ခေါ်)ဆရာရဲပါ။ ဆန္ဒပြတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် ၂၀၀၃ ခုနှစ် ဇန်နဝါရီ၅ရက် နေ့လောက်မှာ သိန်းဝင်းက ကျွန်တော့်ကိုခေါ်ပြောပါတယ်။ ဆရာလေး ဒေါ်မာလာရီတို့ ပြည်တွင်းမှာ ရောက်နေပြီ၊ဆန္ဒပြဖို့အတွက်ကို ဆရာလေးတွေ စုစည်းထားတာရှိတယ်။ အဲဒါ ပို့ပြီးတော့အဆင်ပြေသွားအောင် ဆရာရဲ အနေနဲ့သွားပေးပါဆိုပြီး ကျွန်

တော့်ကို စေခိုင်းလိုက်တာဖြစ်ပါတယ်။ သူ ပြောပြီးတော့ ရက်ပိုင်းအတွင်းမှာပဲ ကျွန်တော်ပဲခူးကိုဆင်းလာခဲ့ပါတယ်။ ပဲခူးကိုရောက်တဲ့အခါမှာ သူပြောလိုက်တဲ့လိပ်စာအတိုင်း ကျွန်တော်သွားပါတယ်။ အဲဒီကိုသွားတွေ့တဲ့အခါမှာ ဆရာလေး ဒေါ်မာလာရီနဲ့ ဆရာလေး ဒေါ်သီလဝတီတို့ကို တွေ့ပါတယ်။ တွေ့တဲ့အခါ သူတို့ပြောတာက ဇန်နဝါရီ ၄ရက်နေ့ လွတ်လပ်ရေးနေ့ဟာ သိန်းဝင်းကို သူတို့ကတိပေးခဲ့တဲ့ ဆန္ဒပြပွဲတစ်ခု ကျင်းပမယ်ဆိုပြီးတော့ အဲဒီကိစ္စ မဖြစ်မြောက်ခဲ့ဘူးပေါ့၊ အဲဒါနဲ့ ပတ်သက်ပြီးတော့လဲ သူ့ကို တောင်းပန်ချင်တယ်၊ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံ တစ်ပုံလိုချင်တယ်၊ နောက်ပြီးတော့ သိန်းဝင်းနဲ့ ဆက်သွယ်စကား ပြောချင်တယ်၊ အဲဒီလိုပြောတယ်၊ အဲဒါနဲ့ ကျွန်တော့်မှာ ပါလာတဲ့ Satellite ဖုန်းနဲ့ပဲ သိန်းဝင်းနဲ့ အဆက်အသွယ်လုပ်ပြီး စကားပြော ခိုင်းပါတယ်၊ သူတို့ ၁၀ မိနစ် ၁၅ မိနစ်လောက် ပြောကြပါ

တယ်၊ ပြောကြပြီးတဲ့အခါမှာ ကျွန်တော်နဲ့ သူတို့နဲ့ အချိန်းအချက် လုပ်ပါတယ်၊ ၁၆ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံကြီးကို ယူလာပြီးတော့ မနက် ၆နာရီမှာ ပဲခူးကနေပြီးတော့ ထွက်ပါတယ်၊ ဆူးလေဘုရားကို ကျွန်တော် ရောက်တဲ့အချိန်မှာ ၈နာရီလောက် ရှိပါပြီ၊ ဆရာလေးနှစ်ပါးရယ်၊ ကျွန်တော်ရယ်၊ ပန်းဆိုးတန်းဘက်ကို လျှောက်သွားကြပါတယ်၊ အစီအစဉ်က ပန်းခြံဘက် အခြမ်းမှာရှိတဲ့ ဘတ်စ်ကားမှတ်တိုင်ဘက်ကနေပြီး အရင် စသွားမယ်၊ အဲဒီက ဘတ်စ်ကား စောင့်တဲ့လူတွေတချို့ကို သူတို့ စာရွက်စာတမ်းတွေ ဝေမယ်၊ ပြီးရင် ဘုရားဘက်ကို ကူးပြီးတော့ ဘုရား ရင်ပြင်တော်ပေါ် အတက်အဆင်းဖြစ်တဲ့နေရာ၊ ပန်းရောင်းတဲ့နေရာနဲ့ အနားမှာရှိတဲ့ ဈေးဆိုင်တချို့ အဲဒီကို သူတို့ စာရွက်စာတမ်းတွေ ဝေပြီးတာနဲ့ မြို့တော်ခန်းမဘက်ကို ကူးပြီး သူတို့ ဆန္ဒပြမှာ ဖြစ်တယ်လို့ ပြောတယ်၊ သူတို့က ကျွန်တော့်ထက် ၁၀ မိနစ် ၁၅ မိနစ်လောက် စောပြီးတော့သွားတယ်၊ ကျွန်တော်နောက်က လိုက်သွားပါတယ်၊ ကျွန်တော်က

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦး ကျော် ကျော် မောင် သတင်းစာ ရှင်းလင်းပွဲ (၃/၂၀၀၆)တွင် မေးမြန်း ချက် များ ကို ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။

(သတင်းစဉ်)

လမ်းထဲက နေပြီးတော့ မြို့တော်ခန်းမဘက်ကို ရှေ့တည့်တည့်လောက်ကိုထွက်လာတဲ့အချိန်မှာပဲ လှမ်းကြည့်လိုက်တော့ မြို့တော်ခန်းမရဲ့ ဆင်ဝင်အောက်မှာ ဆရာလေးနှစ်ပါးနဲ့ လုံခြုံရေးအဖွဲ့ လေးယောက် ငါးယောက်လောက်ကို တွေ့ပါတယ်။ ဆန္ဒပြပွဲပြီးသွားပြီနဲ့တူတယ်ဆိုပြီး ကျွန်တော်နောက်ကြောင်းကို ပြန်လှည့်သွားပါတယ်။ ပြန်လှည့်သွားပြီးတော့ အနော်ရထာလမ်းပေါ်လောက်မှာရှိတဲ့ လမ်းဘေးဖုန်းတစ်ခုက နေပြီးတော့ ကျွန်တော် ပဲခူးမှာရှိတဲ့ ကိုဝင်းမြင့်ဆီကို လှမ်းပြီးတော့ ဖုန်းနဲ့လှမ်းပြောလိုက်ပါတယ်။ ဆရာလေး နှစ်ပါးကတော့ သူတို့ ဆန္ဒပြတာပြီးသွားပြီပေါ့နော်။ အဲဒါအခု လုံခြုံရေးတပ်ဖွဲ့တွေခေါ်သွားပြီ အခု ပဲခူးပြန်လာတော့မယ်ဆိုတဲ့ အကြောင်း ပြောလိုက်ပါတယ်။ ဒါကတော့ ဆရာလေးတို့အပိုင်းနဲ့ပတ်သက်လို့ပါ။ အဲဒီကနေပြီး တစ်ဆက်တည်းပါပဲ ကျွန်တော် သိန်းဝင်းရဲ့ အဆက်အသွယ် ကောင်လေးတစ်ယောက်ရဲ့

အကူအညီနဲ့ပဲ ဦးပဥ္စင်းနန္ဒဝံသကို တွေ့ပါတယ်။တွေ့ပြီးတဲ့အခါကျတော့ ဖေဖော်ဝါရီ ၁၂ရက် ပြည်ထောင်စုနေ့မှာ ဆက်ပြီးတော့ ရန်ကုန်ဘူတာကြီး စခန်းသာရှေ့မှာ ဆန္ဒပြပွဲတစ်ခု ကျင်းပဖို့ဆိုပြီးတော့ ဦးပဥ္စင်းနန္ဒဝံသနဲ့ တိုင်ပင်ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် သူတို့ ဆန္ဒပြပွဲကတော့ မဖြစ်ဘူးပေါ့နော်။ အဲဒါနဲ့ ကျွန်တော်လဲ ပြန်ခဲ့ပါတယ်။ ပဲခူးကို ပြန်ခဲ့ပြီး ပဲခူးကနေပြီးတော့ အစီအစဉ် မဖြစ်ဘူးဆိုတဲ့ အကြောင်းကို ကျွန်တော်ပြောပြီးတဲ့ အခါကျတော့ ကျွန်တော် မဲဆောက်ကို ပြန်သွားပါတယ်။ မဲဆောက်ရောက်တဲ့အခါကျ တော့ မဲဆောက်မှာ ဦးပဥ္စင်းနန္ဒဝံသတို့နဲ့ ပြန်ဆုံပါတယ်။

မတ်လထဲမှာပဲ ဖြစ်လိမ့်မယ်နဲ့ တူပါတယ်။ နိုင်လင်းရယ်၊ ဦးပဥ္စင်းရယ်၊ တင်မိုးရယ် သူတို့ သုံးယောက်ကို ပြည်တွင်းကို လွှတ်လိုက်ပြီဆိုတဲ့ အကြောင်း သိန်းဝင်းက ကျွန်တော့်ကို ပြောပြပါတယ်။ အဲဒီတော့ ကျွန်တော့်ကိုလဲ ကျွန်တော်သွားနှင့်ပြီလို့လဲ သူတို့ကိုမှာလိုက်တယ်ပေါ့နော်။ ဘာပဲဖြစ်ဖြစ် သူတို့နဲ့အတူ ရှိနေတယ်ဆိုတဲ့ အကြောင်းကို နောက်ကျလို့ရှိရင်လဲ ပြောပေးဖို့ ကျွန်တော့်ကို ပြောပါတယ်။ အဲဒီကနေ နောက်မကြာဘူး သူတို့က ဗြိတိသျှသံရုံးရှေ့မှာ ဆန္ဒပြပွဲတစ်ခု ကျင်းပဖြစ်သွားတယ်။ အဲဒီကနေပြီး နိုင်လင်းကတော့ သံရုံးထဲကို ဝင်ပြေးတယ်ဆိုတဲ့ အကြောင်း ကြားသိရပါတယ်။ အဲဒါကတော့ ဦးပဥ္စင်းနန္ဒဝံသ အပါအဝင် နိုင်လင်းတို့ရဲ့ ဆန္ဒပြပွဲမှာ ကျွန်တော် ပါဝင် ပတ်သက်ခဲ့ပုံပါ။ တပ်ကြပ်ကြီး ဦးကျော်ကျော်ရဲ့ တစ်ကိုယ်တော် ရွှေဂုံတိုင်မှာ ဆန္ဒပြတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် တပ်ကြပ်ကြီး ဦးကျော်ကျော်ဟာ ကျွန်တော်နဲ့ မဲဆောက်ဈေးထဲမှာ ရင်းနှီးသိကျွမ်းခဲ့ရတဲ့ အပေါင်းအသင်း တစ်ယောက်ပါ။သူအလုပ်အားတဲ့ ရက်တွေကျရင် မေသဇင်စာအုပ်ဆိုင်မှာ သူနဲ့ကျွန်တော်နဲ့ ဆုံဖြစ်ပါတယ်။ အဲဒီလို ဆုံဖြစ်ကြရင်း တစ်နေ့သိန်းဝင်းနဲ့လဲ ဆုံပါတယ်။ သိန်းဝင်းနဲ့ဆုံတဲ့ အခါကျတော့ သူနဲ့စကားတွေပိုပြောဖြစ်ကြပါတယ်။ ပြောဆိုပြီးတော့

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဝန်ထမ်းများကို လစာတိုးပေးလိုက်သည့်အချိန် ကောလာဟလ အများအပြား ထုတ်လွှင့်နေခြင်းဖြစ်

စာမျက်နှာ ၁၀ မှ

သိန်းဝင်းနဲ့သူက ဆန္ဒပြပွဲတစ်ခုကို သူ လုပ်ချင်တယ်ဆိုတဲ့ အကြောင်း သူက တောင်းဆိုပါတယ်။

အဲဒီမှာ နောက်နှစ်ရက် သုံးရက် လောက်နေတော့ ကျွန်တော်သိန်းဝင်းနဲ့တွေ့တဲ့အခါကျတော့ ဦးကျော်ကျော် ဆင်းသွားပြီဆိုတဲ့အကြောင်း၊ ကျွန်တော့်ကိုတော့ အရင်ဆင်းသွားနှင့်ပြီလို့ပဲ ဦးကျော်ကျော်ကိုပြောလိုက်တယ်ဆိုတဲ့အကြောင်းပြောပြပါတယ်။ အဲဒီနောက်ပိုင်း ဦးကျော်ကျော်ရဲ့ဆန္ဒပြပွဲပြီးသွားပြီဆိုတဲ့အကြောင်းကျွန်တော်သိရပါတယ်။ ဒါတွေက ဆန္ဒပြပွဲနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ပါဝင်ပတ်သက်ခဲ့မှုတွေပါ။ နောက်တစ်ချက်က ဒီဆန္ဒပြပွဲတွေမှာ ပြုလုပ်တဲ့အခါမှာ ကုန်ကျစရိတ်ဆိုတဲ့အပိုင်းနဲ့ ပတ်သက်လို့ကတော့ သိန်းဝင်းက ကျွန်တော် ဆင်းသွားလို့ရှိရင် ကျွန်တော့်ကိုပိုက်ဆံ တစ်သိန်းလောက်ပေးလိုက်ပါတယ်။ အကယ်၍ ကျွန်တော်လိုအပ်ခဲ့လို့ရှိရင် သူ့ကိုလှမ်းပြောတယ်။ လှမ်းပြောလို့ရှိရင် မသကာ ငါးသောင်းတစ်သိန်းကို သူကနေပြီးတော့ အဲဒီငွေလွှဲတဲ့ စနစ်နဲ့ ဟိုကနေပြီးတော့ ပို့ပေးတယ်။ နောက် ကျွန်တော်သိသလောက်ဆိုလို့ရှိရင် အဓိကကတော့ ပြည်သစ်ညွှန့်ဝေ (ခေါ်)ကိုမောင်မောင်ကနေပြီးတော့ အဓိက သူ့ကို အများဆုံးထောက်ပံ့ ထုတ်ပေးတယ်ဆိုတာကို သိရပါတယ်။ သိန်းဝင်းက နေပြီးတော့ တစ်ဆင့်သုံးစွဲမှုတွေနဲ့ ပတ်သက်လို့ ကျွန်တော်မသိရှိပါဘူး။

ဒေါက်တာဇော်သန်း

(ဆန်ကေးရှင်ဘွန်းသတင်းစာ)

တစ်ခုမေးချင်ပါတယ်။ကျွန်တော် သိထားတာတစ်ခုရှိပါတယ်။ ဟိုကြည့်မြင်တိုင်မှာ သင်္ဘောတစ်စင်းကို လောင်ချာနဲ့ပစ်တာပါ။ အဲဒီ အကြမ်းဖက် တိုက်ခိုက်မှုမှာ ပြည်သစ်ညွှန့်ဝေတို့၊ သိန်းဝင်းတို့ပါဝင်ပတ်သက်မှု ရှိ၊ မရှိ။ နောက် ကျွန်တော်တို့ မေလ၇ရက်နေ့ သုံးနေရာ ဗုံးပေါက်ကွဲမှုတွေမှာ လဲပဲ ပြည်သစ်ညွှန့်ဝေနဲ့ NDD သိန်းဝင်းတို့ တကယ်ပတ်သက်မှုရှိ မရှိ ခင်ဗျားအနေနဲ့ တိတိကျကျ ဘယ်လိုသိပါသလဲ။ နောက် NDD သိန်းဝင်းကလဲ သူကိုယ်တိုင်က ဖောက်ခွဲရေး PP-21 အဖွဲ့ဝင်ဖြစ်နေတော့ ဒီဖောက်ခွဲမှု လုပ်ငန်းတွေမှာ ဘယ်လောက်ထိ သူကျွမ်းကျွမ်းကျင်ကျင် ရှိသလဲဆိုတာ ခင်ဗျား ကိုယ်တွေ့ ဘယ်လိုသိထားပါသလဲ။

ဆရာရဲ(ခေါ်)ဦးသန်းဦး

ကျွန်တော် သိသလောက်ပြောရမယ်ဆိုရင်တော့ ဖောက်ခွဲရေးလုပ်ငန်းတွေနဲ့ပတ်သက်လို့ သူပြောတာတွေက ဒီကြည့်မြင်တိုင်မှာ လောင်ချာနဲ့ သင်္ဘောကိုပစ်တဲ့ကိစ္စက ဒီ၂၀၀၃နှစ် လယ်လောက်မှာပဲဖြစ်လိမ့်မယ်။ သူနဲ့ ကျွန်တော်နဲ့ သူ့ရဲ့ မေသဇင်စာအုပ်ဆိုင်မှာ စကားစပ်မိလို့ ကြုံကြိုက်ရင်း ကိုယ့်ဘာသာကိုယ် ပြောရင်းပြောရင်း ကနေပြီးတော့ သူပြောတာက အဲဒီ ကြည့်မြင်တိုင်ဆိပ်ကမ်းမှာ သင်္ဘောကို လောင်ချာနဲ့ချိန်ပြီးတော့ ပစ်သွားတာဟာ ကိုမောင်မောင်ရဲ့လူ၊ ကိုမောင်မောင်ရဲ့ တပည့်ဖြစ်တယ် ဆိုတဲ့ အကြောင်း၊ ကိုမောင်မောင်ဟာလဲ ဖောက်ခွဲရေးတွေနဲ့ပတ်သက်လို့ရှိရင် တော်တော်ကျွမ်းကျင်တဲ့အကြောင်း၊ ကွန်ပျူတာတွေ ဘာတွေနဲ့ပါ ထိန်းချုပ်ပြီးတော့ ဖောက်ခွဲရေးလုပ်ငန်းတွေကိုပြုလုပ်နိုင်တယ်ဆိုတဲ့အကြောင်း၊ သိန်းဝင်းကနေ ကျွန်တော့်ကို တိတိကျကျပြောပြပါတယ်။

ရန်ကုန်မှာသုံးနေရာ ဗုံးကွဲတာနဲ့ ပတ်သက်လို့ ကိုညဏ်မြင့်ကဒီကောင်တော့ နိုင်ငံရေးနည်းလမ်းတွေနဲ့၊ နိုင်ငံရေး မီဒီယာတွေနဲ့ တိုက်လို့မရလို့ အကြမ်းဖက်နည်းတွေနဲ့ လုပ်နေပြီနဲ့ တူတယ်။ ဒီကောင့်လက်ချက်ပဲဖြစ်မှာပဲ။ ဒါပဲ ကုလားလက်ချက်ဖြစ်နိုင်တယ်ဆိုပြီးတော့ ပြောတယ်။ ဒါက သိန်းဝင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့သိထားတဲ့အကြမ်းဖက်နဲ့ပတ်သက်လို့ ဝေဖန်ချက်တွေပါပဲ။ ဖောက်ခွဲရေးလုပ်ငန်းတွေမှာ သူကျွမ်းကျင်မှုရှိသလား၊ မရှိဘူးလားဆိုတာနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ၂၀၀၂ ခုနှစ်နောက်ပိုင်းလောက်မှာ သူရဲ့ အဲဒီ ဘတ်၂၀၀ ဈေးနေအိမ်မှာ ကြုံခဲ့ဖူးတာ၊ ကျွန်တော် အဲဒီကို သွားတဲ့အခါမှာ ကိုသက်ခိုင် ဆိုတဲ့ပုဂ္ဂိုလ်ကို တရုတ်က လာတဲ့ နာရီရယ်၊ ဓာတ်ကြိုးစတွေရယ်၊ နောက်ပြီးတော့ ဓာတ်ခဲအကြီးနှစ်လုံးရယ်၊ ငါးဆထိုးဖန်သီး တစ်လုံးရယ်၊ အဲဒါတွေနဲ့အတူ လုပ်ကိုင်ပြသနေတုန်း ကျွန်တော်လှမ်းမေးလိုက်တဲ့အခါကျတော့ ဒီမှာ ပုဂ္ဂိုလ်က စိတ်ဝင်စားလို့ ပြပေးနေတာတဲ့၊ ဒါချိန်ကိုက်ဗုံး လုပ်နည်းတွေပါလို့ သူ ဒီလိုပဲ ပြောတယ်။ ဒါကြောင့် သိန်းဝင်းဟာ ဒီဖောက်ခွဲရေးနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

ဦးမြင့်သူရ

(ပြည်မြန်မာသတင်းဂျာနယ်)

ကျွန်တော် သိချင်တာလေး တစ်ချက်က အခု ဒီအကြမ်းဖက်သမားတွေနဲ့ ပတ်သက် ဆက်နွှယ်နေတဲ့ အမာခံတွေထဲမှာ ထူးထူးခြားခြား အမျိုးသမီး တစ်ယောက်ပါတာလဲ တွေ့ရပါတယ်။ အဲဒီတော့ ဘယ်လိုပါဝင် ပတ်သက်ပြီးတော့ ဘယ်လိုပါလာတာလဲ။ ဘာတွေဆောင်ရွက်ခဲ့သလဲ ဆိုတာလေးတွေ သိချင်ပါတယ်။

ဒေါ်ခိုင်မာစိုး

ကျွန်မ အနေနဲ့ ၂၀၀၅ ခုနှစ် ဩဂုတ်လပိုင်း ပထမအကြိမ် ထောင်ကနေ လွတ်လာပြီးတဲ့ နောက်ပိုင်း ၂၀၀၅ခုနှစ် ၁၀လပိုင်းအကုန်မှာ ကျွန်မနဂို အလုပ်လုပ်တဲ့ တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်တဲ့ ကလေးတွေနဲ့ သူတို့မိဘတွေကို ပြန်လည်ဆက်သွယ်ပေးတဲ့ ငွေလွှဲအလုပ်ကို လုပ်ဖို့သွားပါတယ်။ အဲဒီကိုရောက်သွားတဲ့အခါမှာ ကျွန်မရဲ့မောင်လေးက ပြောပါတယ်။ မဲဆောက်မှာ နိုင်ငံရေးအကျဉ်းသားတွေကို ထောက်ပံ့တဲ့ AAPP အသင်းရှိတယ်။ မင်းအစ်မရဲ့ရပိုင်ခွင့်တွေ သိန်းဝင်းလက်ထဲမှာ ရှိနေတယ်။ ထောင်ထဲက လွတ်လာလို့ရှိရင် လိုအပ်တဲ့အကူအညီတွေမှန်သမျှကို ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုအပ်တာကို သူ့ဆီမှာ သွားပြီးတော့ အကူအညီ တောင်းပါလို့ အဲဒီ မဲဆောက်ကို ရောက်တဲ့အချိန်မှာ သိရတဲ့အတွက် ကျွန်မ သိန်းဝင်းဆီကို ရောက်သွားခဲ့ပါတယ်။ ကျွန်မ သူ့ဆီရောက်သွားတဲ့အခါကျတော့ သူက ဘာမှမပူနဲ့ ဆိုတဲ့အကြောင်း ပြောပါတယ်။ လိုအပ်တဲ့ အကူအညီရှိရင် ပြောပါလို့ ပြောတော့ ကျွန်မကလဲ ကျွန်မလက်ရှိ မိသားစုအခက်အခဲကို တင်ပြပြီးတော့ ကျွန်မ လိုအပ်တဲ့အကူအညီလေးတစ်ခုကို တောင်းခဲ့ပါတယ်။ တောင်းတော့ သူက ဒီအကူအညီကို တစ်လပိုင်း သို့မဟုတ် နှစ်လပိုင်းမှာ ပေးမယ်လို့ ကျွန်မကို ကတိပြုပါတယ်။ အဲဒီ မတိုင်ခင်မှာလဲ ကျွန်မက ဒီငွေဟွန်ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်လတစ်ကြိမ် မဲဆောက်ကို ရောက်နေတာကြောင့် သူနဲ့ တစ်လတစ်ကြိမ် အမြဲတမ်းတွေ့ဖြစ်ပါတယ်။ အဲဒီလို တွေ့ဖြစ်တဲ့ အခါတိုင်းမှာလဲ သူက ကျွန်မ သီးသန့်တောင်းထားတဲ့ အကူအညီမဟုတ်ဘဲနဲ့ ကျွန်မအတွက် လောလောဆယ်စားဝတ်နေရေး လိုအပ်တာသုံးဖို့၊ စွဲဖို့ ဆိုပြီးတော့ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်း စသည်ဖြင့် အဲဒီလို အခေါက်တိုင်း အခေါက်တိုင်း ပေးလိုက်ပါတယ်။ အဲဒီလို ပေးလိုက်တဲ့ အခါတိုင်းမှာ ကျွန်မကို လမ်းကြုံလို့ ဒါလေးပါ ယူသွားပေးပါဦး၊ ဒါလေးပါ ယူသွားပေးပါဦးဆိုပြီးတော့ အခု လက်ရှိ ကျွန်မဆက်သွယ်ပေးရတဲ့လူသုံးယောက်ကို ကျွန်မ သူပို့ခိုင်းတဲ့ငွေငါးသောင်း၊ တစ်သိန်းမျိုး စသည်ဖြင့် နောက်စတိုးဆိုင်မှာတင်ဖို့အတွက် ပစ္စည်းပစ္စယတွေပါ ယူသွားပေးပါလို့ လူကြုံပါးတဲ့အနေနဲ့ သူက ပြောလို့ ကျွန်မ ယူခဲ့ပေးခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက သူပြောတဲ့လူတွေဟာ ယူဂျီဆိုတာလဲ မသိပါဘူး။ သူနဲ့ တစ်ချိန်က ထောင်ထဲမှာ အတူတူ နေခဲ့ဖူးတယ်။ သူတို့ရဲ့ စားဝတ်နေရေး မပြေလည်တာလေးတွေကို သူ ကူညီချင်လို့၊ တတ်နိုင်တဲ့ဘက်က ကူညီချင်လို့ လူကြုံအဖြစ်ယူသွားပေးပါလို့ ပြောတဲ့အတွက် ကျွန်မ ယူခဲ့ပေးရပါတယ်။ ဒီရောက်တဲ့အခါကျတော့ သူ လူကြုံပါးခိုင်းလိုက်တဲ့လူက အရင် NLDအမတ်ဟောင်းတွေဖြစ်နေတယ်ဆိုတာကို သူတို့တွေပြောပြလို့ ကျွန်မ သိခဲ့ရတာပါ။

ဦးအောင်ရွှေဦး

(NTV သတင်းဌာန)

အခု ဒီနားမှာ ကိုယူနွတ်ဆိုတာ ရှိတယ်၊ ကျွန်တော် သူ့ကို သူ့ရဲ့ မိဘဘိုးဘွားအမည်များပေါ့၊ နောက်သူတို့ ဘယ်ဒေသကနေပြီးတော့ ဘယ်လိုရောက်လာတယ်ဆိုတာလေးကို နည်းနည်း သိချင်ပါတယ်၊ ကိုယူနွတ် နည်းနည်း ပြောပြပေးပါ။

ယူနွတ်(ခေါ်)အောင်ချိုဦး

ကျွန်တော့် ဘိုးဘွားကတော့ မြန်မာပြည်ကပဲဗျ၊ ကျွန်တော်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၂၅၊ ၁၀၃လမ်းမှာ နေပါတယ်၊ ဒီဗုံးဖောက်ခွဲမှုတွေဆိုတာကလဲ ကျွန်တော် သူနဲ့ သွားဆက်သွယ်တယ်ဆိုတာကလဲကျွန်တော်အလုပ်လုပ်ဖို့သွားရင်းနဲ့ သူနဲ့သွားတွေ့လို့ ကျွန်တော်လုပ်ခဲ့မိပါတယ်၊ ဒါပေမယ့် ကျွန်တော် ဒီအလုပ်တွေ လုပ်တယ်ဆိုတာက သူဒီလို ဖောက်ခွဲရေးတွေလုပ်တယ်ဆိုတာလဲ ကျွန်တော်မသိခဲ့ပါဘူး၊ သိခဲ့လို့ရှိရင်လဲ ကျွန်တော် ဒီအလုပ်ကို အစကတည်းက လုပ်ဖြစ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဥပဒေအရ အစိုးရကို ဆန့်ကျင်တဲ့ သဘောမျိုးတွေ လုပ်ရပ်တွေလဲ ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်ကိုသိန်းဝင်းလိုမျိုးတော့ လူထုကို သေကျေအောင် ကျွန်တော်မလုပ်ခဲ့ပါဘူး၊ ဥပဒေက ပေးတဲ့အပြစ်ကို ကျွန်တော်ခံယူဖို့ အသင့်ပါပဲ၊ ဒါပေမယ့် ကျွန်တော် ပြစ်ဒဏ်ကို ခံယူပြီးလို့ရှိရင်လဲ ပြစ်ဒဏ်ကလွတ်မြောက်လာလို့ရှိရင် သာမန်လွတ်လပ်တဲ့ ဘဝနဲ့ လူထုရဲ့ ကောင်းကျိုး၊ နိုင်ငံရဲ့ ကောင်းကျိုးကို ဥပဒေဘောင်ထဲကကျွန်တော်ဆက်လက်လုပ်ဆောင်သွားမှာပါ။

ဦးသက်ခိုင်

(မြန်မာတိုင်းမ်ဂျာနယ်)

ကျွန်တော် ဦးခင်မောင်ဝင်းကို မေးချင်ပါတယ်၊ ဦးခင်မောင်ဝင်းဆီကို ဒေါ်ခိုင်မာစိုး ရောက်လာပြီးတော့ သိန်းဝင်းပေးလိုက်တဲ့ငွေတွေ လာပို့တယ်ဆိုတာ သိရပါတယ်၊ အဲဒီငွေပေးပြီးတော့ ဦးခင်မောင်ဝင်းကို ဘာတွေလုပ်ခိုင်းပါသလဲ၊ ဦးခင်မောင်ဝင်းကရော ဘယ်လို တုံ့ပြန်ခဲ့ပါသလဲသိချင်ပါတယ်။

ဦးခင်မောင်ဝင်း

ကျွန်တော့်ဆီကို ဒေါ်ခိုင်မာစိုး ရောက်ရှိလာပြီးတော့ သိန်းဝင်းက နေပြီးတော့ ကျွန်တော့် ထောက်ပံ့တဲ့ အနေနဲ့ ငွေ ငါးသောင်းပေးလိုက်တယ်ဆိုတဲ့အကြောင်းပြောပြီး ကျွန်တော့်ကို ငွေငါးသောင်း ထောက်ပံ့ မှုပြုပါတယ်၊ အဲဒီနောက် သိန်းဝင်းက ဒေါ်ခိုင်မာစိုးကနေပြီးတော့ တစ်ဆင့် ပေါ့လေ အုတ်တွင်းမြို့နယ်အတွင်းမှာ ရှိတဲ့ လယ်သမားတွေ စပါးဈေးနိမ့်ကျနေတယ်လို့ သိရတယ်၊ အဲဒီတော့ လယ်သမားတွေ အနေနဲ့ လက်မှတ်ရေးထိုးပြီးတော့ နိုင်ငံတော်အစိုးရဆီကို တစ်စောင်၊ ဝါရင့် နိုင်ငံရေးသမားကြီးများဆီကို တစ်စောင်၊ NLD ကိုတစ်စောင် ဒီစာသုံးစောင် ပြုစုပြီး တင်ပြတိုင်တန်းသင့်တယ်လို့ အကြံပြုပါတယ်၊ အဲဒီအခါမှာ ကျွန်တော်ကတို့ဆီမှာ ဆန်ဈေး စပါးဈေးတွေလဲ ကောင်းလဲ ကောင်းပါတယ်၊ ပြီးတော့ လွတ်လွတ်လပ်လပ် ကြိတ်ခွဲရောင်းချနေရတဲ့အတွက် လယ်သမားတွေအနေနဲ့ ဘာမှ မကျေမနပ် ဖြစ်စရာ အကြောင်းမရှိပါဘူး၊ တိုင်မယ့်လူလဲ ရှိစရာအကြောင်း မရှိပါဘူးလို့ ပြောပြီး ကျွန်တော်ဘာမျှ ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။

ဦးအုန်းမောင်

(နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)

ကျွန်တော် ဒေါ်ခိုင်မာစိုးကိုမေးချင်ပါတယ်။သိန်းဝင်းရဲ့ဆက်သွယ်ပေးမှုက တစ်ဆင့် ဒေါ်ခိုင်မာစိုးကို နိုင်ငံခြားအသံလွှင့်ဌာနများနဲ့တွေ့ဆုံပြီးတော့ အင်တာဗျူးလုပ်ဖို့ လုပ်ပေးခဲ့တယ်လို့ သိရပါတယ်။ ဘယ်လိုအချက်အလက်တွေ၊ ဘယ်လိုအကြောင်းအရာတွေ အင်တာဗျူးပြုလုပ်ခဲ့ပါသလဲ၊ ပြောကြားပေးစေလိုပါတယ်။

ဒေါ်ခိုင်မာစိုး

ကျွန်မ သူ့အိမ်ကိုစရောက်သွားတဲ့အချိန်မှာ သူကလူတစ်ယောက်နဲ့ ဖုန်းစကားပြောနေတာကို တွေ့ရပါတယ်။ သူ ဖုန်းစကားပြောနေတဲ့အချိန် ပြောနေရင်းတန်းလန်းကနေ ကျွန်မကို လှမ်းပြီးတော့ အော်ပြောပါတယ်။ ဆရာမရေ၊ ဆရာမထွက်လာတာကို ဝမ်းသာလို့ နှုတ်ဆက်ချင်လို့ ဆရာမအရင်စာအုပ်တွေ ဘာတွေ ဝယ်ပေးဖူးတဲ့လူက စကားပြောချင်တယ်လို့ ပြောတယ်တဲ့၊ ဆရာမပြောမလားလို့။ ကျွန်မကို အဲဒီလိုပြောတော့ ကျွန်မကလဲ ပြောလေလို့ပြောပြီး ကျွန်မက ဖုန်းကိုင်ပြီးစကားပြောလိုက်ပါတယ်။ အဲဒီဖုန်းမေးတဲ့လူက အရင်က စာအုပ်ဝယ်ပေးဖူးတဲ့လူဆိုတာကလွဲလို့ ကျွန်မ လူလဲ မမြင်ဖူးဘူး၊ မျက်နှာလဲ မမြင်ဖူးဘူး၊ နာမည်လဲ မသိပါဘူး၊ သူက ကျွန်မကိုထွက်လာတာ နေကောင်းရဲ့လား၊ ကျန်းမာပြီး အခြေအနေကောင်းရဲ့လား၊ ထောင်ထဲမှာ နေခဲ့ရတာကော ဘယ်လိုအခြေအနေ ရှိလဲ ဘာညာနဲ့ ကျွန်မကို အဲဒီလိုမေးပါတယ်။

ကျွန်မကလဲ နေထိုင် ကောင်းကြောင်း၊ အခုအချိန်မှာ လောလောဆယ်ထွက်လာတဲ့ အချိန်မှာတော့ မိသားစုနဲ့ပတ်သက်ပြီးတော့ ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေ တွေ့မြင်ရတဲ့အကြောင်း၊ ကျွန်မ အဲလိုပြောပါတယ်။ ပြောတော့သူက ဒါဆိုဆရာမ ဒီနေ့မှ မြန်မာပြည်ကတက်လာတာလားလို့ မေးတော့ ဟုတ်ပါတယ်။ ကျွန်မဒီနေ့မှ မြန်မာပြည်ကနေ တက်လာတာပါလို့ပြောလိုက်တယ်။ အဲဒီကနေပြီးတော့ ကောက်ခါငင်ခါ သူက နေပြီးတော့ အဲဒါဆိုရင်လဲ ဆရာမရယ် ကြုံတုန်းလေး မေးပါရစေဦး၊ မြန်မာပြည်မှာ လယ်သမားတွေရဲ့ အခြေအနေ ဘယ်လိုရှိလဲတဲ့။ နွေစပါးအတင်းအကျပ်စိုက်ခိုင်းတာတွေရှိလား မေးတော့ ကျွန်မ ရုတ်တရက်တော့ ကြောင်အမ်းအမ်းတော့ ဖြစ်သွားတာပေါ့နော်။ ဘယ်လိုဖြစ်လို့ နေကောင်းကြောင်း၊ ထိုင်ကောင်းကြောင်းကနေပြီးတော့ စပါးဈေးကိစ္စရောက်သွားလဲ မသိဘူးလို့ ကျွန်မစိတ်ထဲမှာဖြစ်သွားရင်းကနေပြီးတော့ အတင်းအကျပ်စိုက်ခိုင်းတာမျိုးတော့ မရှိပါဘူးလို့။ ကျွန်မတို့မြောင်းဘေး၊ ချောင်းဘေးတစ်လျှောက်မှာ ရေတင်လို့ရတဲ့နေရာတွေမှာ နည်းနည်းပါးပါး စိုက်ခိုင်းတာလောက်ကလွဲလို့ရှိရင် ပဲစိုက်လို့ရတဲ့နေရာတွေမှန်သမျှ အကုန်လုံး ပဲစိုက်ခွင့် ပေးထားပါတယ်လို့ အဲဒီလို ကျွန်မပြန်ပြောမိပါတယ်။ နောက်တစ်ကြိမ်ကျတော့လဲ နောက်တစ်ကြိမ် ကျွန်မကို ကိုသိန်းဝင်းနဲ့တွေ့ဆုံတဲ့အချိန်မှာ ကိုသိန်းဝင်းက ကျွန်မကို မေးပါတယ်။ မြန်မာပြည်မှာစပါးဈေး ဘယ်ဈေးရှိလဲ ဆရာမတဲ့။ ကျွန်မလဲ သိပ်မသိဘူး၊ တစ်သိန်းခြောက်သောင်းလောက်တော့ ရှိမယ်နဲ့တူတယ်လို့။ အဲလိုဆို ဆရာမရယ် ဒီမှာ ယုံအောင်ပြောပြလိုက်ပါဦး။ သူတို့တွေက ကျွန်တော်ပြောပြတာကို မယုံဘူးဖြစ်နေတယ်တဲ့။ အဲဒီလိုပြောတာနဲ့ ကျွန်မ အဲဒီ ဖုန်းကိုင်လိုက်တော့ ဆရာမရေ နေကောင်းလားပေါ့။ ထုံးစံအတိုင်းပဲ ကျွန်မကို အဲဒီလိုပြောပြီး ဆရာမ မြန်မာပြည်မှာ စပါးဈေးဘယ်လောက်ရှိသလဲတဲ့။ တစ်သိန်းခြောက်သောင်းလောက် ရှိတယ်လို့ ပြောပြီးတော့ ဖုန်းကို တုံးတိချလိုက်ပါတယ်။ ဟိုးအရင်တစ်ခါတုန်းက တစ်ခါ ကျွန်မကို မေးဖူးပါတယ်။ အဲဒီတုန်းကတော့ မေသဇင် စာအုပ်ဆိုင်မှာပေါ့နော်။ ကျွန်မရောက်လာလာချင်း ဆရာမရေ ဒီမှာ ဖုန်းစကားပြောကြည့်ပါဦးတဲ့။ ကျွန်မကလဲ ဖုန်းမကိုင်ဖူးဘူး။ ပြောကြည့်မယ်လေလို့ပြောပြီး ဖုန်းကိုင်လိုက်ပါတယ်။ ဖုန်းကိုင်လိုက်ကတည်းက ဖုန်းထဲမှာဘာဝင်လာလဲဆိုတော့ တင်ဦးသေတာ ဘယ်လိုခံစားရလဲလို့ ကျွန်မကို အဲဒီလိုပြောပါတယ်။ ကျွန်မ စိတ်ထဲမှာ ကိုယ့်နိုင်ငံရဲ့ အကြီးအကဲ တစ်ယောက်ကို အရှေ့ကဂုဏ်ပုဒ်လေး တောင် မတပ်လေခြင်းဆိုတဲ့ ဒေါသစိတ်ဖြစ်သွားတာနဲ့အတူ နှမြောတာပေါ့လို့၊ ကိုယ့်မိသားစု တစ်စုကိုပဲ နိုင်အောင် အုပ်ချုပ်ကြည့်ဦးလို့၊ တစ်နိုင်ငံလုံးအုပ်ချုပ်နေရတဲ့ လူတစ်ယောက်ရဲ့ ခေါင်းထဲမှာသူ့ရဲ့စီမံခန့်ခွဲမှု အတတ်ပညာတွေ နှမြောတာပေါ့လို့ ကျွန်မ အဲဒီလိုတော့ပြောခဲ့ဖူးပါတယ်။ ကျွန်မ အဲဒီအင်တာဗျူးတာကို ဗျူးမှန်းမသိတာတော့ မသိတာအမှန်ပဲ။ ကျွန်မပြောခဲ့ဖူးတာ အဲဒါတွေပြောခဲ့ဖူးပါတယ်။

ဦးကိုကို(ယူမီယူရီရှင်ဘွန်းသတင်းစာ)

နံပါတ်တစ်မေးခွန်းကတော့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ရန်ကုန်မှာ Yangon International School မှာ ပေါက်ကွဲမှု ဖြစ်စေလောက်တဲ့ သံသယဖြစ်ဖွယ်ပစ္စည်းတစ်ခုတွေ့ရှိတယ်ဆိုတဲ့ သတင်းတွေရရှိပါတယ်။ အဲဒီ သတင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အသေးစိတ် သိလိုပါတယ်။ နောက် ဒါများ မှန်ကန်ခဲ့ရင်လဲ ဘယ်လိုများ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ထားသလဲဆိုတဲ့ အပိုင်းလေးပါ။

ဒုတိယအပိုင်းကတော့ အားလုံးလဲ သိကြတဲ့အတိုင်းပါ၊ ဧပြီ ၁ ရက်နေ့ကစပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာတွေဟာ တိုးသွားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ သိချင်တာကတော့ ဝန်ထမ်းတွေလစာ တိုးမြှင့်သွားခြင်းသည် Inflation ကို ဖြစ်စေနိုင်ပါသလား၊ နိုင်ငံတော်ရဲ့ ဝန်ထမ်းလစာ ဒီလောက်အများကြီးကို ဘယ်ကနေရပြီးတော့ ဘယ်လိုပေးမှာလဲ။ အဲဒါလေး ကျွန်တော်သိချင်ပါတယ်။ နောက် မြန်မာနိုင်ငံမှာ ဝန်ထမ်းဦးရေဟာ ဘယ်လောက်လောက်ရှိပါသလဲ။ နိုင်ငံတော်ရဲ့ လူဦးရေအချိုးအစားနဲ့တွက်ရင် ဘယ်လောက် အစိတ်အပိုင်းလောက်ရှိပါသလဲ သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

International School of Yangon(ISY)မှာ ဒီမသင်္ကာဖွယ်ရာ ဗုံးတွေ့ရှိမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် သိသလောက် တင်ပြရမယ်ဆိုလို့ရှိရင် ဧပြီလ ၆ ရက်နေ့က ဖြစ်တဲ့ဖြစ်စဉ်ပါ။ ဧပြီလ ၆ ရက်နေ့မှာ အဲဒီ International School of Yangonက မြန်မာ့ယဉ်ကျေးမှုနည်းပြဆရာ ဦးဝင်းထွဋ်ကျော်ကနေပြီးတော့ ကျောင်းသားတွေရဲ့ သန့်စင်ခန်းထဲကို သူသွားတဲ့အခါမှာ အဲဒီမှာ Cookiesဘူးလေးရဲ့အထဲကနေ မီးခိုးထွက်နေတာကို သူတွေ့တယ်။ တွေ့တဲ့အခါကျတော့ ဒါထုံးတမ်းစဉ်လာအတိုင်း ကျောင်းသားလေးတွေများ ဆေးလိပ် ခိုးသောက်သလား ဆိုပြီးတော့ သူက ဒီမီးကို သူသတ်ခဲ့ပါတယ်။ သတ်ပြီးတော့ အဲဒီအချိန်က ၁း၁၅နာရီလောက်ဖြစ်ပါတယ်။ မီးသတ်ပြီးတော့ သူရဲ့သင်ခန်းစာဆက်ပြီးတော့ သင်ပါတယ်။ သင်ရင်းနဲ့မှ သူပြန်ပြီးတော့စဉ်းစားပြီးတော့ ဒီဥစ္စာဟာ ဒါသာမန်ဖြစ်ရပ်မှ ဟုတ်ရဲ့လား။ မီးသတ်ခဲ့စဉ်က ကြိုးလေးလိုဟာလေး ဂရုစိုက်မိခဲ့တယ်ဆိုပြီးတော့ တစ်ခါပြန်ပြီးတော့ စစ်ဆေးကြည့်တဲ့အခါကျတော့မှ အဲဒီမှာ ဆီးယိုထုပ်လိုဟာမျိုးလေး ကလေးပေါက်စလေးရဲ့ လက်သီးဆုပ်အရွယ်လောက်ရှိတဲ့ ယမ်းလို့ယူဆရတဲ့ ဆီးယိုထုပ်အရောင်၊ အဲဒါမျိုးလေး အလုံးနှစ်လုံး၊ နောက်ပြီးတော့ ယမ်းကြိုးလို့ယူဆရတဲ့ ကြိုးလေးတွေနဲ့ လန်ဒန်စီးကရက် အတိုလေးတွေ့တဲ့အခါကျတော့ ကျွန်တော်တို့ လုံခြုံရေးအဖွဲ့တွေကို အကြောင်းကြားပါတယ်။ အဲဒီအချိန် က ကျွန်တော်တို့ ညနေ ၄ နာရီလောက် ရှိပါပြီ။ လေးနာရီလောက်က စပြီးတော့ ကျွန်တော်တို့ လုံခြုံရေးအဖွဲ့ဝင်များနဲ့ အမေရိကန်သံရုံးတာဝန်ရှိပုဂ္ဂိုလ်များ ပေါင်းစပ်ပြီးတော့ ဒီကိစ္စကို စစ်ဆေးဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီဖော်ထုတ်ချက်တွေအရ မနေ့က နောက်ဆုံးအခြေအနေတွေကတော့ ဒီ International Schoolဆိုတာ ကျောင်းသား ၄၀၀လောက်ရှိတဲ့ကျောင်းဖြစ်ပါတယ်။ အဲဒီမှာ မြန်မာနိုင်ငံမှာအခြေစိုက်တဲ့ သံရုံး၊ သံတမန်များရဲ့ သားသမီးများ အများစု လာတက်ကြတာ။ အဲဒီတော့ မနေ့က အမေရိကန်သံရုံးနဲ့ ကျွန်တော်တို့ ပေါင်းစပ်ဖော်ထုတ်ချက်အရ ဒီကျောင်းမှာ ကျောင်းတက်နေတဲ့ နိုင်ငံခြားသား ကျောင်းသားနှစ်ဦးကနေပြီးတော့ နောက်ပြောင်လိုတဲ့ဆန္ဒနဲ့ ဒီကိစ္စကို ဆောင်ရွက်ခဲ့

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ပြည်တွင်းပြည်ပအဖျက်အမှောင့်သမားများ အကွက်ကလေးတစ်ခုရလိုက်တာနဲ့ ထိုးနှက်တော့တာပဲ

စာမျက်နှာ ၁၁ မှ

တယ်ဆိုတာ ကျွန်တော်တို့ ဖော်ထုတ်လို့ရပါတယ်။ ဘယ်လိုလုပ်ခဲ့သလဲဆိုတော့ ဒီကျောင်းသားလေးနှစ်ယောက်က အဲဒီကျောင်းက Grade (10) က ကျောင်းသားနှစ်ယောက်လို့ သိရပါတယ်။ အဲဒီကျောင်းသားနှစ်ယောက်က သူတို့ Internet Website မှာ ကြည့်ရင်းနဲ့ Jolly Walker ပေါ့။ မီးခိုးဗုံးလုပ်တဲ့နည်းကို သူတို့သွားဖတ်မိတယ်။ ဖတ်မိတော့ ဒါလေးကို သူတို့ April Fool အနေနဲ့ ကစားမယ်။ မကြာခင် သင်္ကြန်ရက်လဲ ကျောင်းပိတ်မယ်။ ကျောင်းပိတ်ခါနီးမှာ နောက်ပြောင်လိုတဲ့ဆန္ဒနဲ့ ဒါလုပ်မယ်ဆိုပြီးတော့ ရန်ကုန်မြို့လယ်ခေါင်ကဆိုင်တစ်ဆိုင်မှာသွားပြီးတော့ ဓာတုပစ္စည်း ရောင်းတဲ့ဆိုင်မှာ သွားပြီးတော့ ပိုတက်ဆီယမ်နိုက်ထရိတ် ဝယ်ယူခဲ့ပါတယ်။ ပြီးတော့ သကြားတွေဝယ်ပါတယ်။ နောက်ပြီးတော့ တရုတ်တန်းမှာ တရုတ်ဖျောက်အိုးဖောက်တဲ့ မီးပန်းအရှည်လေးတွေသွား ပြီးတော့ ဝယ်ပါတယ်။ ဝယ်ပြီးတော့ အခုသူတို့ နောက်ဆုံးထွက်ချက်အရတော့ ဒီသကြားတစ်ဆနဲ့ ပိုတက်ဆီယမ်နိုက်ထရိတ်ခြောက်ဆကိုရော၊ ရောပြီးတော့ အပူပေး၊ ပြီးတော့ အရည်ပျော်အောင်ကျို၊ ပြီးတော့ ဒါကိုပြန်ပြီးတော့ ခဲအောင်လုပ်၊ လုပ်ပြီးတော့ မီးခြစ်ဆံလေး၊ ဘာလေး ထည့်။ ထည့်ပြီးတော့ ဒီတရုတ်မီးပန်း ထဲမှာပါတဲ့ ယမ်းတောင့်လေးပေါ့။ အဲဒီဟာလေးနဲ့စိုက်။ မီးပန်းထဲမှာပါတဲ့ ယမ်းကြိုးလေးလွှတ်ပြီးတော့ မီးရှို့လိုက်တယ်ဆိုရင် သူတို့အဆိုအရ တော့ Internet Website မှာ ဖတ်လို့ ရတာကတော့ တကယ်လို့ ဒီဟာမျိုး ယမ်းတစ်ပေါင်လောက်ရှိတဲ့ဟာမျိုးဆို ရင် သင့်တင့်တဲ့အခန်းတစ်ခု မီးခိုးတွေ မှောင်ထွက်သွားတဲ့ အဆင့်အထိလုပ်လို့ရတယ်။ ဒါကြောင့် သူတို့က ဒါကို Jolly Walker အနေနဲ့ အပြောင်အပျက်လုပ်တဲ့ အနေနဲ့ April Fool အနေနဲ့ လုပ်တာဖြစ်ပါတယ်လို့ ဒါနောက်ဆုံးအနေနဲ့ ကျွန်တော်တို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း American Embassy က Presss Release လုပ်မယ်လို့ ကျွန်တော်တို့ သိရပါတယ် ဒီလောက်ပါပဲ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

ကျွန်တော့် အနေနဲ့ ဒုတိယပိုင်း မေးခွန်းလေးဖြစ်တဲ့ ဒီဝန်ထမ်းဦးရေဟာ မြန်မာနိုင်ငံမှာ တစ်သန်းလောက်နီးပါးလောက်ပဲ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ သန်းငါးဆယ်လောက်ရှိတဲ့ အတွက်ကြောင့်မို့ ဒီတစ်သန်းလောက်ရှိတဲ့ ဝန်ထမ်း ဦးရေလစာတိုးရုံ လောက်နဲ့တော့ ကျွန်တော်တို့ ခန့်မှန်းပြီးတော့ ကုန်ဈေးနှုန်းတွေတက်နိုင်တယ်။ Inflation ဖြစ်နိုင်တယ်ဆိုတာကိုတော့ မှန်းဆပြီး ပြောလို့မရပါဘူး။

အခု ဒီလိုဝန်ထမ်းတွေ လစာတိုးပေးတာကလဲ အခွန်အကောက်ကို စနစ်တကျကောက်ပြီးတော့ ဒီဟာကို ပေးခဲ့တာဖြစ်ပါတယ်။ ခုနကပြောသလို စနစ်တကျ ကောက်ခံတယ် ကောက်ခံစရာရှိတဲ့ အခွန်အခတွေနဲ့ ထိုက်ထိုက်တန်တန် ထိထိရောက်ရောက်ပေးခဲ့နိုင်တာဖြစ်ပါတယ်။ ခုနက ပြောသလို Inflationကို ဝန်ထမ်းလစာလေးပေးတာနဲ့ ကြိုတင်ခန့်မှန်းပြီးတော့ Inflation တက်နိုင်တယ်၊ Deflationတွေဖြစ်နိုင်တယ် ဆိုတာမျိုးကိုတော့ ကြိုတင်ခန့်မှန်းပြီးပြောပြလို့မရပါဘူး။ သုံးသပ်လို့ မရပါဘူး။

ဦးအောင်သူမြိုင်(ဂျီဂျီသတင်းဌာန)

ဒေါ်ခိုင်မာစိုး တစ်ခုမေးပါရစေ။ ၂၀၀၅ ခုနှစ် ခြောက်လပိုင်းလောက်က ထောင်က လွတ်လာတယ်လို့ ပြောတော့ ဘာအမှုနဲ့ ထောင်ကျခဲ့ပါသလဲ။ နောက်တစ်ခုက နိုင်ငံရေးပါတီများနဲ့ ဆက်စပ်ပတ်သက်မှု ရှိခဲ့ဖူးပါသလား။ နောက်တစ်ခုက နိုင်ငံတော်ကို တစ်ခုမေးပါရစေ။ ကျွန်တော်တို့ ပြည်သူကြားမှာ နည်းနည်းလေးသတင်းတစ်ခု ပြန့်လွင့်နေပါတယ်။ ဓာတ်ဆီနဲ့ ဒီဇယ်ဆီများကို တစ်ဂါလန်ကို ၂၅၀၀ ကျပ်အထိ တိုးမယ်လို့။ နောက်တစ်ခုက လျှပ်စစ်၊ လျှပ်စစ်တစ်ယူနစ်ကို လက်ရှိ အစိတ်နှုန်းကနေပြီးတော့ ၇၅ ကျပ်ကို တိုးတက်ကောက်ခံမယ်လို့ ကြားသိရပါတယ်။ အဲဒါများ ဟုတ် မဟုတ် သိပါရစေ။

ဒေါ်ခိုင်မာစိုး

ကျွန်မက ၁၉၉၈ ခုနှစ် ဧပြီလမှာ မိသားစု စီးပွားရေးအခြေအနေအရ ကျွန်မ သူငယ်ချင်း တစ်ယောက်နဲ့ အတူ မြဝတီဘက်ကနေ အလုပ်ထွက်လုပ်ခဲ့ပါတယ်။ တစ်နှစ်တိတိ လုပ်ပြီးတဲ့အချိန်မှာ ကျွန်မ မြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ ခွင့် ၁၀ ရက်ရပြီး ကျွန်မပြန်သွားတဲ့အခါမှာ တစ်ရက်နောက်ကျသွားတဲ့အတွက် စက်ရုံက ကျွန်မကို လက်မခံတော့ပါဘူး။ လက်မခံတော့ ကျွန်မ မေသဇင် စာအုပ်ဆိုင်မှာ စပြီးတည်းဖြစ်သွားပါတယ်။ အဲဒီလို သူတို့ဆိုင်မှာတည်းရင်း ကျွန်မဘက်ကလဲ ကျွန်မ ဘာများ အကူအညီပြန်ပေးရမလဲဆိုတော့ သူတို့ စာအုပ်တွေ ဝယ်ရတာ အခက်အခဲလေးတွေတော့ရှိတယ်လို့ ပြောတော့ အဲဒါဆိုရင် ကျွန်မ ဝယ်ပေးမယ်လေလို့ ကျွန်မအတွက်လဲ အပန်းမကြီးပါဘူးလို့၊ ဒါပေမယ့် ကိုယ့်ဟာကိုယ်ပဲ စရိတ်ခံလို့ ကျွန်မ အဲဒီလိုပြောပြီးတော့ သူတို့ဆိုင်ကို ကျွန်မ ဝယ်ပေးခဲ့ပါတယ်။ သုံးလပိုင်းလောက်ကျတဲ့ အချိန်ကျမှ ဒီသိန်းဝင်းဟာ ဆိုင်ထဲကို ရုတ်တရက် ဝင်လာပြီးတော့ ဆိုင်ကောင်တာမှာထိုင်တဲ့ ကောင်လေးတစ်ယောက်ကို သူပိုက်ဆံထုတ်ပေးတာ တွေ့ပါတယ်။ ပိုက်ဆံ ထုတ်ပေးတာတွေ့ပြီးတော့ ဘာဖိုး ညာဖိုးဆိုလဲမသိဘူး၊ သူပြောပြီးတော့ ပြန်ထွက်သွားတဲ့အချိန်မှာ ကျွန်မနဲ့သိတဲ့ အမျိုးသမီးတစ်ယောက်က ဒီဆိုင်ဟာ ကျောင်းသားတွေ ဖွင့်ထားတဲ့ဆိုင်၊ သိန်းဝင်းဆိုတာ အဲဒီအကောင်ပဲလို့ ကျွန်မကို အဲဒီလို ပြောတော့မှ ကျောင်းသားဆိုတာရယ်၊ သိန်းဝင်းက ကျောင်းသားဆိုတာရယ် အဲဒီနှစ်ခုပဲ ကျွန်မ သိခဲ့ရပါတယ်။ စီးပွားရေးလုပ်တာပဲလေဆိုပြီးတော့ ကျွန်မ ဆက်ပြီးတော့ စာအုပ်ကို တစ်လတစ်ကြိမ် ရန်ကုန် ၃၁ လမ်းကနေပြီးတော့ ဝယ်ပြီးတော့ ပို့မြဲပို့ဆဲပါပဲ၊ ခုနစ်လပိုင်းကျမှ ကျွန်မကို သက်န်းညီနောင်တပ် အမှတ်(၂၅) ထောက်လှမ်းရေးကနေပြီးတော့ ခေါ်ယူစစ်ဆေးခြင်းခံရပြီးတော့ မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ ၁၇/၂နဲ့ နှစ်နှစ်၊ တစ်ဖက်နိုင်ငံ တရားမဝင် ကူးသန်းသွားလာခွင့် ၁၃/၁ အရ နှစ်နှစ် စုစုပေါင်း ထောင်လေးနှစ်ကျခဲ့ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကိုအောင်သူမြိုင် စောစောက မေးတဲ့ ဓာတ်ဆီ၊ ဒီဇယ် တစ်ဂါလန်ကို ၂၅၀၀ အထိ ဈေးတက်ယူမယ်၊ လျှပ်စစ်ယူနစ်တစ်ခုကို ၂၅ ကျပ်ကနေ ၇၅ ကျပ်အထိ ဈေးတက်ယူမယ် ဆိုတာ ကောလာဟလဖြစ်ပါတယ်၊ အခုလို ဝန်ထမ်းတွေကို လစာတိုးပေးလိုက်တဲ့အချိန်အခါမှာတော့ ကောလာဟလတွေကတော့ အများအပြား ထုတ်လွှင့်နေကြမယ့် အနေအထားဖြစ်ပါတယ်။

ဒေါ်အိအိမြတ်(မျိုးမြန်မာဂျာနယ်)

ကျွန်မသိချင်တာလေး တစ်ခုကို မေးမြန်းခွင့် ပြုစေချင်ပါတယ်၊ အဲ့ဒီကိစ္စကတော့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနဲ့ ပတ်သက်လို့ ရန်ကုန်တိုင်းကုန်ဈေးနှုန်း ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်က သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို မကြာမီရက်ပိုင်းက ဖိတ်ကြားပြီး တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်၊ အဲဒီ အစည်းအဝေးမှာ မလိုလားအပ်တဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေ မပေါ်ပေါက်အောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ ဆွေးနွေးပြီးတော့ လိုက်နာမှုမရှိတဲ့ ဈေးဆိုင်တွေကို လိုင်စင်ပိတ်သိမ်းတဲ့အထိ အရေးယူသွားမယ်လို့လဲ သိခဲ့ရပါတယ်၊ ဒါကြောင့် ဒီနေ့အထိ အရေးယူခံရတဲ့ အခြေအနေတွေ ပေါ်ပေါက်ခဲ့ပါသလား၊ ပေါ်ပေါက်ခဲ့တယ်ဆိုရင်လဲ အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာ သိပါရစေရှင့်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အခုအချိန်အထိ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ လိုင်စင်ပိတ်သိမ်းတာ၊ အရေးယူတာ တစ်စုံတစ်ရာ မရှိပါဘူး။

ဒေါ်နွယ်နွယ်အေး (မြန်မာတိုင်းမ်ဂျာနယ်)

အခုန ဝန်ကြီးရဲ့ မိန့်ခွန်းထဲမှာလည်း ပြောသွားတယ်။ ILO ကိစ္စလေးပါ။ ILOကနေပြီးတော့ မြန်မာနိုင်ငံကို အဓမ္မစေခိုင်းမှုနဲ့ပတ်သက်ပြီးတော့ အားရကျေနပ်လောက်အောင် ဆောင်ရွက်မှုမရှိသေးဘူးလို့ ပြောထားပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ကလဲ ဘယ်လိုများတုံ့ပြန်သွားဖို့ရှိပါသလဲ။ ဒါမှမဟုတ် နောက် ILOနဲ့ ပူးပေါင်းဆောင်ရွက်မှာလား။ ဒါမှမဟုတ်လို့ရှိရင် နုတ်ထွက်ဖို့ရော အစီအစဉ်ရှိပါသလားရှင်။ ဒုတိယမေးခွန်းက လွန်ခဲ့တဲ့လကပေါ့လေ ကုန်သွယ်ခွန်နဲ့ ဝင်ငွေခွန်တွေပြင်ဆင်တဲ့ ဥပဒေကို ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံက ကုန်သည်ကြီးတွေကနေပြီးတော့ သူတို့နိုင်ငံတော် အကြီးအကဲများဆီကို စာတစ်စောင်တင်တယ်လို့ ပြောပါတယ်။ အဲဒီအထဲမှာ သူတို့ကိုပဲ ကုန်သည်ကြီးများကိုပဲ အခွန်တွေ ကောက်မယ့်အစားပေါ့နော်။ Burden ကို Spread ဖြစ်အောင်ဆိုပြီး ဓာတ်ဆီဈေးနှုန်းတွေကို ၁၅၀၀ ကနေ ၃၀၀၀ အထိ တိုးမြှင့်ကောက်ဖို့တွေ၊ နောက်တစ်ခါကျလို့ရှိရင် မီတာခွန်ကိုလဲ ၁၀၀ အထိ တိုးမြှင့်ကောက်ဖို့တွေနဲ့ ပတ်သက်ပြီးတော့ အကြံပြု ဆွေးနွေးသွားပါတယ်လို့ ပြောပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အကြီးအကဲများက ဘယ်လိုဆက်လက်ဆောင်ရွက်ဖို့ စဉ်းစားထားပါသလဲရှင်။

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်

ILOနဲ့ ပတ်သက်ရင် ကျွန်တော်တို့ ILO နဲ့ မြန်မာနိုင်ငံနဲ့ဟာ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပူးပေါင်းလျက်ရှိပါတယ်။ နောက်လဲ ကျွန်တော်တို့ ဆက်လက်ပူးပေါင်းဖို့ အစီအစဉ်ရှိပါတယ်။ ဒီလောက်ပါပဲ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အခွန်အကောက်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ မကြာမီက ထုတ်ပြန်လိုက်တဲ့ ဥပဒေများအတိုင်း ဆက်လက် ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို အခွန်အကောက်ဥပဒေတွေ ပြဋ္ဌာန်းတဲ့အတွက်ကြောင့် လက်ရှိရောင်းနေတဲ့ ဓာတ်ဆီဈေးကို ၁၅၀၀ ကနေပြီးတော့ ၂၅၀၀၊ ၃၀၀၀ ဒီလို တိုးမြှင့်ရောင်းချဖို့ ဆိုတာကတော့ စောစောက ကျွန်တော် ရှင်းလင်းပြတဲ့သဘောပါပဲ။ ဒါတွေဟာ ကောလာဟလထင်ကြေး ပြောကြဆိုကြတာပဲဖြစ်ပါတယ်။ ဒါမရှိပါဘူး ဆိုတာကို ထပ်ပြီးတော့ ကျွန်တော် ဖြေကြားလိုပါတယ်။

ဦးမင်းဇင် (Living Color မဂ္ဂဇင်း)

ဦးအောင်သိန်းကို ကျွန်တော် မေးခွန်းနှစ်ခု မေးချင်ပါတယ်။ ပထမ တစ်ချက်က NLD-LAက ဒေါ်စန်းစန်းတို့ဆီကနေ ဂြိုဟ်တုဖုန်းတစ်လုံး ပို့ပေးတယ်လို့ သိရပါတယ်။ အဲဒီဖုန်းနဲ့ ပြည်တွင်းက ဘာသတင်းတွေကို ပို့ပေးခဲ့တာလဲ။ ဘယ် Media တွေမှာ ပါခဲ့တာလဲဆိုတာပါ။ နောက်တစ်ခုက ငွေလဲပို့ပေးတယ်လို့ သိရပါတယ်။ အဲဒီငွေက သတင်းပို့တဲ့နေရာမှာ သုံးတာလား၊ အခြားဘယ်နေရာမှာ သုံးသေးလဲဆိုတာ သိပါရစေ။

ဦးအောင်သိန်း

ဂြိုဟ်တုဖုန်းနဲ့ ဘယ်လိုသတင်းတွေ ပို့လဲဆိုတော့ ကျွန်တော်တို့ NLD-LAတို့၊ MPUတို့ဆိုတာဟာ ဟိုဘက်မှာ တရားမဝင်အဖွဲ့အစည်းဖြစ်ပေမယ့် ဒီက နိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ NLDအဖွဲ့ချုပ်နဲ့ တခြားနိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ ဆုံးဖြတ်ချက်၊ တောင်းဆိုချက်တွေနဲ့ လိုက်လျောညီအောင် လုပ်ရပါတယ်။ Dance to The Tune ပေါ့နော်။ အဲဒီတော့ ဒီမှာ ဆုံးဖြတ်တဲ့ဥစ္စာတွေက အသေးစိတ် အသီးသီး သူတို့မသိနိုင်ဘူး။ ကြေညာချက်ပေါ်မှာ ပါတာလောက်ပဲ သိပါတယ်။ သဘောထားတို့၊ ဘာတို့၊ အဲဒီတော့ ကျွန်တော်က ဒီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးအခမ်းအနား တစ်ခုပြီးတိုင်း ကြေညာချက်ထွက်တယ်။ ဒီက နိုင်ငံရေးသမားတွေရဲ့အမြင် ဘယ်လို ရှိတယ်။ သဘောထား ဘယ်လိုရှိတယ်။ နောက်ပြီးတော့ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က ဘာဆုံးဖြတ်တယ်။ တောင်းဆိုချက်က ဘယ်လိုခြားနားနေတယ်တဲ့။ CRPP တွေ အစည်းအဝေးကတော့ ဘာဆုံးဖြတ်တယ်၊ ရွေ့ကိုဘာလုပ်ဖို့ ဆုံးဖြတ်ထားတယ် စသည်အားဖြင့် နိုင်ငံရေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ပို့ရပါတယ်။ ဒီပါတီဖြစ်တဲ့ NLD အဖွဲ့ချုပ်နဲ့ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က ကြေညာချက်၊ ဆုံးဖြတ်ချက်အပြင် မျိုးဆက်သစ်ကျောင်းသားတွေက ဥပမာ Global Fund ပြန်သွားတဲ့ ကိစ္စတို့၊ ဒီအပေါ်မှာထွက်တဲ့ ကြေညာချက်တို့၊ ဒါလဲ ပို့ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီမှာရှိတဲ့ နိုင်ငံရေး လှုပ်ရှားမှုမှန်သမျှကို ဒေါ်စန်းစန်းဆီကို ပို့ပေးရတာပါပဲ။ နောက်တစ်ခုက ငွေကြေးနဲ့ပတ်သက်လို့ကတော့ သူတို့ဆီမှာက ဘယ်လောက်ရတယ်မသိဘူးပေါ့ဗျာ။ ကျွန်တော်တို့ဆီ ပို့ပေးတာကတော့ အားလုံးမှ ငွေလေးသိန်း ခွဲပဲရှိတယ်။ ဒါကလဲ တစ်ခုနဲ့ တစ်ခု ခြောက်လလောက်ခြားတယ်။ အဲဒီတော့ တစ်နှစ်ခွဲလောက်အတွင်းမှာမှ ဒီငွေရတာဆိုတော့ ကျွန်တော် ခုနက ပြောခဲ့သလိုပဲ ဒီထောင်က ထွက်လာတဲ့ အဖွဲ့ချုပ်ဝင်တွေ ဆေးရုံတင်ရတယ်။ ဆေးဝယ်စရာ မရှိဘူး။ ဒါမျိုးကို ကူညီပေးရတယ်။ နောက်တစ်ခါ သေဆုံးသွားတဲ့နာရေးဆိုရင်လဲ တချို့ မတတ်နိုင်တဲ့လူကျရင် တတ်နိုင်သလောက် သွားအကူအညီပေးတယ်။ ဒီလိုနေရာမျိုးတွေမှာ သုံးစွဲတယ်။ နောက်ခုနက ဝန်ကြီးရှင်းထားတဲ့ အထဲမှာပါသလိုပဲ ကျွန်တော်လဲ ဒီလှုပ်ရှားမှုသွားတဲ့အခါ စရိတ်စက ရှိတာပေါ့ဗျာ။ အဲဒီလိုနေရာလေးတွေမှာ သုံးစွဲတာလောက်ပါပဲ။ ဒီငွေလေးသိန်းခွဲက ဒီလောက်ပါပဲ။

ဦးယဉ်ကျော်(မှုခင်းသတင်းဂျာနယ်)

ကျွန်တော်တို့ အခုတလော မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးစီးပြီးတော့ Crime Free တွေလုပ်ပါတယ်။ အဲဒီ Crime Free လုပ်တာနဲ့ ပတ်သက်လို့ အောင်မြင်မှုရှိပါသလား၊ ထူးခြားမှုရှိပါသလား၊ နောက်ထပ် ဘယ်လို အစီအစဉ်များ ရှိပါသေးသလဲ။ တစ်ချက်သိချင်ပါတယ်။

နှစ်ချက်က ကျွန်တော့အထင်နဲ့ ပြောရရင် ခုတလော မှုခင်းအကြီးကြီးတွေ ပိုများလာသလိုပဲ။ လူသတ်မှုတို့၊ အဓမ္မမှုတို့၊ ဖောက်ထွင်းမှုတို့၊ အဲဒီအမှုတွေနဲ့ ပတ်သက်လို့ အခုလက်ရှိအခြေအနေနဲ့ နောက် ရှေ့ဆက်မယ့်လုပ်ငန်းစဉ် အစီအစဉ်များရှိရင်၊ သိခွင့်ရှိရင် သိပါရစေ။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ကျွန်တော်တို့ Crime Free Week နဲ့ ပတ်သက်ပြီးတော့ ရဲတပ်ဖွဲ့ရဲ့ အဓိကရည်မှန်းချက်တာဝန်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ ပြည်သူ့ဘဝ လုံခြုံရေး စီမံချက်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ဖို့အတွက် ဒါကို Pilot Project သဘောမျိုး စတဲ့ စီမံချက်ဖြစ်ပါတယ်။ အဲဒီတော့ Crime Free Week ကို ဆောင်ရွက်တဲ့အခါမှာ ဒေသတစ်ခုရဲ့ ဖြစ်ပေါ်နေတဲ့ Crime အခြေအနေကို သုံးနှစ်စာလောက်သုံးသပ်ပါတယ်။ အဲဒီသုံးသပ်ချက်အပေါ် မူတည်ပြီးတော့ အဖြစ်အများဆုံးနေရာဒေသတစ်ခုကို ရွေးပါတယ်။ ရွေးပြီးတော့ အဲဒီဒေသမှာ လတစ်လရဲ့ ရက်သတ္တတစ်ပတ်ကို Crime Free Weekပေါ့။ ရာဇဝတ်မှုကင်းစင်တဲ့ ရက်သတ္တပတ်အဖြစ် ဆောင်ရွက်မယ်လို့ ကျွန်တော် ဒီလို ဆောင်ရွက်ထားပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ရာဇဝတ်မှုမဖြစ်အောင် ကြိုတင်ကာကွယ်တဲ့ ထိရောက်ကြိုကာ လုပ်ငန်းတွေနဲ့ လုပ်တဲ့အခါမှာ ထိရောက်နှိမ်နင်းရေးအတွက် တားဆီးနှိမ်နင်းရေးပေါ့။ ဒီအချက်နှစ်ခု၊ ဒီကဏ္ဍနှစ်ရပ်ကို ဟန်ချက်ညီညီ ကျွန်တော်တို့ ဆောင်ရွက်တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ရက်သတ္တပတ် Crime Free ဖြစ်အောင် ဆောင်ရွက်နိုင်ရင် ဒါ ပြည်သူတွေကလဲ လက်ခံလာမယ်။ ပြည်သူကလဲ ကူညီလာမယ်။ Awareness လဲ ဖြစ်လာမယ်ဆိုရင် ရပ်ကွက်နှစ်ခု၊ ရပ်ကွက်သုံးခု၊ မြို့တစ်မြို့၊ တိုင်းတစ်တိုင်း စသည်ဖြင့် ဒီလိုနဲ့ တစ်စတစ်စနဲ့ ကျွန်တော်တို့ နိုင်ငံတော် အကြီးအကဲလမ်းညွှန်သလို ကျွန်တော်တို့နိုင်ငံတစ်ခုလုံးဟာ တံခါးဖွင့်ပြီး အိပ်နိုင်တဲ့အထိ၊ အဲဒီလောက်အထိ ကျွန်တော်တို့ ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက်လဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အောင်မြင်ဖို့ကလဲ အများကြီးရှိပါတယ်။ မှတ်မှတ်ရရ ကျွန်တော် သိသလောက် 2005 November လောက်က စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒီ နိုဝင်ဘာလအတွင်းမှာ ကျွန်တော်တို့ လူသတ်မှုတွေ၊ နိုဝင်ဘာလ ၆ ရက်နေ့က ကျွန်တော် မှတ်မိသလောက် သဃ်န်းကျွန်းမှာ ဒေါ်နန်းခမ်းမူတစ်ကြိမ် အသတ်ခံရတယ်။ ဒါက Crime Free Week ကာလအတွင်းဖြစ်တဲ့ အတွက်ကြောင့် ဖြစ်တဲ့မှုခင်းတွေကို အိမ်တိုင်ရာရောက် ရဲတပ်ဖွဲ့တွေက ပြည်သူကို အသိပေးတဲ့စနစ်၊ သတင်းပေး ၁၉၉ ကိုဖြတ်ပြီး ဆောင်ရွက်တဲ့စနစ်ကြောင့် ဒီလူသတ်မှုဟာ သုံးရက်အတွင်း ပေါ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ လေးငါးဆယ်ရက်ခြားပြီးတော့ နိုဝင်ဘာလ ၂၂ ရက်နေ့လို့ အောက်မေ့ပါတယ်။ အဲဒီမှာ တစ်ခါထပ်ပြီးတော့ သုံးလောင်းပြိုင်သတ်မှုဖြစ်ပါတယ်။ ဒါလဲ နှစ်ရက်လောက်အတွင်းမှာ ပေါ်ပါတယ်။ အလားတူပဲ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ အဲဒီလအတွင်းမှာ ဖြစ်တဲ့ နှစ်လောင်းပြိုင်၊ သုံးလောင်းပြိုင်၊ တစ်လောင်းပြိုင် လူသတ်မှုများဟာ နာရီဝက်၊ ၂၄ နာရီ၊ အများဆုံးက အကြာဆုံးက ခုနစ်ရက်အတွင်းမှာ ပေါ်ပါတယ်။ ဒီလို လူသတ်မှုတွေ ပေါ်သလိုပဲ ရာချီတဲ့ ဖောက်ထွင်းမှုတွေ ရန်ကုန်မှာ ပေါ်ပါတယ်။ အလားတူ တိုင်းကြီး ခြောက်တိုင်းမှာလဲ အခုလို Crime Free Week တွေ ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် ရာချီတဲ့ ခိုးမှုတွေ၊ သိန်းသန်းချီတဲ့ မူးယစ်ဆေးဝါးဖမ်းဆီး ရရှိမှုတွေဟာ အများအပြားရှိပါတယ်။ အဲဒီတော့ကျွန်တော့် အနေနဲ့ Crime Free Week ဟာ အောင်မြင်တဲ့ စီမံချက်တစ်ခု ဖြစ်တယ်လို့ တင်ပြလိုပါတယ်။

နောက်တစ်ချက်က ခုနစ်ရက်အတွင်း Crimeတွေ တက်လာသလားဆိုတော့ ကျွန်တော်တို့ကတော့ ရတဲ့ Figure တွေနဲ့ နှိုင်းယှဉ်တာပေါ့။ ရတဲ့ Figure တွေကျတော့ မတက်ပါဘူးခင်ဗျာ။ ဥပမာ ရန်ကုန်ဆိုရင် ရန်ကုန်ပေါ့လေ။ နေပြည်တော်ကို ပြောင်းပါတယ်ဆိုတဲ့အချိန်မှာ ဒီမှာ Crime တွေများတက်လာမလားဆိုပြီးတော့ ထင်ကြတယ်။ ကျွန်တော်တို့ကလဲ ကိန်းဂဏန်းတွေကို တွက်ကြည့်ပါတယ်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကနေပြီးတော့ ပြောင်းသွားတဲ့ မတ်လ ၁၅ ရက်နေ့အထိ ဒီကာလရယ်၊ ကျွန်တော်တို့ ဟိုမှာလုပ်နေတဲ့ကာလရယ် နှိုင်းယှဉ်တဲ့အခါကျတော့ ဒီလူသတ်မှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှုစတဲ့ အမှုကြီး ၁၀မျိုးမှာ ဒီမှာ ၃၇မှု ဖြစ်တယ်။ ကျွန်တော်တို့ ပြောင်းသွားတဲ့အခါမှာ ၃၈ မှုဖြစ်တယ်။ သဘောကတော့ မတက်ပါဘူး၊ အတူတူလောက်ပါပဲ။ နောက် ခိုးမှု၊ ဖောက်ထွင်းမှုမှာ ယခင် အမှု ၁၂၀ လောက်ရှိတယ်။ အခု ၁၁၄ မှုလောက်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ILO နဲ့ မြန်မာနိုင်ငံ ပူးပေါင်းလျက်ရှိ နောက်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိ

စာမျက်နှာ ၁၂ မှ

ရှိတယ်။ ခြောက်မူလောက် လျှော့တယ်။ ကိန်းဂဏန်းအရ နှိုင်းယှဉ်မယ်ဆိုရင်တော့ တစ်နေရာတည်းမှာဖြစ်စဉ် စိပ်ရင်စိပ်မယ်။ သို့သော်လဲ ကြိတ်နှုန်းနဲ့ နှိုင်းယှဉ်လိုက်မယ် ဆိုရင်တော့ မတက်ဘူးလို့ပဲ ဖြေကြားလိုပါတယ်။

ဦးမျိုးအောင်

(ကြီးပွားရေးလမ်းညွှန်ဂျာနယ်)

ကျွန်တော် ကိုအောင်ချိုဦး(ခေါ်) ယူနွတ်ကို မေးချင်ပါတယ်။ ပြည်သစ်ညွှန့်ဝေနဲ့ NDD သိန်းဝင်းတို့က ကြိုးကိုင်ပြီး ပြည်တွင်းက ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေကို ဘယ်လိုလုပ်ဆောင်ခဲ့တယ်ဆိုတာကို ခင်ဗျားအနေနဲ့ သိသလောက် ပြောပြပေးပါ။

အောင်ချိုဦး(ခေါ်)ယူနွတ်

ပြည်သစ်ညွှန့်ဝေ (ခေါ်) မောင်မောင် ကိုသိန်းဝင်း အိမ်လာတာကို ကျွန်တော်မြင်ပါတယ်။ ပြီးတော့ သူတို့အပေါ်ထပ်မှာ စကားတွေပြောတာ ကျွန်တော်သိပါတယ်။ အဓိကက ဒီ KNUက မန်းငြိမ်းမောင် ကိုသိန်းဝင်းနဲ့ လာတွေ့ပါတယ်။ လာတွေ့တော့ သူတို့အထုပ်တစ်ထုပ်ကို သိန်းဝင်းကို ပေးသွားတာ ကျွန်တော်မြင်ရပါတယ်။ ဒီအထုပ်က ဘာလဲဆိုတာတော့ ကျွန်တော်မသိခဲ့ရပါဘူး။ နောက်မှ သိခဲ့တာကတော့ လက်နက်တွေပဲလို့ ကျွန်တော်သိခဲ့ရတာပါ။ ဒီဖောက်ခွဲမှုကို ပြည်သစ်ညွှန့်ဝေ(ခေါ်)မောင်မောင်လုပ်နေတာ သူက ကိုသိန်းဝင်းကို တစ်ဆင့် ထောက်ပံ့တာပေါ့။ ကိုသိန်းဝင်းကို တစ်ဆင့် သူကခိုင်းတာပေါ့။ ခိုင်းတော့ ကိုသိန်းဝင်းက တစ်ဆင့် ဒီပြည်တွင်းထဲမှာရှိတဲ့ တင်မိုးတို့၊ အောင်မင်းတို့ကို စေလွှတ်ပြီးတော့ ဖောက်ခွဲရေးပစ္စည်းတွေနဲ့ ခိုင်းတာဖြစ်ပါတယ်။ ဒီ Centre ဖုံးကွဲတဲ့အချိန်မှာ ကိုသိန်းဝင်းတို့ ပြည်သစ်ညွှန့်ဝေ(ခေါ်)မောင်မောင်တို့ လုပ်တယ်ဆိုတာ သိခဲ့ရပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီ Centreတွေ ဖုန်းနံပါတ်ကို ကျွန်တော်ပေးခဲ့တယ်။ ပေးခဲ့ပြီးတော့ ဒီ Centreတွေ ကျွန်တော်ပေးခဲ့တဲ့ Centreတွေထဲက နှစ်ခုက ကွဲသွားတယ်။ ကွဲသွားတယ်ဆိုတော့ ဒါကို ဘယ်သူ သိလဲ။ ကိုသိန်းဝင်းပဲ သိတယ်။ ဒါကြောင့် ကျွန်တော်က သူပဲလုပ်တာလို့။ ဒီလိုမျိုးသူလုပ်လိမ့်မယ်လို့ ကျွန်တော်မသိဘူး။ ကျွန်တော်က ဆန္ဒပြပွဲ၊ ဆူပူမှုပဲ သူကလုပ်နေကျမို့လို့ ဒီလိုပဲလုပ်မယ်ဆိုပြီး ကျွန်တော်က ပေးလိုက်တာ။ သူ့ကို တစ်ဆင့် ထပ်ခိုင်းတာကတော့ ပြည်သစ်ညွှန့်ဝေ (ခေါ်)မောင်မောင်ပါ။

ဦးဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)

လစာတွေတိုးမြှင့်တာနဲ့ပတ်သက်လို့ ကုန်ဈေးနှုန်းကလဲ တက်လာတာ အခု တွေ့ရပါတယ်။ မနေ့ကလဲ ကျွန်တော်တို့ ရန်ကုန်မြို့တော်ဝန်ရဲ့ ကုန်ဈေးနှုန်း ကျဆင်းရေးကော်မတီ အစည်းအဝေးတက်ရပါတယ်။ အဲဒီမှာတော့ ဆန်ကုန်သည်ကြီးတွေ၊ ဆီကုန်သည်ကြီးတွေကို မေတ္တာရပ်ခံသွားတာတွေကို ကြားရပါတယ်။ ဒါနဲ့ တစ်ပြိုင်နက်တည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကုန်ဈေးနှုန်းများ တည်ငြိမ်အောင် နိုင်ငံတော်က ဘယ်လို အစီအစဉ်များ ချမှတ်ထားပါသလဲဆိုတာ ကျွန်တော်တို့ သိပါရစေခင်ဗျာ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး

ဗိုလ်မှူးချုပ်ကျော်ဆန်း

အခုလို ဝန်ထမ်းတွေကို လစာတိုးမြှင့်ပေးတယ်ဆိုတာဟာ ပြင်ပမှာ ဖြစ်ပေါ်နေတဲ့ ဈေးနှုန်းတွေနဲ့ ဝန်ထမ်းတွေ ဝန်ထမ်းလစာ မတိုးမြှင့်ခင်က ရထားတဲ့လစာဟာ ကွာခြားနေတဲ့အတွက် ဝန်ထမ်းတွေရဲ့ စားဝတ်နေရေး အထိုက်အလျောက် အဆင်ပြေအောင်ဆိုပြီးတော့ နိုင်ငံတော်က ဝန်ထမ်းတွေရဲ့လစာကို တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလို တိုးမြှင့်ပေးခဲ့တဲ့နေရာမှာလဲ နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုငွေမဖြစ်အောင် စနစ်တကျ သုံးသပ်တွက်ချက်ပြီးမှ နိုင်ငံတော်က ဘတ်ဂျက်လိုငွေမဖြစ်အောင် ပေးနိုင်တဲ့ဘောင်အတွင်းရယ်၊ နောက်တစ်ခါ ပြင်ပမှာပေါက်နေတဲ့ ဈေးနှုန်းနဲ့ ဝန်ထမ်းလစာတတ်နိုင်သမျှ မျှတအဆင်ပြေအောင်ရယ် သုံးသပ်ပြီးကာမှ ပေးခဲ့တာဖြစ်ပါတယ်။ အဓိက ဒီလိုပေးခဲ့တဲ့နေရာမှာတော့ စောစောက မြန်မာနိုင်ငံဘဏ်ဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားသွားသလိုပဲ ကျွန်တော်တို့က ပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်လောက်က စပြီးတော့ နိုင်ငံတော်က ရသင့် ရထိုက်တဲ့ အခွန်အကောက်တွေကို စနစ်တကျ ထိထိရောက်ရောက် ကြပ်မတ်ကောက်ခံခဲ့ပါတယ်။ အဲဒီလို စနစ်တကျ ထိထိရောက်ရောက် ကောက်ခံခဲ့တဲ့အတွက် အခွန်အကောက်တွေကလဲပဲ ထိထိရောက်ရောက် ရရှိခဲ့ပါတယ်။ အဲဒီ အခွန်အကောက်ကရတဲ့ငွေရယ်၊ နိုင်ငံတော် စီမံကိန်းတွေက ရလာတဲ့ အသီးအပွင့်ရယ်နဲ့ အခုလို ဝန်ထမ်းများရဲ့ လစာကို တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ စောစောက ဦးဟိန်းလတ် ဆွေးနွေးသလို ဝန်ထမ်းတွေရဲ့လစာ တိုးမြှင့်ပေးမှုအပေါ် ခုတုံးလုပ်ပြီးတော့ ကုန်ဈေးနှုန်းတွေ တိုးမြှင့်ရောင်းချတယ်ဆိုတာကတော့ သဘာဝမကျပါဘူး။ တကယ့်တကယ် သုံးသပ်တွက်ချက်ကြည့်ရင်လည်း ဆိုင်လည်း မဆိုင်ပါပါဘူး။ ဘာကြောင့်လဲ ဆိုလို့ရှိရင် ဝန်ထမ်းတွေဟာ လစာတိုးမြှင့်ပေးပေမယ့်ဧပြီလကုန်မှ သူတို့လစာကို ခံစားကြရမှာဖြစ်ပါတယ်၊ အခု မရသေးပါဘူး။ ဒါ့အပြင်လဲပဲ ဒီပစ္စည်းတွေဆိုတာဟာ၊ အခုရောင်းချနေတဲ့ပစ္စည်းတွေဆိုတာဟာ ကျွန်တော်တို့ လစာ တိုးမြှင့်မပေးခင်ကတည်းက သူ့ဟာသူ ထုတ်လုပ်ခဲ့ပြီးသား ပစ္စည်းတွေဖြစ်ပါတယ်။ အဲဒီထုတ်လုပ်ပြီးသား ပစ္စည်းတွေအပေါ်မှာ ထုတ်လုပ်မှုကုန်ကျစရိတ်ရယ်၊ သင့်တင့်တဲ့အမြတ်ရယ် တင်ပြီးတော့ ရောင်းချခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလို သင့်တင့်တဲ့ အမြတ်တင်ပြီး ရောင်းချနေပြီးသားအပေါ်မှာ ဝန်ထမ်းတွေအတွက် လစာတိုးလို့ဆိုပြီး ထပ်မံအမြတ်တွေ တင်ပြီး ရောင်းချမယ်ဆိုရင်တော့ ဒါဟာ ဘယ်လိုမှ သဘာဝလဲမကျဘူး။ ဆိုင်လဲ မဆိုင်ပါဘူး။ အဲဒီလို တိုးမြှင့်ပြီးတော့၊ ဈေးနှုန်းတွေ တိုးပြီးတော့ ရောင်းကြမယ်၊ ဈေးနှုန်းတွေ မြှင့်ပြီးတော့ အဲဒီလို ရောင်းကြမယ်ဆိုရင်တော့ ဒါဟာ ဝိသမလောဘသမားများမှာ တာဝန်ရှိမှာ ဖြစ်ပါတယ်။ အဲဒီ ဝိသမလောဘသမားများဟာမိမိကြံမှာကို မိမိဖန်တီးသလိုလဲ ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ စောစောက မေးတဲ့အထဲမှာ လက်ရှိကုန်ဈေးနှုန်းတွေလဲ တက်နေတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကုန်ဈေးနှုန်းမတက်အောင် ဘယ်လို အစီအမံများရှိသလဲဆိုတာနဲ့ ပတ်သက်လို့ကတော့ နိုင်ငံတော် အစိုးရအနေနဲ့ အခုမှ မဟုတ်ပါဘူး။ အရင်တုန်းကလဲပဲ ဒါ ကုန်ဈေးနှုန်းတွေမတက်အောင် စနစ်တကျ ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။ အခုလဲပဲ ကုန်ဈေးနှုန်းတွေကို ထိန်းသိမ်းနိုင်အောင် အဓိကအားဖြင့် နည်းဗျူဟာ လေးခုလောက်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ နံပါတ်(၁) ကတော့ ကျွန်တော်တို့ ကုန်ထုတ်လုပ်မှုတွေကို တိုးမြှင့်ထုတ်လုပ် ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ခြိုးခြံချွေတာပြီးတော့ နိုင်ငံတော်ရဲ့ အသုံးဘတ်ဂျက် Deficit မဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နံပါတ်(၃)ကတော့ ကုန်ဈေးနှုန်းနဲ့ပတ်သက်ပြီးတော့ အုပ်ချုပ်မှုနည်းလမ်းနဲ့လဲ သုံးသပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ နံပါတ်(၄)ကတော့ ကုန်ဈေးနှုန်းတွေကို တည်ငြိမ်အောင် စည်းရုံးရေးနည်းနဲ့လဲပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ ကနေ့ နိုင်ငံတော်တစ်ဝန်း ကုန်ဈေးနှုန်းတွေ တည်ငြိမ်အောင်၊ မတက်အောင် နိုင်ငံတော်က စီမံဆောင်ရွက်နေတဲ့ ဆောင်ရွက်မှုများပဲဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့တစ်ခုကို ဖြည့်စွက်ပြောကြားချင်တာက ကျွန်တော်တို့ရဲ့ ဝန်ထမ်းများရော၊ ပြည်သူတစ်ရပ်လုံးကပါ ဒီကိစ္စမှာ ပူးပေါင်းဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ဒါ အင်မတန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဝန်ထမ်းများ ပြည်သူတစ်ရပ်လုံး အနေနဲ့ကလဲပဲ ကုန်ဈေးနှုန်းတွေကို မတက်အောင် ဆောင်ရွက်သင့်တဲ့ အချက်တွေရှိပါတယ်။ နံပါတ်(၁)ကတော့ မိမိတို့အိမ်ထောင်တိုင်း အိမ်ထောင်တိုင်း၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းက လူတစ်ဦးချင်းတိုင်းက ငွေကြေးပစ္စည်းကို ခြိုးခြံချွေတာသုံးစွဲဖို့ဖြစ်ပါတယ်။ အဲဒီလို ခြိုးခြံချွေတာ သုံးစွဲကြမယ်ဆိုရင် တစ်ဖက်က ကုန်ဈေးနှုန်း မတက်အောင် ထိန်းသိမ်းပြီးသား ဖြစ်သလို မိမိတို့မိသားစုအတွက်လဲပဲ စုမိဆောင်းမိမှာ ဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ကျွန်တော်တို့ မိသားစုတိုင်းက အိမ်နောက်ဖေးဈေးဆိုင်တည်ဆိုတဲ့အတိုင်း မိမိတို့ ကိုယ်တိုင်ဟင်းသီးဟင်းရွက် သစ်သီးဝလံကို စိုက်ပျိုးထုတ်လုပ် စားသုံးသင့်ပါတယ်။ မိမိတို့ကိုယ်တိုင် မွေးမြူနိုင်တာကို မွေးမြူပြီးတော့ စားသုံးသင့်ပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းအားဖြင့် သီးနှံဈေးနှုန်း၊ သားငါးဈေးနှုန်းကို မတက်အောင် ထိန်းနိုင်သလို မိမိတို့မိသားစုအတွက်လဲ တစ်ဖက်တစ်လမ်းက အပိုဝင်ငွေမကုန်အောင် စုဆောင်းမိမှာပဲဖြစ်ပါတယ်။ နံပါတ်(၃)ကတော့ ကနေ့ ဝန်ထမ်းတွေကို လစာတိုးပေးလိုက်တဲ့အပေါ်မှာ ကောလာဟလတွေ အများကြီး ထုတ်လွှင့်ပါတယ်။ ဒီကောလာဟလတွေကို မယုံကြည်ဖို့လိုအပ်ပါတယ်။ ပြီးရင် ဟိုပစ္စည်းတွေတော့ ဈေးနှုန်းတွေတော့ တက်ကုန်တော့မှာပဲ၊ ဒီပစ္စည်းတွေကတော့ ဈေးနှုန်းတွေက တက်ကုန်တော့မှာပဲလို့ အစိုးရိမ်မကြီးဖို့ လိုအပ်ပါတယ်၊ ထုတ် လွှင့်လိုက်တဲ့ ကောလာဟလကို ယုံ၊ အစိုးရိမ်ကြီးပြီးတော့ ကုန်ပစ္စည်းတွေကို လိုတာထက် ပိုပြီးတော့ ပြည်သူတွေက ဝယ်ယူသိုလှောင်ကြမယ်ဆိုရင် ဝိသမလောဘသမားတွေရဲ့ အကြိုက်ဖြစ်သွားမှာပါပဲ၊ဝိသမလောဘသမားတွေရဲ့လုပ်ရပ်ကို အားပေးရာရောက်သွားမှာပါပဲ၊ ဒါအင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကောလာဟလတွေကို မယုံဖို့၊ အစိုးရိမ်မကြီးဖို့ လိုအပ်ပါတယ်၊ အစိုးရိမ်မကြီးဖို့ဆိုတဲ့ နေရာမှာလဲပဲ အစိုးရိမ်ကြီးစရာ မလိုတဲ့ အနေအထားကို ကျွန်တော် ရှင်းပြလိုပါတယ်။ ကနေ့အခါမှာ နိုင်ငံတော်အနေနဲ့ နှစ်စဉ် စပါးတင်းသန်း ၁၀၀၀ ကျော်လောက် ထုတ်လုပ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာရှိနေတဲ့ လူဦးရေ ၅၄ သန်းအတွက် တစ်နှစ်စာ စပါးဟာ တင်းသန်း ၆၀၀ လောက်ပဲ လိုအပ်ပါတယ်၊ ဒါကြောင့်မို့လို့ ဒါကို ကြည့်ရင် Demand ထက် Supply က အများကြီး ပိုနေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ပြည်သူများအနေနဲ့ ဝိသမလောဘသမားများက ထုတ်လွှင့်လိုက်တဲ့ ကုန်ဈေးနှုန်းနဲ့ပတ်သက်တဲ့ကောလာဟလတွေမယုံပါနဲ့၊ အစိုးရိမ်မကြီးပါနဲ့၊ အဲဒီလို ကောလာဟလကို မယုံဘဲ၊ အစိုးရိမ်မကြီးဘဲနဲ့ စဉ်းစား သုံးသပ်ပြီးမှ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကုန်ဈေးနှုန်းတက်လာစရာ မရှိပါဘူး၊ ဒါကြောင့် ကုန်ဈေးနှုန်းနဲ့ပတ်သက်လို့ တင်ပြလိုတာက နိုင်ငံတော်အပိုင်းကလဲ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကုန်ဈေးနှုန်းကို ထိန်းနိုင်အောင်နဲ့ မတက်အောင် စောစောက ပြောခဲ့တဲ့ အစီမံတွေနဲ့ ဆောင်ရွက်နေပါတယ်၊ ပြည်သူတွေကလဲ စောစောက ကျွန်တော် မေတ္တာရပ်ခံခဲ့တဲ့အတိုင်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ အဲဒီလိုသာ နိုင်ငံတော်အစိုးရနဲ့ပြည်သူ တက်ညီလက်ညီ ဆောင်ရွက်ကြမယ်ဆိုရင် ကုန်ဈေးနှုန်း တက်စရာအကြောင်းမရှိပါဘူးလို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဦးငြိမ်းသူ(မှုခင်းရှုထောင့်ဂျာနယ်)

ရဲတပ်ဖွဲ့နဲ့ပတ်သက်လို့ ကျွန်တော် မေးလိုပါတယ်။ တစ်အချက်ကတော့ အင်တာနက်နဲ့ ပြင်ပမီဒီယာတွေက စွပ်စွဲဖော်ပြချက်အရ ရဲတပ်ဖွဲ့ဝင် အချို့ဟာ ပြည်သူလူထုကို နှိပ်စက်ညှဉ်းပန်းအနိုင်ကျင့်မှုတွေ များပြားနေတယ်လို့ ပြည်သူရဲ့ ရင်တွင်းမှာ ယုန်ထင်ကြောင်ထင် သံသယဝင်နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ရဲတပ်ဖွဲ့ရဲ့အခြေအနေ သိလိုပါတယ်။ ဒုတိယအချက်ကတော့ ပြည်သူတွေကို နှိပ်စက်နေတဲ့ ရဲတပ်ဖွဲ့ဝင်အချို့ကို စိစစ်တွေ့ရှိရင် တုံ့ပြန်အရေးယူမှု ရှိပါသလား၊ ရှိရင် ဘယ်အတိုင်းအတာအထိ အရေးယူပါသလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

အင်တာနက်ဝက်ဘ်ဆိုက်ကနေပြီးတော့ ကျွန်တော်တို့တပ်ဖွဲ့တွေအပေါ် မှာ စွပ်စွဲချက်တွေနဲ့ပတ်သက်ပြီးတော့ ဒီမေးခွန်းကြောင့် ကျွန်တော် ဖြစ်ရပ်မှန် ရှင်းပြခွင့်ရတဲ့အတွက်လဲ မေးတဲ့ ပုဂ္ဂိုလ်ကို ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ဒီမေးခွန်းဟာ ကျွန်တော်တို့တပ်ဖွဲ့ရဲ့ လုပ်ဆောင်ချက်၊ ရပ်တည်ချက်တွေနဲ့ ကောလာဟလ ထုတ်လွှင့်ချက်တွေနဲ့ ဆက်စပ်တာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ နည်းနည်းလေးအချိန်ယူပြီး ရှင်းပြလိုပါတယ်။ နံပါတ်(၁)ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန် လေးရပ်ချမှတ်ပြီးတော့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ Long Term Plan ပေါ့၊ နှစ်ရှည်ဖြစ်ရမယ့်၊ အနာဂတ်မှာဖြစ်ရမယ့် အစီအမံတွေ ချပြီးတော့ ဆောင်ရွက်နေသလို၊ အဲဒီ အနာဂတ် ရည်မှန်းချက်တာဝန်တွေ ပြည့်မီဖို့အတွက် နှစ်အလိုက် ကျွန်တော်တို့ နှစ်တိုရည်မှန်းချက်တွေနဲ့ ချပြီးတော့ ဆောင်ရွက်ပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့ ၂၀၀၄ ခုနှစ်ကို အသွင်သဏ္ဌာန်ပြောင်းလဲရေးနှစ်၊ မြင်တွေ့နေရတဲ့ Appearance ပေါ့၊ ပုံအသွင်အပြင်တွေ ပြောင်းလဲအောင် ကျွန်တော်တို့ တွန်းအားပေးပြီး ဆောင်ရွက်တယ်။ ၂၀၀၅ ခုနှစ်ကို ကျွန်တော်တို့ ရဲတပ်ဖွဲ့ရဲ့ အနှစ်သာရပြောင်းလဲစေတဲ့နှစ်၊ Essence တွေပြောင်းရမယ်။ ဒါ ကျွန်တော်တို့ အသွင်သစ်နဲ့ ဆက်ဆံရေးဆိုပြီးတော့ ကျွန်တော်တို့ မူတွေချပြီးတော့ ဆောင်ရွက်တယ်။ အခု ၂၀၀၆ ခုနှစ် အခါကျတော့ အခုနအသွင်သဏ္ဌာန်နဲ့ အနှစ်သာရပြောင်းလဲရေးမှာစည်းကမ်းထိန်းသိမ်းရေးက အဓိကကျတဲ့အတွက်ကြောင့် ဒါကို ရဲစည်းကမ်း ထိန်းသိမ်းရေးနှစ်ဆိုပြီးတော့ ကျွန်တော်တို့ လုပ်နေတဲ့ဟာတွေပါ။ အဲဒီလို ဆောင်ရွက်ချက်တွေကလဲ ပြည်သူပါမှ ဖြစ်မှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူရဲ့ ပူးပေါင်းပါဝင်မှု၊ ပြည်သူရဲ့ ယုံကြည်မှုကို အလေးအနက်ထားပြီးတော့ ကျွန်တော်စောစောက တင်ပြခဲ့တဲ့အတိုင်း အသွင်သစ်နဲ့ ဆက်ဆံရေးဆိုတဲ့မူကို မဏ္ဍိုင်ချပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လေ့လာသိရှိသလောက်ပေါ့လေ၊ ကိန်းဂဏန်းအရ ပြောရမယ်ဆိုရင် ပြည်သူနဲ့ ကျွန်တော်တို့နဲ့ ပိုပြီးတော့ နီးစပ်လာတယ်။ ပိုပြီးတော့ အကူအညီပေးလာတယ်။ ပိုပြီးတော့လဲ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တာဝန်တွေ ဆောင်ရွက်နိုင်တယ်လို့ ကျွန်တော် အဲဒီလိုပဲ ရိုးရိုးသားသား ယုံကြည်ခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ဒီကာလအတွင်းမှာ အခုန ရည်မှန်းချက် တာဝန်ထမ်းဆောင်တဲ့အခါမှာ Cri-me Suppression ပေါ့။ ဒီမှုခင်းနှိမ်နင်းရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် စောစောက ပြောခဲ့သလို ဒီအမှုကြီးတွေကို အချိန်တိုအတွင်း ကျွန်တော်တို့ ဖော်ထုတ်နိုင်တယ်။ အလားတူပဲ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် တာဝန်တစ်ရပ်ဖြစ်တဲ့ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးနဲ့ ပတ်သက်လို့ ကမ္ဘာကနေ အသိအမှတ်ပြုရတဲ့အထိ ကျွန်တော်တို့ ဆောင်ရွက် နိုင်ခဲ့တာတွေ ရှိပါတယ်။ အလားတူပဲ တိုင်းပြည်အပေါ် ကျရောက်လာမယ့် အန္တရာယ်တွေကို ကာကွယ်တဲ့အနေနဲ့ NDD သိန်းဝင်းတို့အဖွဲ့ စိမ့်ဝင်ထိုးဖောက်မှုတွေကို ဖော်ထုတ်ခဲ့တာတွေ၊ NLD (LA) ရဲ့ အဆက်အစပ်တွေ ဖော်ထုတ်ခဲ့တာ ဒါကျွန်တော်တို့တပ်ဖွဲ့တွေ ဖော်ထုတ်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်ကတော့ ဒီအောင်မြင်မှုတွေဟာ ပြည်သူတွေ ထောက်ခံလို့၊ ပြည်သူတွေရဲ့ သတင်းပေးမှုကြောင့် ဖြစ်ခဲ့တယ်လို့ ရိုးသားစွာ ယုံကြည်နေတယ်ဆိုတဲ့အချိန်မှာ အင်တာနက်ဝက်ဘ်ဆိုက်တွေမှာကျွန်တော်တို့က ပြည်သူတွေကို နှိပ်စက်ကလူပြုနေလို့ ပြည်သူတွေက မထောက်ခံဘူးဆိုရင် ဒါအဓိပ္ပာယ်တစ်မျိုးဖြစ်နေတဲ့ သဘောမျိုးဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ ကျွန်တော်ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါမှာ အမှန်ကို အမှားဖြစ်စေတဲ့ သတင်းမီဒီယာအချို့ရဲ့ ထုတ်လွှင့်ချက်ကြောင့်လို့ ကျွန်တော် ဒီလိုပဲထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအင်တာနက် ဝက်ဘ်ဆိုက်က ဒီသတင်းတွေ ထွက်တိုင်း ထွက်တိုင်း ကျွန်တော်တို့ အကုန်ဖတ်ရပါတယ်။ ဒီအထဲမှာ ထင်ရှားတာတစ်ခုကို ကျွန်တော် ဥပမာပြရမယ်ဆိုရင် အားလုံးလဲသိနေကြတဲ့ ကိုသက်နိုင်ဦးတို့ ကိစ္စပဲ။ ကိုသက်နိုင်ဦးရဲ့ ဖြစ်စဉ်ဟာ ဒါရိုးရိုးလေးပါ။ ကိုသက်နိုင်ဦးဟာ အားလုံးသိကြတဲ့အတိုင်းပဲ ကြည့်မြင်တိုင်သားဖြစ်တယ်။ ဒီမှာမွေးတယ်၊ ဒီမှာကြီးတယ်၊ ဒီမှာပဲ ကျောင်းပညာရေးသင်ယူခဲ့တယ်၊ ဒီမှာပဲ ဘွဲ့ရခဲ့တယ်။ အဲဒီတော့ သူနဲ့ သူ့သူငယ်ချင်းဖြစ်တဲ့ ကိုဝင်းမြင့်ပေါ့၊ အဲဒီ ကိုဝင်းမြင့်က မတ်လ ၁၇ ရက်နေ့မှာ သူ့အိမ်မှာ ညနေ ၄ နာရီလောက်မှာ အရက်သောက်တယ်။ သောက်တော့ သူနဲ့ ရင်းနှီးတဲ့ အခုန ကိုသက်နိုင်ဦးက သူနဲ့အတူတူလာပြီး အရက်သောက်တယ်။ သောက်တော့ ဒီလူငယ်နှစ်ယောက် အရက်သောက်တာဟာ မြန်မာဝီစကီအရက်ပုလင်းအပြားလေး တစ်ပြားခွဲသောက်တယ်လို့ သိရတယ်။ ဒီတစ်ပြားဟာ ရှစ်ပက်သာသာရှိပါတယ်။ တစ်ပြားခွဲဆိုတော့ ၁၂ ပက်လောက်ရှိပါတယ်။ အကြမ်းဖျင်း အချိုးချကြည့်ရင် လူတစ်ယောက်ကို ခြောက်ပက်လောက် အရက်သောက်တဲ့ သဘောဖြစ်ပါတယ်။ ဒါဟာ နည်းနည်းလေးများတဲ့ပမာဏ၊ မူးသွားနိုင်တဲ့ပမာဏ။ အဲဒီလို အရက်သောက်တယ်။ သောက်တော့ ဒီကလေး နှစ်ယောက်က အပြင်ကို ထွက်တယ်။ ကြက်ဥဝယ်စားတယ်။ ညကိုးနာရီလောက်မှာ အခုနပြောတဲ့ စဉ့်အိုးတန်းလမ်းမှာရှိတဲ့ စည်ပင်သာယာရုံးရှေ့မှာသွားပြီးတော့ အပေါ့စွန့်တယ်။ အဲဒီမှာရှိတဲ့ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးက တားတယ်။ အဲဒီတော့ ကတောက်ကဆဖြစ်တယ်။ သက်နိုင်ဦးက ခဲနဲ့ပေါက်တယ်။ ပေါက်ပြီးတော့ မကျေမနပ်နဲ့ အိမ်ကိုပြန်သွားတယ်။ လမ်းမှာ သူထပ်ပြီးတော့ အရက်တစ်ပက် ထပ်သောက်တယ်။ ခုနစ်ပက်လောက် ဖြစ်သွားတယ်။ အိမ်ရောက်တဲ့အခါမှာ သူက တင်ကူးကြံရွယ်ချက်နဲ့ ၁၈ လက်မလောက်ရှိတဲ့ ဓားကို ယူလာတယ်။ ယူလာပြီးတော့ အခုနကိစ္စကို သူမကျေနပ်ဘူး။ အဲဒီတော့ သူနဲ့အတူတူ အရက်သောက်တဲ့ ကိုဝင်းမြင့်ဆိုတဲ့ကလေးကတားတယ်။ နောက်ထပ် ကလေးတစ်ယောက်ပါသေးတယ်။ သူကလဲ တားပါတယ်။ သို့သော်လဲ သူက သွေးကလဲ ကြွနေတယ်။ အရက်ကလဲ သောက်ထားတယ်။ ဓားကလဲပါတယ်ဆိုတဲ့အခါကျတော့ သွားပြီးတော့ ဓားကြိမ်းကြိမ်းတယ်။ ကြိမ်းတဲ့အခါမှာ လမ်းမှာ ကင်းလှည့်နေတဲ့ မီးသတ်တပ်ဖွဲ့ဝင် နှစ်ယောက်နဲ့ တွေ့တဲ့အခါမှာ ကတောက်ကဆ ဖြစ်ကြတယ်ပေါ့။ အဲဒီမှာ သူပါတဲ့ ဓားနဲ့ခုတ်လိုက်တဲ့အတွက်ကြောင့် ဒီမီးသတ်တပ်ဖွဲ့ရဲ့ တပ်စုမှူးလေးနဲ့ တပ်စုတပ်ကြပ်ကြီးဟာ လက်မောင်းမှာ၊ ညာဘက် လက်ဖျံမှာ ပြတ်ရှဒဏ်ရာရပါတယ်။ အဲဒီတော့ သူက ထွက်ပြေးတယ်။ နောက်က လိုက်တယ်။ လိုက်တဲ့အခါမှာ

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှ

သူက လမ်းမှာတွေ့တဲ့ ဆိုက်ကားတစ်စီးကို ယူပြီးတော့၊ နင်းပြီးတော့ ပြေးတယ်။ အဲဒီအခါမှာ နောက်က လိုက်တဲ့လူအုပ်ကြီးက ဆိုက်ကားနင်းတဲ့ အနေးယာဉ် လုပ်သားလေးပေါ့၊ ဆိုက်ကားဆရာလေး ဇေလုဝဆိုတဲ့ ကလေးက တုတ်နဲ့ လှမ်းပစ်လိုက်တဲ့အခါမှာ အဲဒီတုတ်က ဆိုက်ကားဘီးက စပုတ်တံကို ထိပြီးတော့၊ ကလန့်ပြီးတော့ ဆိုက်ကားက မှောက်သွားတယ်။ မှောက်တော့ ကိုသက်နိုင်ဦးက ဆက်ပြီးတော့ ပြေးတယ်။ လက်ထဲမှာ ဓားပါတယ်။ နောက်က လူအုပ်ကြီးကလဲ သူခိုး သူခိုးဆိုပြီးတော့ လိုက်လာတယ်။ သူကလဲ ဓားနဲ့ ယမ်းပြီးတော့ မလိုက်နဲ့လို့ ပြောတယ်။ အဲဒီအခါမှာ အုပ်စုနှစ်စုဆိုင်မိတဲ့အခါမှာ သူက ဓားနဲ့ ယမ်းတယ်။ တစ်ဖက်က လူအုပ်က ခဲနဲ့ပစ်တယ်။ အဲဒီမှာ လူအုပ်စုထဲက တစ်ယောက်ကနေ သူ့ကိုဝင်ပြီးတော့ တုတ်နဲ့ ရိုက်တယ်။ အဲဒီတော့ သူ့ခေါင်းကွဲသွားတယ်။ အဲဒီတော့မှ ရဲတပ်ဖွဲ့က ရောက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကလေးကို ရဲတပ်ဖွဲ့ကနေပြီးတော့ ဆေးရုံတင်ပေးတယ်။ ဆေးရုံမှာ နောက်တစ်နေ့ မတ်လ ၁၈ ရက်နေ့မှာ ဒီကလေးက ရတဲ့ဒဏ်ရာနဲ့ ဆေးရုံမှာဆုံးသွားတယ်။ သူ့ရဲ့ ရင်ခွဲစစ်ဆေးချက်တွေအရ သူရတဲ့ ဒဏ်ရာ၊ သူ့ထဲမှာရှိတဲ့ အရက်ပါဝင်မှုနှုန်း၊ မှုခင်းဆရာဝန်ကြီး ထွက်ချက်အရ စာစာကအချက်တွေက အကုန်ပါ ပါတယ်။ ဖြစ်စဉ်က အဲဒီလိုပါ။ ဒါပေမယ့် ဒီဖြစ်စဉ် ဖြစ်ပြီးတဲ့အခါမှာ အင်တာနက်မှာ ထွက်လာတဲ့အခါကျတော့ ကျွန်တော် တော်တော်အံ့ဩသွားတယ်။ ဘာတွေပါလာလဲဆိုတော့ ထောင်က ထွက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတစ်ယောက်ကို ရဲနဲ့မီးသတ်တပ်ဖွဲ့ဝင်များက မတော်မတရား ဝိုင်းဝန်းရိုက်နှက် သေဆုံးဆိုတဲ့ ဟာကြီး အင်တာနက်မှာတောက်လျှောက်ထွက်လာတယ်။ အခု ကျွန်တော်ပြောတဲ့ဥစ္စာက ရဲ Report မဟုတ်ပါဘူး။ တရားရုံးမှာ နှစ်ဖက်တရားလို၊ တရားခံ ထွက်ချက်တွေကို ကျွန်တော် စုစည်း ဖော်ပြတာဖြစ်ပါတယ်။ ဒါအမှန်တရား ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့တွေက ဘယ်လိုနည်းနဲ့မှ ပါဝင်ပတ်သက်မှုမရှိဘူး။ ဒီကလေးမှာ အရက်သေစာ သောက်စားမှုးယစ်တယ်။ ဓားနဲ့ခုတ်မိတယ်။ လူငယ်အချင်းချင်း ရန်ဖြစ်ကြတယ်။ မခံနိုင်တဲ့ ပုဂ္ဂိုလ်က တုတ်နဲ့ရိုက်တယ်။ ရိုက်တဲ့ပုဂ္ဂိုလ် သံချောင်းဆိုတဲ့ ဆိုက်ကားနင်းတဲ့ကလေး၊ ဇေလုဝဆိုတဲ့ ကလေး၊ နောက်တစ်ယောက်က ကျားလေးပေါ့၊ ကျားလေးဆိုတဲ့ ကလေး၊ ဒီကလေးတွေကလဲ တရားရုံးရှေ့မှာ သူတို့လုပ်ပါတယ်လို့ Confession ပေးပြီးသားဖြစ်ပါတယ်။ ဒီကလေးကို အသုဘချတဲ့အခါကျတော့ ထိန်ပင်သုသာန်မှာပေါ့နော်၊ သူ့ကို လူငယ် အဖွဲ့အစည်းတွေက တစ်မိနစ်ငြိမ်ပြီးတော့ အလေးပြုတဲ့ အခမ်းအနား လုပ်တယ်။ နောက်ကျတော့ ဒီကလေးရဲ့ ခေတ်ပုံကို ရှေ့ကနေကိုင်ပြီးတော့ စီတန်းလှည့်လည်လမ်းလျှောက်ပြီးတော့ အလောင်းရှိတဲ့ နေရာကနေ မီးသင်္ဂြိုဟ်တဲ့နေရာကို သယ်တာတွေ လုပ်တယ်။ ဒီကလေးကို မီးသင်္ဂြိုဟ်ဖို့ လုပ်နေတယ်ဆိုတဲ့အချိန်မှာ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေက BBC၊ VOA၊ RFAနဲ့ တိုက်ရိုက် ဖုန်းပြောတယ်။ ဟိုက ဘာတွေ မေးသလဲဆိုတော့ ဒီမှာ အသုဘအခမ်းအနားမှာ ဖြစ်နေတဲ့ ကိုသက်နိုင်ဦးရဲ့ ကိစ္စနဲ့ ပတ်သက်လို့ သိပါရစေဆိုတော့ ဒီဘက်က ပုဂ္ဂိုလ်တွေက ဒါဟာ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေက မတရားရိုက်နှက်ပြီးတော့ အာဏာပိုင် အဖွဲ့အစည်းတွေကနေ မတရားနှိပ်စက်ညှဉ်းပန်းလို့ သေဆုံးရပါတယ်ဆိုတဲ့ဥစ္စာကို ဒါတွေအကြောင်းကြားတယ်။ နောက်သူ့ရဲ့ ရက်လည် အခမ်းအနားမှာလဲ သူနဲ့ပတ်သက်ပြီးတော့ ကုန်ကျစရိတ်တွေများနိုင်တယ်။ အဲဒီတော့ မဲဆောက်မှာရှိတဲ့ AAPP ပေါ့၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၊ အဲဒီအသင်းကနေပြီးတော့ ကိုဘိုကြည်ဆိုတဲ့ ပုဂ္ဂိုလ်ကနေ ငွေ ၁၀သိန်း ပို့ပေးလိုက်ပါဆိုပြီးတော့ ဒီဘက် ၈၈ မျိုးဆက်သစ်ကျောင်းသားတွေကနေပြီးတော့ "ဗ"ဆိုတဲ့ စကားဝှက်နဲ့ တယ်လီဖုန်းဆက်ပြီးတော့ တိုက်ရိုက်ပြောတယ်။ ဒါပြည်တွင်းပြည်ပ ချိတ်ဆက်ပြီးတော့ ဆူပူအောင် လုပ်တဲ့ သဘောပါ။

နောက်တစ်ချက်က ဒီလိုဖြစ်ရင် ဘယ်လိုအရေးယူမလဲဆိုတဲ့သဘောမျိုး ဖြစ်ပါတယ်။ အဲဒါမေးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီရဲတပ်ဖွဲ့ဝင်တွေဆိုတာ ကျွန်တော်တို့ တပ်မတော်သားတွေလို တကယ့်ကို စည်းနဲ့ကမ်းနဲ့နေရတဲ့အဖွဲ့ဖြစ်ပါတယ်။ နယ်ဘက်ဥပဒေတွေကို လိုက်နာရသလိုပဲ ကျွန်တော်တို့မှာ ကျင့်ဝတ်တွေရှိပါတယ်။ ရဲကျင့်ဝတ်ဆိုရင် အပါး(၇၀)ရှိပါတယ်။ အကြီးအကဲထံမှာ လိုက်နာရတဲ့ ကျင့်ဝတ်ရှိတယ်။ အောက်လက်ငယ်သားအပေါ်မှာ လိုက်နာရတဲ့ ကျင့်ဝတ်ရှိတယ်။ ပြည်သူပေါ်မှာ ဆက်ဆံရတဲ့ ကျင့်ဝတ်ရှိတယ်။ အဲဒီတော့ ကိစ္စတစ်ခုဖြစ်ပြီဆိုရင်၊ ဖြစ်စဉ်တစ်ခု ဖြစ်ပြီဆိုရင် ရဲတပ်ဖွဲ့ဝင်တွေက ဥပမာ လူငယ်အချင်းချင်း ခိုက်ရန်ဒေါသဖြစ်ပွားတယ်ဆိုရင်တောင်မှ သူ့ဟာသူ အရိုက်ခံရခံရ၊ သူကပဲ လွန်လွန်၊ သူကခံရတယ်ဆိုရင်တောင်မှ သူသည် နယ်ဘက်ဥပဒေအရ အရေးယူခံရတဲ့အပြင် ရဲဘက်စည်းကမ်းထိန်းသိမ်းရေးဥပဒေကျတဲ့အခါကျတော့ ပုဒ်မ (၂၂)ရှိတယ်။ စနစ်တကျရှိခြင်းနှင့် ရဲစည်းကမ်းထိန်းသိမ်းခြင်းကို လိုက်နာရန် ပျက်ကွက်မှု Admin Action နဲ့ အရေးအယူခံရတဲ့သဘောရှိတယ်။ သူသည် စည်းကမ်းနှစ်ခုကို လိုက်နာရတဲ့အတွက်ကြောင့် ဘယ်လိုနည်းကိုမှ ခွင့်လွှတ်တဲ့သဘောမရှိပါဘူး။ အတိုင်းအတာပေါ် မူတည်ပြီးတော့ သတိပေးမှတ်တမ်းတင်တဲ့အဆင့်ကနေ ပြီးတော့ ထုတ်ပစ်ခြင်း၊ထုတ်ပစ်ထောင်ကျခြင်း၊ ဒါပြစ်မှုပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားတာဖြစ်ပါတယ်။တစ်ဆက်တည်း ကျွန်တော် တင်ပြလိုတာကတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ရဲတပ်ဖွဲ့ကြီးကို အသွင်သဏ္ဌာန်ရော အနှစ်သာရရော ပြောင်းအောင် ကျွန်တော် စာစာကတင်ပြခဲ့သလို **"ကိုလိုနီစနစ်ကိုဖျောက်တိုင်းပြည်နဲ့ လူမျိုးကိုစောင့်ရှောက်"** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ကျွန်တော်တို့ တိုးတက်အောင် လုပ်မယ်ဆိုတဲ့အချိန်မှာ အဖျက်သမား ဆိုတာကတော့ ညီနေတာ၊ ရင်ကြားစေ့တာ အားလုံး ပျက်အောင်လုပ်တဲ့ သဘော၊ အဲဒီလို ပျက်အောင်လုပ်လိုက်တဲ့ဟာတွေက ပြည်သူတွေထဲမှာ စိမ့်ဝင်ပျံ့နှံ့သွားရင် ကျွန်တော်တို့အတွက် အားတွေလျော့ရပါတယ်။ ဒါကြောင့်ကနေ့ ကျွန်တော်တို့ ဖြစ်ရပ်မှန်ကို ရှင်းပြခွင့်ရတဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လဲ သတင်းစာဆရာကြီးများ၊ ဂျာနယ်ဆရာကြီးများ ဒီဖြစ်ရပ်မှန်တွေကို ကျွန်တော်တို့ကိုယ်စား တစ်ဆင့်ပြောကြားပေးပါလို့ ပန်ကြားလိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး

ဗိုလ်မှူးချုပ်ကျော်ဆန်း

ပြောလက်စနဲ့ ကျွန်တော့်ကို နည်းနည်းလေးပြောခွင့်ပေးပါဦး၊ ဘာပြောချင်လဲဆိုတော့ ရဲချုပ်က ရှင်းပြတဲ့အခါမှာ ကျွန်တော့်စိတ်ထဲမှာ ပြောချင်စိတ်ပေါက်လာတယ်။ ဘာကို ပြောချင်သလဲဆိုတော့ စာစာက ကိုသက်နိုင်ဦးကိစ္စနဲ့ ဆက်စပ်ပါတယ်။ အသုဘတစ်ခုကို သွားပြီးတော့ ပို့ကြတဲ့အခါမှာ ခင်ဗျားတို့ဖြစ်စဉ်တွေ ကြားလိုက်မှာပေါ့။ လူငယ်တစ်ယောက်က ဒီအရင်တုန်းက ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့ဖူးတဲ့ ကနေ့တော့ လူကြီးပေါ့လေ။ ကနေ့တော့ လူကြီးဆိုတာ အသက်ကြီးသွားပြီပေါ့လေ။ အဲဒီပုဂ္ဂိုလ်ကို ဝင်ထိုးပါတယ်။ ဒါက အားလုံးသိပြီးသားပါ။ သို့သော် အဲလိုဝင်ထိုးတာကို အင်တာနက်မှာရော BBC၊ VOA မှာရော ဒီအထိုးခံရတဲ့ပုဂ္ဂိုလ်နဲ့ အဖွဲ့တွေကရော ဘယ်လိုပြောလဲ၊ အဲဒီတုန်းက ခေါင်းဆောင်တွေ လုပ်ခဲ့တဲ့ ကျောင်းသားအဖွဲ့တွေကို သတ်ဖြတ်တိုက်ခိုက်မယ့် အဖွဲ့ရှိနေပြီ၊ တို့ကျောင်းသားတွေ သတိထားကြတော့၊ ဒီလို တစ်ခုပြောပါတယ်၊ ပြီးတဲ့အခါကျတော့ အခုလို ဆောင်ရွက်နေတာဟာ ငါတို့ရဲ့ ဆောင်ရွက်နေတဲ့ နိုင်ငံရေးလုပ်ငန်းတွေကို ထိခိုက်အောင် အကြောင်းရှာ ဖန်တီးပြီးတော့ အရေးယူနိုင်အောင် ဆောင်ရွက်နေတာဖြစ်တယ်၊ ဒါကြောင့် ဒီလိုလုပ်တဲ့အပေါ်မှာ သည်းခံကြ၊ မတုံ့ပြန်နဲ့၊ တကယ့်နိုင်ငံရေးစိတ်ဓာတ်ရှိရှိနဲ့ ဆောင်ရွက်ကြ၊ အဲဒီလိုတွေ ပြောပါတယ်၊ ဒါနဲ့ တကယ့်အဖြစ်မှန်ကို လေ့လာကြည့်တော့ တကယ့်အဖြစ်မှန်က အဲဒီ ဝင်ထိုးတဲ့ကလေးက စိတ်မနံ့ဘူး၊ တကယ့်အမှန်၊ အဲဒီ ဝင်ထိုးတဲ့ ကလေးဟာ NLD အဖွဲ့ဝင်၊ ဗဟန်းမြို့နယ်က အဲဒီ အသုဘ အခမ်းအနားကို ခေါ်သွားတာကလဲ ဗဟန်းမြို့နယ် NLD ဥက္ကဋ္ဌက ခေါ်သွားတာ၊ အဲဒီ ကလေးဟာ စိတ်မနံ့တဲ့အတွက် သူ့အိမ်ထောင်ပြုထားတာ Divorce ဖြစ်တယ်၊ ကျောင်းမှာလဲ Second Year ကိုရောက်တဲ့အခါမှာ စိတ်မနံ့လို့ကျတဲ့အတွက် ဘွဲ့မရဘူး၊ အဲဒီ စိတ်မနံ့တဲ့ကလေးကို မင်းဘာကြောင့်ထိုးတာလဲလို့ မေးကြည့်လိုက်တဲ့အခါကျတော့ သူတဲ့ အဲဒီ ပုဂ္ဂိုလ်ကို ကြည့်ရင်းကြည့်ရင်းနဲ့ သူ့ကို Sex နဲ့ ပတ်သက်ပြီးတော့ Abuse လုပ်တဲ့ ပုဂ္ဂိုလ်လို့ ထင်လာလို့ သူသွားထိုးလိုက်တယ်၊ ဒါအဖြေမှန်ပဲ၊ ဘယ်လုပ်ကြံဖန်တီးတဲ့အဖွဲ့ကမှ စီစဉ်ပြီးတော့ လုပ်ကြံဖန်တီးတာလဲ မဟုတ်ဘူး သဘောကိုပြောတာပါ၊ တကယ်အဖြစ်မှန်က အဲဒီလို၊ သို့သော် ဖန်တီးလိုက်တဲ့အခါကျတော့ ပြောင်းပြန်။ BBC၊ VOA၊ အင်တာနက်က အဲဒီအတိုင်းအော်တယ်။ ဒါတကယ့်ဖြစ်ရပ်မှန်။ ဒါတွေကို သတင်းစာဆရာကြီးများ ကျွန်တော့်ထက် ပိုသိပါတယ်။ ဒါကြောင့် ကနေ့အခါမှာတော့ ပြည်တွင်းပြည်ပ အဖျက်အမှောင့် သမားတွေက အကွက်ကလေး၊ အခွင့်အရေးကလေးတစ်ခုမရလိုက်နဲ့၊ရလိုက်ရင်တော့ ဘက်ပေါင်းစုံကနေ နည်းမျိုးစုံနဲ့ ထိုးနှက်ပါလိမ့်မယ်။ ပြောပါလိမ့်မယ်။ ကောလာဟလတွေ ဖြန့်ပါလိမ့်မယ်။ အဲဒီ လောက်ပါပဲ။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဝန်ကြီး ပြောတုန်းမှာ ကျွန်တော်လဲ သတိရလို့ပါ။ စွပ်စွဲချက်တွေထဲမှာ ခုနက အင်တာနက်မှာ ထောင်ကထွက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတစ်ဦးကို ရဲတပ်ဖွဲ့ဝင်နဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေက ဝင်ရောက်ထိုးကြိတ်တယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်လို့ပါ။ နိုင်ငံရေးအကျဉ်းသားဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော် လူပုဂ္ဂိုလ်အရ ပြောတာမဟုတ်ပါဘူး။ စွပ်စွဲချက်တွေကို ပြန်ပြီးချေပတဲ့ သဘောပါ။ အဲတော့ ကိုသက်နိုင်ဦးဆိုတဲ့ ကလေးက ၈၈ခုနှစ် အရေးအခင်းဖြစ်တဲ့အခါကျတော့ သူက တစ်ဖက်နိုင်ငံကိုထွက်ပြေးပါတယ်။ ပြီးတော့ KNU နဲ့ ဆက်သွယ်ပါတယ်။ မင်းသမီးစခန်းနဲ့ ဘုရားသုံးဆူလမ်းကြားကတစ်ဆင့် KNU ထဲကို ရောက်သွားပါတယ်။ ရောက်ပြီးတော့ သူသည် အမျိုးသားဒီမိုကရေစီအင်အားစုနဲ့ ညီညွတ်ရေးတပ်ပေါင်းစု (ဒညတ) သံမဏိဗိုလ်ခင်မောင်တို့ ဦးစီးတဲ့အဖွဲ့၊ ဒါဘာအဖွဲ့လဲဆိုတာ လူတိုင်းသိပါတယ်။အဲဒီအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဖြစ်ပြီးတော့ ဒညတကနေဖွင့်တဲ့ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းအမှတ်စဉ်(၁)ကို တက်ခဲ့တဲ့ သင်တန်းဆင်းတပ်ဖွဲ့ဝင်တစ်ယောက် ဖြစ်ပါတယ်။ နောက် သူဟာ အဲဒီ သင်တန်းက ဆင်းလာပြီးနောက် ပိုင်းမှာ ဇန်ကောက်သံရုံး ဖောက်ခွဲမှုဖျက်ဆီးရေး လုပ်ငန်းတွေမှာ သူဟာ အနီးကပ် အကြံဉာဏ်တွေပေးခဲ့တယ်။ နောက် ၉၁ ခုနှစ်မှာ ဇန်ကောက်မှာ သူ အလင်းဝင်တယ်။ မြန်မာနိုင်ငံကို ပြန်လာတယ်။ ပြန်လာတဲ့အခါမှာ တစ်ဖက်နိုင်ငံမှာရှိတဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ကြေးတွေကို ယူပြီးတော့ ဒီမှာ အဖျက်အမှောင့် လုပ်ငန်းတွေလုပ်ခဲ့တယ်။ အဲဒီအတွက် သူ့ကိုအချိန်မီ တားဆီးနိုင်ဖို့အတွက် ၅(ည)ရယ်၊ ၁၇(၁)ရယ်အရ ထောင်၁၀ နှစ် ချရခြင်းဖြစ်ပါတယ်။ အဲဒီကမှ ထောင်ကလွတ်လာတဲ့သူ ဖြစ်ပါတယ်။ အဲဒီတော့ အင်တာနက်မှာပြောနေသလို တစ်မိနစ်ငြိမ်ပြီး အလေးပြုရတဲ့ နိုင်ငံရေးသမားလား၊ ဖောက်ခွဲဖျက်ဆီးရေးတက်ခဲ့တဲ့ သင်တန်းသားလား။ ဒါဖြစ်ရပ်မှန်ကို ကျွန်တော် ရှင်းပြတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကြားထဲမှာ စွပ်စွဲတာတွေကတော့ အများကြီးပေါ့။ ဒိုက်ဦးကိစ္စ၊ မန္တလေးကိစ္စ ဒါတွေအားလုံးဟာ ဖြစ်ရပ်မှန်နဲ့ လုံးဝကို ဆန့်ကျင်ဘက် လွဲနေတာဖြစ်ပါတယ်လို့ အသေးစိတ် တင်ပြရခြင်းဖြစ်ပါတယ်။ **(သတင်းစဉ်)**

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာနေ
[ဦးအုန်းကျော်(လ/ထမြို့နယ်ပညာရေးမှူး၊ ငြိမ်း)]-ဒေါ်လှသင်(ခရိုင်ဦးစီးအရာရှိ ပြန်/ဆက်၊ ငြိမ်း)
တို့၏သား

ဒေါက်တာကျော်သီဟ (B.D.S, M.D.Sc)

သွားဘက်ဆိုင်ရာဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

နှင့်

ပျဉ်းမနားမြို့ ရန်အောင်(၂)ဆေးရုံလမ်းနေ
(ဗိုလ်ကြီးစိုးဝင်း-ငြိမ်း)- ဒေါ်ကျင်ထွေး တို့၏သမီး

ဒေါက်တာသီတာထွေးဝင်း [M.A, Ph.D (Japan)]

ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

တို့၏ ၉-၄-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် တိပိဋကကျောင်းတိုက်၌ကျင်းပပြုလုပ်သော မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်သီဟ-ဒေါက်တာသီတာထွေးဝင်း။

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၈၄ နေ
(ဦးအေးစော) (စက်ရုံမှူး၊ ငြိမ်း၊ လျှော်ရွေးလျှော်ထုတ်စက်ရုံ၊ ပြည်)-ဒေါ်ခင်အေးကြည်
(အလုပ်ရုံခွဲမှူး၊ ငြိမ်း၊ လျှော်ရွေးလျှော်ထုတ်စက်ရုံ၊ ပြည်)
တို့၏သား

ဗိုလ်ကြီးအောင်ခန့် B.Sc (D.S.A)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၉၃လမ်း၊ အမှတ် ၁၂၃ နေ
ဦးဟန်မြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)-ဒေါ်ရှယ်လီထွန်းမြတ်
(ဦးစီးအရာရှိ၊ ငြိမ်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)
တို့၏သမီး

မသင်းဝတ်ရည်

B.Sc (Hons), M.Sc (Engineering Physics)
Diploma in Accounting LCCI

တို့အား ၄-၄-၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး ဦးခင်မောင်ကြီး၊ ၅-၄-၂၀၀၆ရက်တွင် ပြည်မြို့နေအိမ်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်ဇနီး ဒေါ်နိုင်နိုင်မော်၊ ၉-၄-၂၀၀၆ရက်တွင် I.B.C မင်္ဂလာခန်းမတွင် ကျင်းပသော မင်္ဂလာဆည်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ခင်သန်းမြင့်၊ မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ခန့်-မသင်းဝတ်ရည်။

ဖလားဝါးနယူးစ်ဂျာနယ် သကြၤန်အထူးထုတ် အတွဲ(၂)၊ အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဧပြီ ၉

ဖလားဝါးနယူးစ်ဂျာနယ် သင်္ကြန်အထူးထုတ် အတွဲ(၂)၊ အမှတ်(၁၅)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မဟာသင်္ကြန်ရက်များအတွင်း ရေပေးဝေချိန်သတ်မှတ်၊ အကြီးစားပြင်ဆင်ခွင့်ရရှိသော တိုက်ခန်းများ သတ်မှတ်ရက်၃၀အတွင်း ပြင်ဆင်ခြင်းမရှိပါက အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်မည်၊ သင်္ကြန်အထူးသတင်း၊ အထူးဆောင်းပါးများ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

လက်ကိုင်ဖုန်းများအတွက် ဒီဂျစ်တယ်ရပ်သံ ဂျပန်နိုင်ငံက အခမဲ့လွှင့်ပြီ၊ ဗြဟ္မပုတ္တရမြစ်ရေလယ်ကျွန်း ရေမြုပ်မည့်အန္တရာယ်ရှိနေ၊ အမေရိကန်ကိုလူပေါ်ဘွဲ့ မိုက်ကယ်ဂျက်ဆင် လေးနှစ်ဆက်တိုက်ဆွတ်ခူး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈၈က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

ရွှေမြန်မာ မဟာသင်္ကြန်အထူးထုတ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၉

၂၀၀၆ခုနှစ် ရွှေမြန်မာ မဟာသင်္ကြန်အထူးထုတ် ဂျာနယ်တစ်စောင်လျှင် ကျပ်၂၅၀ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဂျာနယ်တွင် ကမ္ဘာတစ်လွှား ထူးထူးခြားခြား၊ တို့ပြည်တွင်းမှာသိစရာ၊ နိုင်ငံတကာစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နည်းပညာ၊ အနုပညာသတင်းများ စုံစုံလင်လင်၊ သင့်အတွက်ထူးခြားတဲ့ ဒီနှစ်ဧပြီလ ခရီးသွားအစီအစဉ်၊ မိသားစုနဲ့ အပန်းဖြေဖို့ မြတ်သန္တာသဘော်ကြီး စီးသွားကြစို့၊ အဆင့်မြင့် Galaxy Restaurant ၊ ဂျပန်မှာ အလုပ်လုပ်ဖို့ အခွင့်အလမ်းကောင်းတစ်ခု၊ တင်မိုးလွင်ရဲ့ ဧပရယ်အထူးအစီအစဉ်၊ နွေရာသီထူးခြားတဲ့ ကလေးတရားပွဲများနှင့် MIEC၊ အိမ်အရောက်ဆေးကုသမှု၊ HMလုပ်ငန်း၏ ခြေလှမ်းသစ်၊ ကမ္ဘာနှင့်တိုက်မိနိုင်သော ဥက္ကာခဲကြီး၊ ဆန်ကာတင်မယ်၁၈ဦး၊ အကျဉ်းစံအချစ်သမား၊ အာရှ၏အချမ်းသာဆုံးသူများ စသည့်သတင်းဆောင်းပါးများ ဖော်ပြပါရှိသည်။

ထို့အပြင် မောင်စေတနာ၏ သင်္ကြန်တစ်နှစ် လေ့ကားတစ်ထစ်၊ သာရဝေါစိုးကြည်၏ ပိတောက်ပန်းလှိုင်တဲ့ သင်္ကြန်ပွဲ၊ ဖိုးပြည့်(ပုပ္ပား)၏ ပျော်လည်းပျော် မော်လည်းမော် စည်းကမ်းလည်းထား ရေကစား၊ ဂမ္ဘီရဆရာလှမျိုး၏ တန်ခူးချိန်ခါထူး၊ ဒီနှစ်အတာနဲ့ဆုပန်ထွာ၊ မြောက်ဦးခရီးသည်၊ ဒဿကဆယ်ပါး ဘာဝနာပွား၊ HMS ဒေါက်တာရဲမြင့်၏ ဒီနှစ်သင်္ကြန်မှာ ရောဂါကင်းကွာ ပျော်ရွှင်နိုင်ကြစေဖို့ စသည့် မဟာသင်္ကြန်အထူးဆောင်းပါးများနှင့် ဆွေသစ်၏ ဘဲငါးရာတောင်ပေါ်က ရတနာသိုက် အခန်းဆက်ဝတ္ထုရှည်လည်းပါဝင်ပြီး ရွှေမြန်မာကို အပတ်စဉ် တနင်္လာနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

မိုင်းဖြတ်မြို့ နှင်းဆီလမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၅၂ သိန်းကျော်ဖြင့် အကုန်အကျခံဆောင်ရွက်

မိုင်းဖြတ် မတ် ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ နှင်းဆီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထိမ်းအမှတ်အလံများပေးအပ်ပြီး လမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ပေရှိပြီး တိုင်းဒေသတိုင်းစစ်ဌာနချုပ်မှ ငွေကျပ် ၂၈သိန်း တန်ဖိုးရှိ ကတ္တရာခုနစ်တန်နှင့် အခြားပံ့ပိုးငွေကျပ် ၁၂၃၄၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၂၆၄၀၀၀ စုစုပေါင်း ငွေကျပ် ၅၂၉၈၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပြည်ကြီးမဏ္ဍိုင်မြို့၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ပြည်ကြီးမဏ္ဍိုင် ဧပြီ ၅

တနင်္သာရီတိုင်း ပြည်ကြီးမဏ္ဍိုင်မြို့၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉နာရီက တပ်နယ်ရှေ့ကွင်းပြင်တွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်က အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဇင်ဦးက စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ပျိုးကိုင်းများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်က တာဝန်ရှိသူများကို ပေးအပ်ရာ တက်ရောက်လာကြသူများက ကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့စုစုပေါင်း ၇၅၆၀၀ကို စိုက်ပျိုးကြသည်။

အဆိုပါအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းနှင့် ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းပျိုးထောင်စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတောင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မြို့ပတ်ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးအောင်နိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

တာချီလိတ် ပုန်းညက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

တာချီလိတ် ဧပြီ ၂

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဆန်ဆိုင်း(ခ)ရပ်ကွက် ပုန်းညက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပသည်။

ထို့နောက် လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိ ဦးမြင့်လွင်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းလုံတို့ထံ ပေးအပ်သည်။

အကုန်အကျခံ ဆောင်ရွက်

ယင်းနောက် ကတ္တရာလမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး နှင့် အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါလမ်းသည် အရှည် ပေ ၉၄၀၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၄၃၂၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁၁-၄-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အသင့်စား ခေါက်ဆွဲခြောက် ထုတ်လုပ်မှုအကြောင်း)

၁၁း၃၀ မြန်မာ့မူဟန်ဓာတ်မာန် ဟောပြောချက် (ဓာတ်မာန်စာပေ) (ကို-တက္ကသိုလ်)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ထာဝရလှပလိုလျှင်-မမမြူ)

၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ကြွေရက်ကယ်စော)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာနှစ်သစ်ကူးပွဲတော်-ခိုင်ခိုင်)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျဲကျဲလှမ်း သွက်သွက်လျှောက်-ဒေါက်တာရဲနိုင်)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (နှစ်ဦးနှင့် အချစ်ဦး)

၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (နှလုံးကျန်းမာ လူချမ်းသာ)

၁၉း၃၀ မေတ္တာလက်ဆောင်ရ သင်္ကြန်တေးစီးရီး(စပယ်မင်း တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင် ပေးပို့သည့် အိပ်မက်သင်္ကြန် တေးစီးရီး)

၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (မာန-ပုံပြင်)

ကျောက်ဆည်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းဖွင့်လှစ်

ကျောက်ဆည် ဧပြီ ၇

ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းအမှတ်စဉ် (၈/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီက သံရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းမေနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယဉ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အသင်းအတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင် နှင့်အမှုဆောင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ သံရွာဇုန်နယ်မြေရှိ ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၁၂၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ဖြစ်ကြောင်းသိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးဆွေးနွေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးရှင်းလင်း

မန္တလေး ဧပြီ ၆

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၏ ညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌများ၊ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက ဌာနအလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြရာ ခရိုင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(၃၁၃)**

သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် အောင်မြင်းမိုရ်လမ်း ကျောက်စီခြင်းနှင့်ကတ္တရာခင်းခြင်း ဆောင်ရွက်မှုကို ဧပြီ ၃ ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုး၊ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ မတ် ၂၁ ရက်က ဟိုနား-မန့်မိုင်ရွာကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန Quotation ခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဓာတ်ခွဲခန်းဌာနစုတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား ယှဉ်တွဲပါ အရေအတွက်အတိုင်း နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်–

(က) X-ray Diffractometer (X.R.D) Complete Set 2 Sets
(ခ) Carbon- Sulphur Analyser Complete Set 1 set
(ဂ) Gravity Separation Equipment (Laboratory Equipment.) 8 Items
(ဃ) Magnetic and High Tension Separation Equipment 7 Items

၂။ Quotation ပေးသွင်းမှုကို ၂၀-၄-၂၀၀၆ ရက် (၁၆း၀၀)နာရီတွင် ပိတ်ပါမည်။

၃။ Quotation ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဝယ်ယူရေးဌာနစု အမှတ်–၉၀၊ သစ္စာလမ်း၊ ကံ့ဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့၊ ဖုန်း–၅၆၂၃၃၇။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ကိုခ ဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆)
ပဲခူးခရိုင် တရားရုံးတော်၌
၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၃(အမ်)

မန်နေဂျာ ၁။ဦးခင်မောင်ဖိုလ်
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ဒေါ်ထားထား
ပဲခူးမြို့

တရားနိုင် **တရားရှုံး**

ပဲခူးခရိုင်တရားရုံးတော်က ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၀တွင် စရိတ်များအပါအဝင်ငွေ ၃၂၉၁၆၅၈/၀၇ ပြား အတွက် ဒီကရီအတည် ဇာရီပြုရာ စာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုး သက်ဆိုင်ခြင်း ကို ၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၊ ၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိသမျှသာဖြစ်သည်။ မှားယွင်းကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကိုရောင်းချသူ အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချမည့်ပစ္စည်းအတွက်လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သောနေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅) ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံစေရမည်။

၂၀၀၆ခုနှစ် မတ်လ၂၃ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၆) ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၁၈၊ ဦးပိုင် အမှတ်၄၅၈၊ ဧရိယာ (၀ဒသမ၀၅၅) ဧကရှိနှစ် (၃၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်တိုက်အဆောက်အအုံ၊ ပစ္စည်းရောင်းချရန် ခန့်မှန်းကာလ ပေါက်ဈေးတန်ဖိုးမှာ ၆၀၀၀၀၀၀ိ/ (ကျပ်ခြောက်ဆယ်သိန်းတိတိ) ဖြစ်ပါသည်။

ဒေါ်ခင်မြင့်မြင့်
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး
ပဲခူးမြို့။

ကြော်ငြာချက်

မင်္ဂလာဒုံ ဈေးကြီးအတွင်း/ အပြင်ရှိ ဈေးဆိုင်ခန်းရယူ၍ ဈေးတည်ခင်းရောင်းချနေသူများသည် မိမိတို့ပေးရန်ရှိသော ဆိုင်ခန်းငှားရမ်းခ နှစ်ဟောင်းကြွေးများကို (၁၈–၄–၂၀၀၆) ရက်တွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းကြရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်သောဆိုင်များအား လက်ရှိအမည်ပေါက်စာရင်းမှပယ်ဖျက်၍ တပ်မြို့စည်ပင်မှ သိမ်းဆည်းပြီး ဈေးဘိုင်လောနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး
တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊
မင်္ဂလာဒုံ။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံးကိုခဥပဒေအမိန့်–၂၁၊နည်းဥပဒေ–၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၇

ဦးအိတိတ်(ခ)ရပ်အိတိတ် **နှင့်** ၁။ ဦးမောင်မောင်ရွှေ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးကျင်စိန် (၎င်းတို့၏
ဦးထွန်းထွန်းဦး) အခွင့်ရကိုယ်စားလှယ်
အမှတ် ၅၃၊ ဗိုလ်ရွဲလမ်း ဦးအောင်မြင့်) အမှတ်၁၁၃၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ မြေညီထပ်၊ ၃၉ လမ်း၊
ရန်ကုန်မြို့။
၃။ ဒေါ်ပို့ရပ်
အမှတ် ၃၀၆၊
ခမ္မမင်္ဂလာညွန့်လမ်း၊
တောတိုက်ကျေးရွာ၊
ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့။

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၁၁)၏ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ်–၁၉၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၀၆ခုနှစ် မေလ၁၇ရက် နံနက် ၁၀နာရီတွင် လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်မည့်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။

၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းခွင့်ရှိသည်။

၅။ လေလံတင်ရောင်းချမည့်ပစ္စည်းအတွက်လေလံတင်ဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၇။ လေလံဆွဲဝယ်ယူသူများသည် အဖိုးငွေ၏ ၂၅ ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့အားပယ်၍ ၁၅ ရက်မြောက်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံးရုံးဖွင့်သည့်နေ့တွင်ပေးသွင်းရမည်။

၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၉။ ပစ္စည်းတည်ရှိရာနှင့် အသေးစိတ် အချက်အလက်များကို ရန်ကုန်တိုင်းတရားရုံး၊ ဘီးလစ်ထံတွင် စုံစမ်းနိုင်ပါသည်။

၂၀၀၆ ခုနှစ် ဧပြီလ၄ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄အက်ဖ်၊ တတိယတန်း၊ မြေကွက်အမှတ် (၃၀)၊ တောင်ဘက်(၁/၂)ဧရိယာ(၂၅X၄၀)ပေ မြေပိုင်မြေကွက်နှင့် မြေပေါ်ရှိ အမှတ် ၁၁၃၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်တစ်လုံး၊ အမှတ်(၁)တရားရှုံးကိုယ်တိုင် နေထိုင်သည်။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ကြံခင်းဘီလပ်မြေစက်ရုံတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ(သို့) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	1/MR/MCI 2006-2007	1. Rolled Steel Locomotive Steel Tyre(Rough Turn)	20-Nos
		2. Tyre Retaining Ring for Locomotive Steel Tyre	20-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက် – ၂၂-၅-၂၀၀၆ (တနင်္လာနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၄-၂၀၀၆ရက်မှစ၍ (ရုံးပိတ်ရက်၊ သင်္ကြန်ပိတ်ရက်များအပါအဝင်)ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း– ၂၉၁၉၈၂၊ ၂၉၁၉၈၅၊(၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂)။

FAME ဆယ်ပင်အားဆေး Completec®

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ပဲခူးတိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှုအမှတ်–၄

မန်နေဂျာ **နှင့်** ၁။ ဦးမောင်မောင်လေး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ကေသွယ်
ပဲခူးမြို့။

တရားနိုင် **တရားရှုံး**

ပဲခူးတိုင်း၊ တွဲဖက်တိုင်းတရားသူကြီးရုံးတော်၏ ၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်–၃၉တွင် ရရှိခဲ့သည့် ဒီကရီအရ တရားရှုံး ဦးမောင်မောင်လေး၊ ဒေါ်ကေသွယ်ထံမှ ရရန်ဖြစ်သော ငွေကျပ် ၉၄၆၀၂၂၀/၉၇ ကို တရားနိုင်ဖြစ်သူမှ ရယူနိုင်ရန်အတွက် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို၂၀၀၆ခုနှစ် ဧပြီလ၂၈ရက်နေ့ (၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၂ ရက်)နေ့ နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူကငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ရက်ကိုပယ်၍ ၁၅ ရက်မြောက်သောနေ့တွင်တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်သောနေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကိုဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၆ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ဒိုက်ဦးမြို့၊ ဒရယ်မီးရပ်ကွက်၊ ကွင်းအမှတ် (၄၀၉–က)၊ ဒရယ်မီးကွင်း၊ ဦးပိုင်အမှတ် (၆၅)၊ ဧရိယာ (၀ ဒသမ ၄၇)၊ ဧကရှိ လန(၃–ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆန်စက်၊ ရုံးခန်း၊ စတိုခန်းနှင့် ဂိုဒေါင်လေးလုံးတို့ဖြစ်ပါသည်။

ကြမ်းခင်းဈေး ကျပ်သိန်း ၆၂၀ သတ်မှတ်သည်။

ဝင်းတင်
ပဲခူးတိုင်းတရားသူကြီး
ပဲခူးမြို့။

ရန်ကုန်မြို့ ၁၀၁ လမ်း အမှတ်၄၆နေ ဖခင်ကြီး ဦးထွန်းအောင်၊ မိခင်ကြီး ဒေါ်တင်တင်နှင့် အစ်ကို ဦးတင်လှိုင်တို့အားရည်စူး၍ ကျန်ရစ်သူ မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေ ကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေစေတီရံ သုံးဆူအတွက် အလှူတော်ငွေကျပ် သုံးသိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

မင်းလှမြို့ ဝက်လှကြီး–ဝက်လှကလေးကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ်၂၅ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုးချဲ့ မြေကွက်သစ် ဝယ်ယူရန်အတွက် ဧပြီ၅ရက်က ရန်ကုန်မြို့၇မိုင်နေ သီဟသုဓမ္မသိင်္ဂီဒေါ်တင်မြိုင် (ကမ္ဘာအေးစွန်းလွန်းကျောင်းအမကြီး) မိသားစုက အလှူတော်ငွေ အမေရိကန်ဒေါ်လာ တစ်သောင်းကို ရန်ကုန်မြို့ မြေနီကုန်းကျောင်းလမ်း မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတွင် အကျိုးတော်ဆောင် ဆရာတော် အရှင်ဝိနယဓရ(ဝံသမေဒိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးလှမြိုင် (အကျိုးဆောင်အတွင်းရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။(က–ပ)

နိုင်ငံတော်အစိုးရကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေးသုံးဖက်ညှပ်တိုက်နေ ပြည်ပဆရာကြီးများနှင့် လက်ဝေခံအပေါင်းပါများရဲ့ပြည်ပတိုက်ကွက် NLD ° နှင့် အပေါင်းပါတစ်သိုက်ရဲ့ပြည်တွင်းတိုက်ကွက်နှင့် အကြမ်းဖက်သမားများရဲ့မြေအောက်တိုက်ကွက်များဖြစ်

ပြည်တွင်းမှ NLD ° ပါတီဝင်များ၊ ဝါရင့်ပုဂ္ဂိုလ်ဆိုသူများ ပြည်ပရောက် အကြမ်းဖက်သမားပြည်ပြေးများ ဆက်နွှယ်မှုရှိနေ

ရန်ကုန် ဧပြီ ၉

အကြမ်းဖက်အဖျက်သမား (Terrorist) များ တစ်ကိုယ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး နိုင်ငံတော်နှင့်ပြည်သူအပေါ် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆)၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စာမျက်နှာ ၅ ကော်လံ ၁ ✻

ရှင်းလင်း ပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကြမ်းဖက်အဖျက်သမား (Terrorist) များ တစ်ကိုယ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး နိုင်ငံတော်နှင့်ပြည်သူအပေါ် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆) ကျင်းပ

ရန်ကုန် ဧပြီ ၉

အကြမ်းဖက်အဖျက်သမား (Terrorist) များ တစ်ကိုယ်တည်း တစ်ဉာဏ်တည်းပူးပေါင်းပြီး နိုင်ငံတော်နှင့် ပြည်သူအပေါ် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆)ကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် သတင်းထုတ်ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

(သတင်းစဉ်)